# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၂၈ ရက်၊ တနင်္လာနေ့ | အတွဲ (၅၆) ၊ အမှတ် (၁၇၀)


## ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၆)**

# တိုင်းရင်းသားများအချင်းချင်း စားပွဲဝိုင်းဆွေးနွေးမှု အကျိုးရလဒ်ကောင်းများ ကဏ္ဍအသီးသီးမှာရရှိနေပြီဖြစ်

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၄၃)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၉ ရက်)

**ချစ်ခင်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား-**

ဒီနေ့ မတ်လ ၁၉ ရက်နေ့မှာ ကျရောက်တဲ့ (၄၃)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားကို ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒီကနေ့ဟာ မွန်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားတဲ့ ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ မွန်ပြည်နယ်နေ့ဖြစ်ပါတယ်။ မွန်ပြည်နယ်အတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသားများအားလုံး၊ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီး ပြည်ထောင်စုဖွဲ့စည်းပုံမှာ တနင်္သာရီတိုင်းအတွင်း

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# မြန်မာ့ရုပ်ရှင်လောကရဲ့အဆင့်အတန်းမြင့်မားမှုဟာ ဒီနိုင်ငံ၊ ဒီပြည်သူတွေရဲ့ဂုဏ်သိက္ခာကို ဖော်ညွှန်းနေ

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သဝဏ်လွှာပေးပို့**

*စာ - ၄*





၂၀၁၆ ခုနှစ် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရ ထွန်းထွန်း ဆုလက်ခံယူစဉ်

၂၀၁၆ ခုနှစ် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရ သက်မွန်မြင့် ဆုလက်ခံယူစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက စည်သူဦးဗိုလ်ကလေးတင့်အောင်နှင့် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းတို့ ရွှေစင်နတ်သမီးလက်ထဲသို့ ကြယ်စင်အား အပ်နှင်းစိုက်ထူ၍ ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ဖွင့်လှစ်ပေးစဉ်

(သတင်းစဉ်)

# ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ၁၀ ဆု ပေးအပ်ချီးမြှင့်

*စာ - ၄*




မြန်မာ့အလင်း

# ဂုဏ်ပြုကြိုဆိုရမည့် ဂျာမနီနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှု

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ ဆင်းရဲမွဲတေမှု လျှော့ချရေးသည် ကျွဲကူးရေပါ အဓိကရည်မှန်းချက်တစ်ရပ်ဖြစ်ပါသည်။ ဆင်းရဲမွဲတေမှုလျှော့ချနိုင်မှသာ တိုင်းပြည်အတွင်း လူမှုရေးတည်ငြိမ်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုကို ဆင့်၍ဆင့်၍ အရှိန်အဟုန်မြင့်တင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ ဆင်းရဲမွဲတေမှုလျှော့ချရာ၌ ပြည်သူအများစု လက်လှမ်းမီသော မွေးမြူရေးလုပ်ငန်းတို့သည် ထိထိရောက်ရောက်ပံ့ပိုးနိုင်သောလုပ်ငန်းများ ဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းများအနက် ရေသတ္တဝါများ မွေးမြူရေးသည် မြန်မာနိုင်ငံ၏ ရေမြေသဘာဝအခြေအနေနှင့် လိုက်လျောညီထွေရှိသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာ့စီးပွားရေးစနစ်နှင့် နှစ်ပေါင်းများစွာ ကွင်းဆက်ပြတ်ခဲ့ရသော သမိုင်းဆိုးမွေကြောင့် အခြားလုပ်ငန်းများနည်းတူ မြန်မာနိုင်ငံ၏ မွေးမြူရေးလုပ်ငန်းများသည်လည်း နည်းပညာ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာနှင့် ဈေးကွက်ထိုးဖောက်နိုင်မှုတို့ ချို့တဲ့လျက်ရှိပါသည်။ အဆိုပါ တိုင်းပြည်၏ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးကို ဦးတည်လျက် ဂျာမနီနိုင်ငံက မြန်မာနိုင်ငံ၏ ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးမည်ဟူသော သတင်းသည် ကြိုဆိုရမည့် သတင်းကောင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာမနီနိုင်ငံ၏ ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်မှုသည် ဘက်ပေါင်းစုံမှ သုံးသပ်ပြင်ဆင်ဆောင်ရွက်ထားသော ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်မှုဖြစ်ပါသည်။ ဂျာမနီနိုင်ငံ၏ ဤပူးပေါင်းဆောင်ရွက်မှု၌ ရန်ပုံငွေပံ့ပိုးမှုသာမက နည်းပညာပူးပေါင်းဆောင်ရွက်မှုပါ ပါဝင်ခြင်းသည် တိုင်းပြည်၏ လိုအပ်ချက်တစ်ရပ်ကို ထင်ဟပ်ဖော်ဆောင်လိုက်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အစဉ်အလာအရ ရေချို၊ ရေငန် ရေသတ္တဝါများ ပေါများသော နိုင်ငံဖြစ်သော်လည်း အလွန်အကျွံဖမ်းဆီးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုတို့ကြောင့် တိုးပွားလာသော တိုင်းပြည်လူဦးရေ၏ အာဟာရလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါ ရေသတ္တဝါမွေးမြူရေးလုပ်ငန်းသည် နိုင်ငံသူ နိုင်ငံသားတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည်ဖြစ်၍ ဆင်းရဲမွဲတေမှုလျှော့ချရေးကို အတိုင်းအတာတစ်ခုအထိ ပံ့ပိုးကူညီနိုင်မည်ဖြစ်ပါသည်။ ထုတ်ပြန်ခဲ့သော သတင်းများအရ ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အပါအဝင် ဧရာဝတီတိုင်းဒေသကြီးတို့၌ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်၍ အလားအလာကောင်းသော ကနဦးခြေလှမ်းဟု ယူဆပါသည်။ ချုပ်၍တင်ပြရပါက တိုင်းပြည်၏ လူမှုရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုသော ဤပူးပေါင်းဆောင်ရွက်မှုအတွက် ဂျာမနီနိုင်ငံကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူ လုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ် ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင် ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## (၇၂)နှစ်မြောက် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာသံစဉ်ဂီတနှင့် သဘင်အနုပညာရှင်များ၏ ဖျော်ဖြေပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၁၈**

(၇၂)နှစ်မြောက် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာသံစဉ်ဂီတနှင့် သဘင်အနုပညာရှင်များ၏ ဖျော်ဖြေပွဲ ဒုတိယနေ့ကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်၊ ဇေယျာသီရိဗိမာန်ရှိ သဘင်ဆောင်၌ ဆက်လက်ကျင်းပရာ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ တက်ရောက်အားပေးချီးမြှင့်သည်။

ဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် ဂန္ထဝင်ဂီတပညာရှင်များနှင့် တေးသံရှင်များက မြန်မာသံစဉ်တေးသံသာများဖြင့်လည်းကောင်း၊ မန္တလေးသိန်းဇော် ဦးစီးသော ဇာတ်သဘင်ပညာရှင်များက မြန်မာ့ရိုးရာဆိုင်း၊ အဆို၊ အတီးနှင့် ရုပ်သေးနှစ်ပါးသွားအက စသည့် အကပဒေသာများဖြင့် လည်းကောင်း သီဆိုကပြဖျော်ဖြေကြသည်။

အဆိုပါ မြန်မာသံစဉ်ဂီတနှင့် သဘင်အနုပညာရှင်များသည် မတ် ၁၉ ရက်နှင့် ၂၀ ရက်တွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ တပ်မတော် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များအား ဆက်လက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## ဥတုရာသီ၊ တောကိုမှီ၏

## ဘာသာပေါင်းစုံညီအစ်ကိုမောင်နှမများ တွေ့ဆုံပွဲကျင်းပ

**မန္တလေး မတ် ၁၈**

ငြိမ်းချမ်းချစ်ကြည်စွာ ထာဝစဉ်ယှဉ်တွဲနေထိုင်ကြသည့် ဘာသာပေါင်းစုံညီအစ်ကိုမောင်နှမများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ ၂၆ လမ်း ၊ ၇၁ လမ်းထောင့်ရှိ မန္တလေးမြို့တော်ခန်းမ (၁)၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က မန္တလေးမြို့သည် စီးပွားရေးအချက်အချာကျသော မြို့ဖြစ်ပြီး အာဆီယံလမ်းမကြီး ဖောက်လုပ်လျှင် မန္တလေးမြို့ကို ဖြတ်သန်းသွားရမည်ဖြစ်ကြောင်း၊ ရှေးယခင်ကတည်းက မန္တလေးမြို့သည် ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ အခမ်းအနားကျင်းပခြင်းဖြင့် ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးမှု ရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ အနေဖြင့်လည်း ငြိမ်းငြိမ်းချမ်းချမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များက ဘာသာတရား၏ ဆုံးမသွန်သင်မှု၊ ငြိမ်းချမ်းရေးဆောင်ရွက်ရန် လမ်းညွှန်မှု၊ ဘာသာတိုင်း အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု တိုင်းသူပြည်သားအချင်းချင်း ရှေးကကဲ့သို့ အေးချမ်းစွာလက်တွဲနေထိုင်ရန် လမ်းညွှန်ထားမှု၊ ဘာသာတရား လမ်းညွှန်မှုများကို ရှင်းလင်းပြောကြားသည်။

**ခင်ခင်ဝင်း(ပညာရေး)**

### ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၈-၃-၂၀၁၇ ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၁၀/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၅၅/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၆၂ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၁ ・ ၁ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၈၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၇၅ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ ・ ၂၈ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ **ရှေ့ဖုံးမှ**

လက်ရှိမွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တို့ ပါဝင်ခဲ့ကြပါတယ်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်မှာ မွန်တိုင်းရင်းသားခေါင်းဆောင်များရဲ့ အမြော်အမြင်ကြီးမားမှုပေါ် အခြေခံပြီး ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ "မွန်ပြည်နယ်" သတ်မှတ်ဖြစ်တည်ရေးကို စတင်ခဲ့ပါတယ်။ "မွန်ပြည်နယ်" လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းမှာ စတင်ကမ္ပည်းတင်ရေးသားခဲ့တဲ့ ၁၉၇၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့ကို မွန်ပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများ နှစ်စဉ်ကျင်းပလာခဲ့တာဟာ ဒီကနေ့ဆိုရင် (၄၃) နှစ်မြောက်ရှိပြီဖြစ်ပါတယ်။

သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင်လည်း လွတ်လပ်ရေးရပြီးချိန်ကစပြီး မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံရေးပဋိပက္ခတွေကို အခြေခံတဲ့ ရိုက်ခတ်မှုများကတစ်ဆင့် ခါးသီးတဲ့ အတွေ့အကြုံတွေကို ကြုံတွေ့ခဲ့ရပါတယ်။ ပဋိပက္ခတွေ ဆယ်စုနှစ်များစွာ ဖြစ်ပေါ်ခဲ့တဲ့အတွက် မြန်မာနိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှာ အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရပါတယ်။ ယနေ့အချိန်အခါကာလမှာ အဲဒီခါးသီးတဲ့ အတွေ့အကြုံတွေကို သင်ခန်းစာရယူပြီး ပဋိပက္ခတွေချုပ်ငြိမ်းဖို့နဲ့ မိမိတို့နိုင်ငံတော်အတွင်း တိုင်းရင်းသားအားလုံး အတူတကွ ယှဉ်တွဲနေထိုင်နိုင်ဖို့ လက်တွဲဖော်ဆောင်ရမယ့် အချိန်အခါလည်း ဖြစ်ပါတယ်။

ဒါကြောင့် လက်ရှိအစိုးရအနေနဲ့ တိုင်းရင်းသားပြည်သူအားလုံး နှစ်ပေါင်းကြာရှည် မျှော်လင့်တောင့်တခဲ့ကြတဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးနိုင်ဖို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးကို ရှေးရှုပြီး လိုက်လျောညီထွေရှိမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးနဲ့ ပြည်သူတွေရဲ့ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားရေးတို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ အဲဒီမူဝါဒလုပ်ငန်းစဉ်တွေ အောင်မြင်စေဖို့ အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနဲ့ ပြည်သူတစ်ရပ်လုံး ပါဝင်ကြိုးပမ်းဖော်ဆောင်ကြဖို့ အထူးလိုအပ်ပါတယ်။

မွန်ပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ၂၀၁၂ ခုနှစ်မှာ ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးနိုင်ခဲ့ကာ လက်ရှိမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဟာ မွန်ပြည်နယ်အစိုးရအဖွဲ့နဲ့ လက်တွဲပြီး ဒေသအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ပူးပေါင်းဆောင်ရွက်နေတာကို သိရှိရတဲ့အတွက် များစွာဝမ်းမြောက်မိပါတယ်။ တိုင်းရင်းသားညီအစ်ကိုများအချင်းချင်း ရင်းနှီးပွင့်လင်းစွာနဲ့ ဆောင်ရွက်ခဲ့တဲ့ စားပွဲဝိုင်းဆွေးနွေးမှုတွေရဲ့ အကျိုးရလဒ်ကောင်းများအဖြစ် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ စီးပွားရေး စတဲ့ကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိနေပြီဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးရတဲ့အထိ တစိုက်မတ်မတ် ဆက်လက်ကြိုးစားဆောင်ရွက်ကြရမှာကိုလည်း အထူးအလေးဂရုပြုကြရမှာ ဖြစ်ပါတယ်။

မကြာသေးခင်ကလည်း ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) နဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ငြိမ်းချမ်းရေးကော်မရှင်တို့နဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အပြုသဘောဆောင်ပြီး မွန်တိုင်းရင်းသားများအတွက် ငြိမ်းချမ်းရေးမျှော်လင့်ချက်တွေ ပိုမိုမြင့်မားလာစေတဲ့ အလားအလာကောင်းတွေ ရရှိခဲ့တဲ့အတွက် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ဆက်လက်ပြီးလည်း နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အပြည့်အဝ ပူးပေါင်းပါဝင်လာမယ်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှာ ခိုင်ခိုင်မာမာပါဝင်လာမယ်လို့ ယုံကြည်မျှော်လင့်ထားပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ တက်ကြွစွာပါဝင်ခဲ့ကြသလို ငြိမ်းချမ်းရေးခရီးလမ်းကို သတ္တိရှိရှိ၊ အမြော်အမြင်ကြီးကြီးနဲ့ လျှောက်လှမ်းခဲ့ကြတဲ့ မွန်တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးအနေနဲ့ ရှေ့ဆက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ဖို့နဲ့ ပိုမိုကောင်းမွန်တဲ့ အနာဂတ် နိုင်ငံတော်တည်ဆောက်ရေးတွေမှာ စုစည်းချစ်ကြည်ညီညွတ်တဲ့ စွမ်းပကားနဲ့ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ၊ မိမိတို့ခေတ်အတွက်သာမက အနာဂတ်မှာပါ ပြည်ထောင်စုကြီး အေးချမ်းသာယာပြီး မွန်ပြည်နယ် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်သွားကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

# ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေး၏ ကိုယ်ရေးအကျဉ်း

ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးကို ၁၉၄၅ ခုနှစ် မတ် ၂၈ ရက်တွင် မာဆင်းမြို့၌ မွေးဖွားခဲ့သည်။

၎င်းသည် ၁၉၆၈ ခုနှစ်တွင် ဖိလစ်ပိုင် Lyceum တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံ ဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီးနောက် ၁၉၇၂ ခုနှစ်တွင် San Beda ဥပဒေကောလိပ်မှ ဥပဒေဘွဲ့ကို ရရှိခဲ့ပါသည်။ ၎င်းသည် ၁၉၇၇ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ဒါဗိုစ်မြို့တော်ရှေ့နေရုံး၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ဒါဗိုစ်မြို့တော်ဝန်ရုံး တာဝန်ခံ ဒုတိယမြို့တော်ဝန်အဖြစ် ခန့်အပ်ခြင်းခံရသည်။

မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးသည် မြို့တော်ဝန်များအနက် သက်တမ်းအရှည်ကြာဆုံးမြို့တော်ဝန် တစ်ဦးဖြစ်ပြီး၊ ဒါဗိုစ်မြို့တော်ဝန်အဖြစ် ခုနစ်ကြိမ်ဆက်တိုက် ရွေးချယ်ခံခဲ့ရကာ မြို့တော်ဝန်အဖြစ် စုစုပေါင်း ၂၂ နှစ်ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ဒါဗိုစ်မြို့ ဒုတိယမြို့တော်ဝန်အဖြစ်လည်းကောင်း၊ ဒါဗိုစ်မြို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် လည်းကောင်း အသီးသီး တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးသည် ၂၀၁၆ ခုနှစ် မေ ၉ ရက်တွင် ကျင်းပခဲ့သည့် ဖိလစ်ပိုင်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲ၌ သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရပြီး ဖိလစ်ပိုင်နိုင်ငံ၏ ၁၆ ဦးမြောက် သမ္မတဖြစ်လာခဲ့သည်။ ၎င်းအား ၂၀၁၆ ခုနှစ် မေ ၃၀ ရက်တွင် ဖိလစ်ပိုင်နိုင်ငံလွှတ်တော်မှ သမ္မတအဖြစ် တရားဝင်တင်မြှောက်ခဲ့သည်။ ၎င်းသည် မင်ဒါနာအိုဒေသမှ သမ္မတအဖြစ် ပထမဆုံးရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသူဖြစ်ပြီး၊ ဒေသအဆင့်အုပ်ချုပ်ရေးအကြီးအကဲတစ်ဦးမှ သမ္မတအဖြစ် တိုက်ရိုက်တက်လှမ်းနိုင်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။



ဖိလစ်ပိုင်နိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေး

# ဒက္ခိဏခရိုင် ... ဒက္ခိဏာသီရိမြို့နယ် ပိတောက်ကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်

**နေပြည်တော် မတ် ၁၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေရှားပါးသည့်ဒေသများ၌ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဒေသအလိုက် စက်ရေတွင်း"တွင်းနက်"များ တူးဖော်ဆောင်ရွက်လျက်ရှိရာ ဒက္ခိဏာသီရိမြို့နယ် ကူနှစ်လုံး ဆယ်စုကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာ၌ တူးဖော်သည့် နှစ်လက်မ စက်ရေတွင်းသည် ခန့်မှန်းထားသည့် အနက်ပေသို့ မရောက်ရှိမီ ပေ ၄၀၀ အရောက်တွင် ရေများပေါများစွာ လျှံထွက်လာသည့်အတွက်ဒေသခံများ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

ပိတောက်ကုန်းကျေးရွာ စက်ရေတွင်း(မိန်းကန် တစ်ကန်)အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းဖြင့် Diamond Mega ကုမ္ပဏီက ဆောင်ရွက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ဒေသဟာ ရေရှားပါးတဲ့ ဒေသဖြစ်ပါတယ်။ ယခင်နှစ်တွေက စက်ရေတွင်းတူးဖော်တဲ့အခါ ပျမ်းမျှတွင်းနက်ပေ ၅၀၀ ကျော်မှ စတင်ရေထွက်ပြီး ကနဦး စတင်တူးဖော်တဲ့ နေရာမှာ ကျောက်ခဲ၊ ကျောက်လွှာတွေနဲ့ ကြုံတွေ့ရလို့ ဆက်တူးဖော်မရဘဲ နေရာ ပြောင်းရွှေ့တူးဖော်ခဲ့ရတာတွေလည်း ရှိပါတယ်။ အခု စက်ရေတွင်းတူးဖော်ရာမှာ အလွယ်တကူ တူးဖော်လို့ရတဲ့အပြင် ပေ ၄၀၀ အရောက်မှာ ရေတွေပေါများစွာ ထွက်လာတော့ ဝမ်းသာကြရပါတယ်" ဟု ပိတောက်ကုန်းကျေးရွာမှ ဒေသခံတစ်ဦးက ဝမ်းမြောက်စကားပြောကြားသည်။

အဆိုပါ ရေပေါများစွာ ရေလျှံထွက်ပေါ်လာသည့် ပိတောက်ကုန်းကျေးရွာ စက်ရေတွင်းတူးဖော်ရာသို့ မတ် ၁၇ ရက် ညနေ ၄ နာရီခွဲက နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဦးတင်ထွဋ်တို့က သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ကိုကိုရှူပ(နေပြည်တော်)**

# မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲကျင်းပ၊ စာတမ်းများကို ကိုးကားနိုင်ရန် စာအုပ်အဖြစ်ထုတ်ဝေမည်

**ရန်ကုန် မတ် ၁၈**

ယနေ့စာတမ်းဖတ်ပွဲသည် သတင်းမီဒီယာကောင်စီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမည့် လုပ်ငန်းစဉ်တစ်ရပ်ဟုမြင်ပါကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသည့် "မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲ"တွင် ပြောကြားသည်။

စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံသတင်းမီဒီယာသမိုင်းကို လေ့လာသိရှိနိုင်စေရန်နှင့် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

စာတမ်းဖတ်ပွဲဖွင့်ပွဲကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်မြို့တော်ဝန် ဒေါက်တာမောင်မောင်စိုး၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအောင်လှထွန်း၊ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာမျိုးသန့်တင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်က "ယခုကဲ့သို့ စာတမ်းဖတ်ပွဲကို ညီညာအောင်မြင်စွာ ကျင်းပနိုင်သည်ကို တွေ့ရသဖြင့် ဝမ်းသာပါကြောင်း၊ စာနယ်ဇင်းယာယီကောင်စီမှ ပေါ်ပေါက်ခဲ့သည့် သတင်းမီဒီယာကောင်စီ၏ သက်တမ်းသည် သမိုင်းကြောင်းရှည်လျားမှုနည်းနေသေးသော်လည်း ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်နှင့် စာနယ်ဇင်းလွတ်လပ်ခွင့်သမိုင်းတွင် ပါဝင်ခဲ့ပါကြောင်း၊ သတင်းမီဒီယာကောင်စီ၏ ပြဋ္ဌာန်းချက်များမှ လုပ်ငန်းတာဝန်တစ်ခုဖြစ်သည့် စာတမ်းဖတ်ပွဲကို အောင်မြင်စွာဆောင်ရွက်နေသည်ကို တွေ့မြင်ရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ ယနေ့စာတမ်းဖတ်ပွဲသည် သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမည့် လုပ်ငန်းစဉ်တစ်ရပ်ဟု မြင်ပါကြောင်း၊ သတင်းမီဒီယာကောင်စီအနေဖြင့် ပိုမိုပီပီသသဖော်ဆောင်ရင်း နောက်ထပ်စာတမ်းဖတ်ပွဲများကိုလည်း ယခုထက်မက ဆက်လက်ကျင်းပနိုင်ပါစေကြောင်း" ပြောကြားသည်။

ရန်ကုန်မြို့တော်ဝန် ဒေါက်တာမောင်မောင်စိုးက သတင်းစာများသည် သမိုင်းကြောင်းမှတ်တိုင်များကိုပါ ဖော်ပြသည့်အတွက် အမွန့်ရှည်စေလိုကြောင်းနှင့် ယခုလိုစာတမ်းဖတ်ပွဲများကိုလည်း ကြိုဆိုပါကြောင်း ဂုဏ်ပြုပြောကြားသည်။

မြန်မာသတင်းမီဒီယာ စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းကြိုင်က သတင်းသမားများ ကိုးကားနိုင်ရန် ယခုကျင်းပသည့် စာတမ်းဖတ်ပွဲမှ စာတမ်းများကို စာအုပ်အဖြစ် ထုတ်ဝေသွားရန် စီစဉ်ထားကြောင်း ပြောကြားသည်။

စာတမ်းဖတ်ပွဲ ပထမနေ့တွင် ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)က မြန်မာသတင်းမီဒီယာသမိုင်းမှ စိတ်ဝင်စားဖွယ်အချို့သောဖြစ်ရပ်များ စာတမ်း၊ ဟံသာဝတီ ဦးအုန်းကြိုင်က မြန်မာနိုင်ငံ သတင်းမီဒီယာ သမိုင်းစာတမ်း၊ ဒေါ်သန်းမြင့်အောင်က ရန်ကုန်မြူနီစီပယ်လုပ်ငန်းအရွေ့များနှင့် အနာဂတ်ရန်ကုန် စာတမ်း၊ ဦးခင်မောင်လေး (ဖိုးသောကြာ) (ကိုယ်စား) ဦးကျော်စွာမင်းက မြန်မာနိုင်ငံ သတင်းမီဒီယာအဖွဲ့အစည်းများ သမိုင်းစာတမ်း၊ ဦးကျော်ရင်မြင့်က အထက်မြန်မာနိုင်ငံထုတ် သတင်းစာများ စာတမ်း၊ ဒေါက်တာမျိုးသန့်တင်က ကုန်းဘောင်ခေတ် မြန်မာ့ကြေးနန်းမီဒီယာစာ စာတမ်းများကို ဖတ်ကြားကြသည်။

မတ် ၁၉ ရက် ဒုတိယနေ့တွင် ဦးအောင်လှထွန်းက မြန်မာနိုင်ငံနှင့် နိုင်ငံတကာ သတင်းမီဒီယာစာတမ်း၊ ဦးချစ်နိုင်(စိတ်ပညာ)က သတင်းစာဆရာကောင်းဖြစ်နည်း စာတမ်း၊ ဒေါ်သင်းသင်းသာက မြန်မာ့သတင်းလောကနှင့် အမျိုးသမီးများ စာတမ်း၊ ဦးဟန်ညွန့် (ဦးဟန်ညွန့်- ဥပဒေ) က သတင်းမီဒီယာသမားများသိထားသင့်သည့် ဥပဒေအချို့ စာတမ်း၊ ဒေါက်တာတင်ထွန်း (သထုံတင်ထွန်း)က နိုင်ငံရေးနှင့် သတင်းစာဆရာ၏ မဟာဗျူဟာရည်မှန်းချက် စာတမ်း၊ ဦးဇေယျနှင့် ဦးမျိုးကိုမျိုးတို့က မြန်မာမီဒီယာနှင့် မြန်မာနိုင်ငံရေး စာတမ်းတို့ကို ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

မတ် ၁၈ ရက်နှင့် ၁၉ ရက် နှစ်ရက်တာကျင်းပမည့် စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ စာတမ်း ၁၀ စောင်အပါအဝင် စုစုပေါင်း စာတမ်း ၁၂ စောင်ကို ဖတ်ကြားကြမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲနှင့်အတူ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ ရုပ်သံထုတ်လွှင့်မှု စသော ပြခန်းပေါင်း ၆၀ ကျော်တို့ကလည်း "စာနယ်ဇင်းဈေးရောင်းပွဲတော်" အဖြစ် ပါဝင်ပြသရောင်းချခဲ့ကြသည်။

**(သတင်းစဉ်)**


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်မြို့တော်ဝန် ဒေါက်တာမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ၂၀၁၇ ခုနှစ် ပထမအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာနယ်ဇင်းဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်

# မြန်မာ့ရုပ်ရှင်လောကရဲ့အဆင့်အတန်းမြင့်မားမှုဟာ ဒီနိုင်ငံ၊ ဒီပြည်သူတွေရဲ့ဂုဏ်သိက္ခာကို ဖော်ညွှန်းနေ

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၈ ရက်)

**ချစ်ခင်လေးစားရပါသောအနုပညာရှင်၊ အတတ်ပညာရှင်၊ ရုပ်ရှင်လောကသားများနဲ့ ဧည့်သည်တော်များရှင်-**

ဒီနေ့ ကျင်းပပြုလုပ်တဲ့ အခမ်းအနားကို ကိုယ်တိုင်ကိုယ်ကျ မလာရောက်နိုင်တဲ့အတွက် တောင်းပန်စကားဆိုရင်း၊ ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ကြွရောက်အားပေးလာကြပါသော ဧည့်သည်တော်များ၊ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ရုပ်မြင်သံကြားဖန်သားပြင်ပေါ်က ကြည့်ရှုအားပေးနေကြတဲ့ ရုပ်ရှင်ချစ်ပရိသတ်များ အားလုံးမင်္ဂလာအပေါင်း ခညောင်းပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

စာပေ၊ ရုပ်ရှင်၊ဂီတ၊ သဘင်၊ သုခုမဆိုတဲ့ အနုပညာတွေဟာ လူ့အဖွဲ့အစည်းတိုင်းကို လွှမ်းမိုးမှု၊ ဩဇာသက်ရောက်မှု ကြီးကြီးမားမားရှိနေတဲ့ ပညာရပ်တွေဆိုတာအားလုံးအသိပဲဖြစ်ပါတယ်။ အထူးသဖြင့် ရုပ်ရှင်အနုပညာ လက်ရာတွေဟာ နှစ်ပေါင်းများစွာ ဂန္ထဝင်တွင်ရစ်ခဲ့တဲ့အထိ လူတိုင်းရင်ကို စွဲစွဲမက်မက် ဖြစ်စေနိုင်ပါတယ်။ အခု ၂၁ ရာစု ကမ္ဘာကြီးမှာ ရုပ်ရှင်ဇာတ်ကားတွေဟာ ဖျော်ဖြေရေးသက်သက် မဟုတ်တော့ဘဲ နိုင်ငံတွေရဲ့ ဆော့ဖ်ပါဝါအဖြစ် ရောက်ရှိလာနေပြီဖြစ်ပါတယ်။ ဒီလိုမျိုးနိုင်ငံတွေရဲ့ပါဝါအဖြစ် ရောက်ရှိလာရခြင်းအကြောင်းရင်းကို ပြန်ပြီးလေ့လာကြည့်ရင် ယဉ်ကျေးမှု၊ ဆန်းသစ်မှု၊ တီထွင်ဖန်တီးမှု၊ အဆင့်အတန်းမြင့်မားမှုစတဲ့ ဝိသေသလက္ခဏာတွေကို တွေ့ရှိကြရမှာဖြစ်ပါတယ်။

ရုပ်ရှင်ဇာတ်ကားတွေ၊ ရုပ်ရှင်ဇာတ်ကားထဲက သရုပ်ဆောင်တွေ၊ စကားလုံးတွေ၊ အမူအရာတွေ၊ သတင်းစကားတွေဟာ သက်ဆိုင်ရာလူ့အဖွဲ့အစည်းရဲ့ကြွန်အင်လက္ခဏာတွေကို ကိုယ်စားပြုနေပြန်ပါတယ်။ ရုပ်ရှင်တွေက ပြောတဲ့ ယဉ်ကျေးမှုအဆင့်အတန်း၊ သမိုင်းကြောင်း၊ လူမှုတန်ဖိုးတွေဟာ လူ့သမိုင်းနဲ့ထပ်တူ ကျန်ရစ်နေတာဖြစ်ပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေဟာ လူ့အဖွဲ့အစည်း၊ အထူးသဖြင့် လူငယ်လူရွယ်တွေအပေါ် အထူးပဲ ဩဇာကြီးမားတာကြောင့် ရုပ်ရှင်လောကသားတွေရဲ့တာဝန်ဟာ အလွန်ပဲကြီးပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေထဲက ဇာတ်ကောင်တွေဟာ လူငယ်တွေရဲ့ စိတ်ကူးထဲက စံပြပုဂ္ဂိုလ်တွေ ဖြစ်နေတတ်ပါတယ်။ ဇာတ်ကောင်တစ်ယောက်ရဲ့ သရုပ်ဆောင်ချက်၊ အမူအရာတစ်ကွက်ဆိုရင်ပဲ လူငယ်တွေရဲ့စိတ်ထဲကို စွဲစွဲထင်ထင် နစ်ဝင်နေတတ်ပါတယ်။

အခုဆိုရင် ကျွန်မတို့နိုင်ငံဟာ ပြည်သူလူထုအတွက် အပြောင်းအလဲတွေကို အကောင်းမွန်ဆုံး ဆောင်ကြဉ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလိုသမိုင်းဝင် အလှည့်အပြောင်းအခြေအနေမှာ အနုပညာရှင်တွေရဲ့ ပံ့ပိုးမှု အမှန်တကယ်ပဲ အရေးကြီးနေပါတယ်။ ပြောင်းလဲတယ်ဆိုတာ လူထုရဲ့စိတ်ဓာတ်ကို ပြောင်းလဲပစ်ရတာဖြစ်ပါတယ်။ စိတ်ဓာတ်တော်လှန်ရေးနဲ့ အပြောင်းအလဲကို ဖော်ဆောင်နေရတာလည်း ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ပြည်သူတွေအတွက် အနုပညာရှင်တွေရဲ့ တီထွင်ဖန်တီးမှု၊ ဆန်းသစ်တိုးတက်မှုတွေဟာ အရေးကြီးတဲ့ အချိန်အခါကို ရောက်ရှိနေပါပြီ။ လူ့အဖွဲ့အစည်းရဲ့ စိတ်ဓာတ်၊ အမူအကျင့်တွေကို ဆော့ဖ်ပါဝါတစ်ရပ်အနေနဲ့ အနုပညာရှင်တွေက ပြုပြင်ပြောင်းလဲပေးနိုင်စွမ်းရှိပါတယ်။

ရွေးကောက်ပွဲတွေကတစ်ဆင့် ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိလာနိုင်ဖို့ ကျွန်မတို့ရဲ့အနုပညာရှင်တွေ ကိုယ်ရောစိတ်ပါ အပင်ပန်းခံပြီး တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ပေးဆပ်ခဲ့မှုတွေအတွက်လည်း ကျွန်မတို့အစိုးရက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း ယခုလို အခါအခွင့်သင့်ခိုက်မှာ အလေးအနက် ပြောကြားလိုပါတယ်။ ကျွန်မတို့ရဲ့အနုပညာရှင်တွေအနေနဲ့ ကျွန်မတို့အစိုးရ လက်ရှိကြိုးပမ်းဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်၊ စီးပွားရေးတိုးတက်မှု၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးပန်းတိုင်တွေကို ပြည်သူတွေ လျှောက်လှမ်းရာမှာ

> **“ ရုပ်ရှင်တွေကပြောတဲ့ ယဉ်ကျေးမှုအဆင့်အတန်း၊ သမိုင်းကြောင်း၊ လူမှုတန်ဖိုးတွေဟာ လူ့သမိုင်းနဲ့ထပ်တူ ကျန်ရစ်နေတာဖြစ်ပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေဟာ လူ့အဖွဲ့အစည်း၊ အထူးသဖြင့် လူငယ်လူရွယ်တွေအပေါ် အထူးပဲ ဩဇာကြီးမားတာကြောင့် ရုပ်ရှင်လောကသားတွေရဲ့တာဝန်ဟာ အလွန်ပဲကြီးပါတယ် ”**

များစွာအထောက်အကူပေးနိုင်ပါတယ်။ မြန်မာ့ရုပ်ရှင်လောကရဲ့ တိုးတက်မှုဟာ မြန်မာနိုင်ငံရဲ့ယဉ်ကျေးမှုကို ကိုယ်စားပြုပြီး မြန်မာ့ရုပ်ရှင်လောကရဲ့အဆင့်အတန်းမြင့်မားမှုဟာ ဒီနိုင်ငံ၊ ဒီပြည်သူတွေရဲ့ဂုဏ်သိက္ခာကို ဖော်ညွှန်းနေပါတယ်။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့တိုင်းရင်းသားတွေ၊ ကျွန်မတို့လူငယ်တွေအတွက် အားလုံးက အများကြီး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ မတူကွဲပြားခြင်းတွေ ပိုမိုပြီးကြီးမားလာ၊ ကျယ်ပြန့်လာခဲ့တဲ့ အခြေအနေတွေကို ကျွန်မတို့ ပြန်လည်ပေါင်းစည်းပေးနိုင်ဖို့ ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ပျောက်ဆုံးနေတဲ့ ညီညွတ်ရေးကို ပြန်လည် တည်ဆောက်နိုင်ဖို့ ကျွန်မတို့ ကြိုးစားကြရဦးမှာဖြစ်ပါတယ်။ မငြိမ်းချမ်းသေးတဲ့ နယ်မြေဒေသတွေမှာ နေရပ်စွန့်ခွာ တိမ်းရှောင်နေရရှာတဲ့ ပြည်သူတွေအတွက် (၂၁)ရာစု ပင်လုံညီလာခံကို ကျွန်မတို့ အကောင်အထည်ဖော် ကြိုးပမ်းနေပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ အလုပ်မျိုးစုံ သိမ်းကျုံးလုပ်ကိုင်နေရတဲ့ ကျွန်မတို့ပြည်သူတွေ အမိနိုင်ငံကို ပြန်လာပြီး ဂုဏ်သိက္ခာရှိရှိ နေထိုင်လုပ်ကိုင်နိုင်အောင် ကျွန်မတို့ ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရဟာ ဒီတာဝန်တွေကို ထမ်းဆောင်ရမှာ မှန်ပါတယ်။ ကျွန်မတို့ အစိုးရအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီကနေ့ ပြောင်းလဲတိုးတက်နေတဲ့ ကမ္ဘာကြီးမှာ သဘာဝပတ်ဝန်းကျင်ကြီး ယိုယွင်းပျက်စီးလာနေသလို လူသားတွေရဲ့စိတ်နေစိတ်ထားတွေ ယိုယွင်းပျက်စီးလာနေတာကို အကောင်းဆုံးဘယ်လိုပြန်လည် ပြင်ဆင်မလဲဆိုတာကို နိုင်ငံတိုင်း နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနဲ့ ထိုက်တန်တဲ့ အမျိုးသားညီညွတ်မှု၊ နိုင်ငံကြီးသားစိတ်ဓာတ်၊ နိုင်ငံကြီးသား အမူအကျင့်၊ နိုင်ငံကြီးသားယဉ်ကျေးမှုတွေ အရှိန်အဟုန်နဲ့ ဖြစ်ထွန်းလာအောင် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး ကျရာအခန်းကဏ္ဍကနေ ကြိုးပမ်းသွားကြဖို့ လိုအပ်ပါတယ်။

ရုပ်ရှင်လောကသားတွေ အပါအဝင် စာပေ၊ ဂီတ၊ သဘင်၊ သုခုမ အနုပညာရှင်အားလုံးကို ကျွန်မအနေနဲ့ လေးလေးနက်နက် မေတ္တာရပ်ခံချင်တာ၊ အကူအညီတောင်းခံချင်တာရှိပါတယ်။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ပြည်သူတွေ လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနဲ့ တိုးတက်ရေးကို ဝန်းရံပေးကြပါ။ ပြည်သူတွေကြားမှာ ခွဲခြားမှုတွေ၊ အမုန်းတရားတွေ ကင်းဝေးပြီး မေတ္တာတရားတွေ တိုးတက်ဖြစ်ပေါ်လာအောင်၊ အပတ်တကုတ် ကြိုးစားလိုစိတ်တွေ တိုးပွားလာအောင်၊ စာရိတ္တနဲ့ လုံ့လကို အခြေပြုပြီး နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်အောင်၊ ကျွန်မတို့ နိုင်ငံအတွက် အရေးတကြီးလိုအပ်နေတဲ့ စိတ်ဓာတ်တော်လှန်ရေးကြီး အောင်မြင်ပြီးမြောက်အောင် တတ်နိုင်သမျှ၊ တတ်နိုင်တဲ့ဘက်က ပံ့ပိုးကူညီပေးကြပါလို့ အလေးအနက်ထားတိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ နှစ်တစ်ရာပြည့်တော့မယ့် ကျွန်မတို့ရဲ့မြန်မာ့ရုပ်ရှင်နဲ့ ရုပ်ရှင်လောကသားများအားလုံး အစဉ်တိုးတက်ဆန်းသစ် အောင်မြင်နိုင်ပါစေကြောင်း၊ ကျွန်မတို့ရဲ့မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို မြှင့်တင်ပေးနိုင်တဲ့ အနုပညာရှင်တွေ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၁၀ ဆု ချီးမြှင့်

**ရန်ကုန် မတ် ၁၈**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကျင်းပသည့် ၂၀၁၆ ခုနှစ် အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ချီးမြှင့်သည်။



၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် အမျိုးသမီးဇာတ်ဆောင်ဆုရ သက်မွန်မြင့်အား အားပေးနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ် တင်စိုး(မြန်မာ့အလင်း)

### သီဆိုဖျော်ဖြေ

၂၀၁၆ ခုနှစ်တွင် မြန်မာရုပ်ရှင်ဇာတ်ကား စုစုပေါင်း ၃၃ ကားအထိ ရုံတင်ပြသနိုင်ခဲ့ပြီး အဆိုပါ ဇာတ်ကားများအနက် အကောင်းဆုံး ဆန်ခါတင်ဇာတ်ကား ၁၀ ကားအား ရွေးချယ်၍ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ ရွေးချယ်ပေးအပ်ခြင်းဖြစ်ပြီး ဆုချီးမြှင့်ပွဲ မစတင်မီ ပဏာမ ဖျော်ဖြေရေးအစီအစဉ်အဖြစ် “ကြယ်စင်လင်းတဲ့ မြန်မာ့ရုပ်ရှင်” အဖွင့်သီချင်းဖြင့် သီဆိုဖျော်ဖြေကာ ခေတ်ဟောင်း ရုပ်ရှင်တေးများကို တင်ဆက်ဖျော်ဖြေခဲ့ကြသည်။

ရှေးဦးစွာ ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားဖွင့်ပွဲကို မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက စည်သူဦးဗိုလ်ကလေးတင့်အောင်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းတို့က ကြယ်စင်ယူဆောင်၍ စင်မြင့်ထက်ရှိ ရွှေစင်နတ်သမီးလက်ထဲသို့ အပ်နှင်းစိုက်ထူ၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာ့ရုပ်ရှင် နှစ် (၁၀၀) ဆီသို့ အစီအစဉ်ဖြင့် ဖျော်ဖြေတင်ဆက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပေးပို့သော သဝဏ်လွှာကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ အိန္ဒြာကျော်ဇင်က ဖတ်ကြားသည်။

**(ဒေါ်အောင်ဆန်းစုကြည် ပေးပို့သော သဝဏ်လွှာအား သီးခြားဖော်ပြထားပါသည်။ )**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် “ဒီကနေ့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်းရုံတင်ပြသခဲ့တဲ့ မြန်မာ့ရုပ်ရှင်ဇာတ်ကား ၃၃ ကားထဲမှ အထူးခြားဆုံးရုပ်ရှင်၊ အထူးချွန်ဆုံးသရုပ်ဆောင်ခဲ့တဲ့ အနုပညာရှင်များ၊ အပြောင်မြောက်ဆုံးဖန်တီးခဲ့တဲ့ အတတ်ပညာရှင်များနဲ့ အကောင်းဆုံး စီစဉ်ထုတ်လုပ်သူများကို ချီးမြှင့်ဂုဏ်ပြုမယ့် အခမ်းအနားဖြစ်ပါတယ်။ ရုပ်ရှင်ထူးချွန်ဆုများ ရွေးချယ်ချီးမြှင့်ခြင်းကို ၂၀၁၃ ခုနှစ်မှစပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက တာဝန်ယူဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ကတော့ လိုအပ်တဲ့ ကဏ္ဍတွေမှာ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် နောင်ကို မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ပံ့ပိုးကူညီသွားမယ့်အကြောင်း အစီရင်ခံလိုပါတယ်။

### တစ်ခေတ်ဆန်းဖို့အစပြုချိန်

ရုပ်ရှင်လောကသားများ စုံလင်စွာတက်ရောက်ခဲ့တဲ့ ဒီကနေ့အခမ်းအနားမှာ မြန်မာ့ရုပ်ရှင်နဲ့ စပ်လျဉ်းတဲ့ ကျွန်တော်တို့ရဲ့ ရှုမြင်ချက်တစ်ခုကို တင်ပြလိုပါတယ်။ ဒါကတော့ ဒီကနေ့အချိန်သည် မြန်မာ့ရုပ်ရှင်လောက တစ်ခေတ်ဆန်းဖို့ အစပြုချိန်လို့ ကျွန်တော်တို့ ရှုမြင်တဲ့အကြောင်းပါ။ ဒါဟာ ရုပ်ရှင်လောကသားများနဲ့ ကြုံကြိုက်တုန်းမှာ အခြောက်တိုက် ချီးမြှောက်လိုက်တဲ့ စကားမဟုတ်ပါဘူး။ ကျွန်တော်တို့ မြင်တွေ့ကြားသိနေရတဲ့ အနေအထားများ၊ ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံပြီး သုံးသပ်ပြောဆိုတာ ဖြစ်ပါတယ်။

*စာမျက်နှာ ၅ သို့*



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)

*စာမျက်နှာ ၄ မှ*

စဉ်းစားကြည့်မယ် ဆိုရင် ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်ဟာ အန်မတန်မှ အစကောင်းခဲ့တယ်ဆိုတာ သတိပြုမိကြမှာဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ နှိုင်းယှဉ်ရင် ကျွန်တော်တို့ သိပ်နောက်မကျခဲ့ပါဘူး။ အတော် စောစောကတည်းက မြန်မာနိုင်ငံမှာ ရုပ်ရှင်ပေါ်ထွန်းခဲ့တာပါ။ အများသိကြတဲ့အတိုင်း ၁၉၂၀ ပြည့်နှစ်မှာ မြန်မာ့ပထမဆုံးရုပ်ရှင်ဖြစ်တဲ့ မေတ္တာနဲ့ သူရာ ဇာတ်ကား ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ နောက်သုံးနှစ်အကြာ ၂၀၂၀ ပြည့်နှစ်ရောက်ရင် ရုပ်ရှင်ရာပြည့်ပွဲကြီးကို ခမ်းနားကြီးကျယ်စွာ ကျင်းပနိုင်တော့မှာဖြစ်ပါတယ်။

**အစဉ်အလာရှိ**

မြန်မာ့ရုပ်ရှင်လောကမှာ အနုပညာရှင် အတတ်ပညာရှင်တွေ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေ အရင်နှစ် ၁၀၀ လောက်ကတည်းက ရှိခဲ့တယ်ဆိုတာတင်ပြချင်ပါတယ်။ ကမ္ဘာ့ရုပ်ရှင်ထိပ်သီးဖြစ်တဲ့ ဟောလိဝုဒ်ရုပ်ရှင် ပေါ်ပေါက်ပြီး နှစ်အစိတ်လောက်မှာ ကျွန်တော်တို့လည်း ကိုယ်တိုင်ရိုက်ကူးထုတ်လုပ်မှု အစပြုနိုင်ခဲ့ပါတယ်။ အဲ့ဒီအခါက လူတွေ ကူးသန်းသွားလာမှု နည်းပါးတဲ့ကာလ၊ အတတ်ပညာ ပြန့်ပွားမှုလည်းအင်မတန်နှေးကွေးတဲ့ ကာလဖြစ်ပါတယ်။ အဲ့ဒီကာလမျိုးမှာပင် စွမ်းဆောင်နိုင်ခဲ့တဲ့ အစဉ်အလာရှိတယ်ဆိုတာမမေ့လျော့ဖို့ ကျွန်တော် အသိပေးခြင်းသာဖြစ်ပါတယ်။

နောက်ပိုင်းကာလမှာ ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်ဟာ ဖွံ့ဖြိုးစည်ပင်တဲ့ခေတ်ကိုလည်း ကြုံခဲ့ပါတယ်။ မဖွံ့ဖြိုးမစည်ပင်တဲ့ ကာလများကိုလည်း ဖြတ်သန်းခဲ့ရပါတယ်။ စီးပွားရေးစနစ်၊ နိုင်ငံရေးစနစ်နဲ့ ရုပ်ရှင်လောကအပေါ် လွှမ်းမိုးသက်ရောက်ခဲ့တဲ့ အထွေထွေအရပ်ရပ်အကြောင်းခြင်းရာများကြောင့် အတက်အကျ လောကဓံနဲ့ ကြုံခဲ့ရတာဟာ ရုပ်ရှင်လောကသားများ အသိဆုံးဖြစ်ပါတယ်။

**အလျင်အမြန်တိုးတက်လာ**

ပြီးခဲ့တဲ့ သုံးလေးနှစ် မတိုင်မီကာလတစ်ခုကတော့ မြန်မာ့ရုပ်ရှင်လောကအတွက် စည်ပင်မှုအနည်းဆုံးကာလလို့ဆိုရမယ် ထင်ပါတယ်။ အများသိကြတဲ့အတိုင်း အဲ့ဒီနှစ်ပိုင်းတွေမှာ တစ်နှစ်ကို ရုပ်ရှင် ဇာတ်ကား ကိုးကား၊ ၁၀ ကားလောက်ပဲထွက်ရှိခဲ့ပြီး ရုပ်ရှင်ထူးချွန်ဆုများကိုလည်း ဒီဇာတ်ကားအနည်းငယ်ထဲကပဲ ရွေးချယ်ခဲ့ရတာ ဖြစ်ပါတယ်။ အဲ့ဒီအနေအထားမှာရှိနေတာကနေ ရုပ်ရှင်ဇာတ်ကားရိုက်ကူး ထုတ်လုပ်မှုတွေ အလျင်အမြန်တိုးတက်လာခဲ့တာ တွေ့ရပါတယ်။ တွေ့ရှိရတဲ့ စာရင်းဇယားအရတော့ ၂၀၁၆ ခုနှစ်အတွင်းမှာ ဆင်ဆာခွင့်ပြုပြီး ဇာတ်ကား ၉၈ ကားအထိ ရှိလာတာတွေ့ရပါတယ်။ ၂၀၁၇ ခုနှစ်မှာလည်း ဒီကနေ့အထိ ၂၄ ကား ဆင်ဆာခွင့်ပြုပြီးပြီလို့ သိရပါတယ်။

သို့သော် စောစောကရုပ်ရှင်လုပ်ငန်းအားနည်းသွားတဲ့ ကာလမှာရုပ်ရှင်ရုံများလည်း လျော့ပါးသွားတဲ့အတွက် ရုံတင်ပြသရေး အခက်အခဲရှိနေတာကြောင့် ၂၀၁၆ မှာ ရုံတင်ပြသနိုင်တဲ့ ဇာတ်ကားပေါင်း ၃၃ ကားသာရှိကြောင်း သိရပါတယ်။ သို့သော် ဈေးကွက်စီးပွားရေးသဘောတရားနဲ့အညီ ဝယ်လိုအားရှိရင်ရောင်းလိုအားရှိတာကြောင့် ရုပ်ရှင်ရုံလိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုတဲ့ ပုဂ္ဂိုလ်များ၊ ရုပ်ရှင်ရုံသစ်များ တည်ဆောက်ရန် အစီအစဉ်ချမှတ်နေသူများလည်း ပေါ်ထွက်လာနေတာ တွေ့မြင်ကြားသိနေရပါတယ်။

**တိုက်တွန်းဆော်ဩ**

ဒီ့အပြင် ရုပ်ရှင်ဇာတ်ကားအများအပြားထုတ်လုပ်နိုင်ဖို့နဲ့ ရုပ်ရှင်အရည်အသွေး မြင့်မားစေဖို့အတွက် ခေတ်မီစတူဒီယိုတွေ တည်ဆောက်ရေး၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များမွေးထုတ်ရေး၊ လေ့ကျင့်သင်ကြားပေးရေး၊ ပျိုးထောင်ရေး ၊ နိုင်ငံတကာပညာရှင်များ၊ လုပ်ငန်းရှင်များနဲ့ ပူးတွဲပေါင်းစပ်လုပ်ကိုင်ရေး စတာတွေကို တိုင်ပင်တာတွေလည်း ကြားလာရပါတယ်။ တစ်ချိန်တည်းမှာပဲ ရုပ်ရှင်လုပ်ငန်းသမားများအနေနဲ့ အနုပညာရှင် အတတ်ပညာရှင်များကြားမှာ၊ လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတကာရုပ်ရှင်လောကသားများ နည်းတူစာချုပ်စာတမ်းများ၊ ကတိကဝတ်များ၊ မူပိုင်ခွင့်ဆိုင်ရာ အသိအမှတ်ပြုမှုများနဲ့ စနစ်တကျလုပ်ကိုင်ဖို့ ပြောဆိုတိုက်တွန်းဆော်ဩတာတွေလည်း ရှိလာနေပါတယ်။

**ဝေဖန်မှုများလည်းရှိ**

ရုပ်ရှင်နဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲများ ကျင်းပလာသလို ရုပ်ရှင်ဆိုင်ရာ ဥပဒေ ပေါ်ထွက်လာရေးအတွက်လည်း ရုပ်ရှင်လောကသားများ ကိုယ်တိုင်လှုပ်ရှားဆောင်ရွက်တာ တွေ့ရပါတယ်။ တစ်ဖက်မှာ ရုပ်ရှင်ဆင်ဆာစနစ်နဲ့ ပတ်သက်လို့ ဝေဖန်ပြောဆိုမှုတွေ ရှိနေတာတွေ့ရပါတယ်။ တစ်ချိန်တည်းမှာ အရည်အသွေးနိမ့်ကျတဲ့ ရုပ်ရှင်များ၊ အများသူငါကြား မသင့်လျော်တာများကို အပြောများအပြများတဲ့အတွက် ထောက်ပြဝေဖန်မှုများလည်း ရှိပါတယ်။ သို့သော် ဒါသည်လည်း အနုပညာဖန်တီးမှုများ ပွင့်လင်းလွတ်လပ်လာစကာလ၊ ဖန်တီးမှု စွမ်းအားများ ရုန်းကန်ထွက်ပေါ်စကာလမျိုးမှာ ကြုံတွေ့ရတဲ့ ကိစ္စရပ်များဖြစ်လို့ အချိန်တန်ရင် ရုပ်ရှင်လောကသားများကိုယ်တိုင်ရဲ့ ညှိနှိုင်းဆောင်ရွက်မှုများကြောင့် အနည်ထိုင်သွား၊ စနစ်တကျဖြစ်သွားလိမ့်မယ်လို့ မြင်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ တွင် အဖွင့်အမှာစကား ပြောကြားစဉ်

**အခွင့်အလမ်းရှိ**

ရုပ်ရှင်လောကမှာ လှုပ်ရှားပေါ်ပေါက်လာနေတဲ့ ဖော်ပြပါ အကြောင်းအခြင်းရာအရပ်ရပ်ကို အခြေခံပြီး မြန်မာ့ရုပ်ရှင်တစ်ခေတ်ဆန်းဖို့ အစပြုနေပြီလို့ ကျွန်တော် ကောက်ချက်ချခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာ့ရုပ်ရှင်ဟာ လာမယ့်နှစ်များအတွင်းမှာ တောက်လျှောက် တိုးတက်သွားနိုင်ဖို့ အခွင့်အလမ်းရှိနေပြီလို့ မြင်ပါတယ်။

အဲ့ဒီအတွက် လက်ငင်းအခြေခံတွေကတော့ ယခုနှစ်များအတွင်း တိုးတက်ရရှိလာတဲ့ အနုပညာ လွတ်လပ်စွာဖန်တီးခွင့်များ၊ ပြည်တွင်းပြည်ပ ပေါင်းစပ်ဆောင်ရွက်လာနိုင်တဲ့ လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်၊ ပြီးတော့ ဒီကနေ့ စင်ပေါ်တက်ပြီး ဆုရယူကြမယ့် ပုဂ္ဂိုလ်များအပါအဝင် အရေအတွက်မနည်းသော မြန်မာ့ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များနဲ့ မြန်မာ့ရုပ်ရှင်တိုးတက်ရေး၊ ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ဖို့ စိတ်အားထက်သန်နေကြတဲ့ ပုဂ္ဂိုလ်များ၊ လုပ်ငန်းများ၊ အဖွဲ့အစည်းများ စတာတွေဖြစ်ပါတယ်။ ဒီအင်အားစုများရဲ့စုပေါင်းစွမ်းဆောင်မှုနဲ့ အတူ လာမယ့်နှစ်ကာလများအတွင်းမှာ နိုင်ငံတကာအထိ အောင်မြင်သွားပါလိမ့်မယ်လို့ ယုံကြည်ပါတယ်” ဟု ပြောကြားသည်။



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်း ပြောကြားစဉ်

ထို့နောက် ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက “မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲသမိုင်းမှာ တစ်ကြိမ်တစ်ခါမျှ ကျင်းပခြင်းမရှိခဲ့ဖူးတဲ့ ပြည်သူ့ရင်ပြင်မှာ ပြည်သူတွေရဲ့ရင်ခွင်ကိုခိုလှုံပြီးအနုပညာရှင်တွေအတွက် လုံခြုံနွေးထွေးတဲ့ ပွဲကြီးကို လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးကို ဦးခိုက်ခွင့်ရပြီး ကျင်းပခွင့်ရတာ အင်မတန် ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါတယ်။

“မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ သို့ ဆိုတဲ့ ဒီနေ့ကျင်းပတဲ့ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲကိုဦးတည်ချက်ထားပြီး ကျင်းပနေတာဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင်က ၂၀၂၀ မှာ နှစ် ၁၀၀ ပြည့်ပါပြီ။ ၁၉၂၀ မှာအကောင်းဆုံး ပြသခဲ့တဲ့ မေတ္တာနဲ့ သူရာ ဇာတ်ကားရုံတင်တဲ့ ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလကို ရုပ်ရှင်နေ့လို့ သတ်မှတ်ထားခဲ့ပါတယ်။ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲဆိုပြီး အစဉ်အဆက် ချီးမြှင့်ခဲ့ရတာကတော့ မြန်မာ့ရုပ်ရှင် တိုးတက်မြင့်မားဖို့၊ ရုပ်ရှင်လောကသားတွေ ကြိုးစားလာစေဖို့နဲ့ အရည်အသွေး၊ အရည်အချင်း မြင့်မားတိုးတက်လာစေဖို့၊ ပြည်သူပရိသတ် ပိုမိုစိတ်ဝင်စားလာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ကျင်းပတာပဲ ဖြစ်ပါတယ်။ “ရုပ်ရှင်သည် ပြည်သူ့အတွက်” ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ နှစ် ၁၀၀ မကတိုင်အောင် ရှေ့ဆက်ချီတက်မယ်လို့ လောကသားအားလုံး စည်းစည်းလုံးလုံး တိုင်တိုင်ပင်ပင်နဲ့ ရှေ့ဆက်သွားကြပါစို့လို့ ပြောကြားလိုပါတယ်”ဟု ပြောကြားသည်။

ယင်းနောက် ထူးချွန်ဆုများ ကြေညာရန်အတွက် ရွှေကြိုများ မိတ်ဆက်ခြင်းနှင့် ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို စတင်ကြေညာသည်။

**ဆုများရရှိ**

၂၀၁၆ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို “အုတ်ကြားမြက်ပေါက်” ဇာတ်ကားဖြင့် ရွှေစင်ဦး ရုပ်ရှင်ထုတ်လုပ်ရေး၊ အကောင်းဆုံး ရုပ်ရှင်အသံဆုကို “မော်ကျောက်စာ” ဇာတ်ကားဖြင့် အကယ်ဒမီ ဦးကြည်မင်းသိန်း၊ အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို “လူးရတနာသိုက်” ဇာတ်ကားဖြင့် အကယ်ဒမီ ဓိရာမိုရ်၊ အကောင်းဆုံး ရုပ်ရှင် တည်းဖြတ်ဆုကို “အေဒင်ရဲ့ နတ်သမီး”ဇာတ်ကားဖြင့် ဉာဏ်ဝင့် တို့က ရရှိခဲ့ကြသည်။

ထို့နောက် အကယ်ဒမီချိုပြုံးနှင့် အကယ်ဒမီ ထွန်းအိန္ဒြာဗိုတို့က “မောင့်မူပိုင်ရှင်” ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းကို သီဆိုဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ဆက်လက်ကြေညာရာ ၂၀၁၆ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင် ဓာတ်ပုံဆုကို “လူးရတနာသိုက်” ဇာတ်ကားဖြင့် မောင်မြင့်၊ အေးမင်း၊



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပေးပို့သော သဝဏ်လွှာကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ အိန္ဒြာကျော်ဇင် ဖတ်ကြားစဉ်

အငယ်လေး ၊ အကောင်းဆုံးရုပ်ရှင် အမျိုးသားဇာတ်ပို့ဆုကို ပဏ္ဍိဖက်ဆာ ဒေါက်တာဆိတ်ဖွားနှင့် မြိုင်ရာဇာတာတေ ဇာတ်ကားဖြင့် အကယ်ဒမီ လူမင်း၊ အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆုကို “အုတ်ကြားမြက်ပေါက်” ဇာတ်ကားဖြင့် ညွှန့်မြန်မာညီညီအောင်တို့က ရရှိခဲ့ကြသည်။

**ဖျော်ဖြေတင်ဆက်**

ဆက်လက်၍ “မြခြူးသံ” ရုပ်ရှင်ဇာတ်ကားဂုဏ်ပြုအစီအစဉ်အနေဖြင့် အကယ်ဒမီဆုရှင် ရန်အောင်နှင့် တေးသံရှင်အဆိုတော် မာမာအေးတို့က ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ရုပ်ရှင်ချစ်ပရိတ်သတ်များ စိတ်ဝင်စားမှုအများဆုံးဖြစ်သည့် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုနှင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုတို့ကို ကြေညာရာ ၂၀၁၆ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို “ချစ်လှစွာသောအမုန်း” ဇာတ်ကားဖြင့် အကယ်ဒမီ သက်မွန်မြင့်၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို “အုတ်ကြားမြက်ပေါက်”ဇာတ်ကားဖြင့် ထွန်းထွန်းတို့ကရရှိခဲ့ကြသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကျင်းပသည့် ၂၀၁၆ ခုနှစ် အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် အထူးဆုတစ်ဆုကို ထည့်သွင်းကြေညာခဲ့ပြီး အဆိုပါဆုကို “မနောမြေမှ ကျောက်စိမ်းကမ္ဘာ” ဇာတ်ကားဖြင့် Moon Myanmar Media ကုမ္ပဏီက ရရှိခဲ့သည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးဝင်များ၊ ၂၀၁၆ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုစိစစ်အကဲဖြတ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

**စုစုပေါင်း(၁၀)ဆု ချီးမြှင့်နိုင်**

၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုစုစုပေါင်း (၁၀)ဆုကို ချီးမြှင့်နိုင်ခဲ့ပြီး အကောင်းဆုံးရုပ်ရှင် ဇာတ်ညွှန်းဆုကိုမူ ချီးမြှင့်နိုင်ခြင်းမရှိဘဲ ၂၀၁၅ ခုနှစ်မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲတွင်လည်း အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုချီးမြှင့်နိုင်ခြင်းမရှိခဲ့ပေ။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအား ယခင်က ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူခဲ့ပြီး ၂၀၁၃ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးက မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ခြင်းကို တာဝန်ယူခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**



အကောင်းဆုံးအမျိုးသား ရုပ်ရှင်ဇာတ်ပို့ဆုရ လူမင်း



အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုရ ညွန့်မြန်မာညီညီအောင်



အကောင်းဆုံးရုပ်ရှင်အသံဆုရ ကိုကြည်မင်းသိန်း



အကောင်းဆုံးရုပ်ရှင်တေးဂီတဆုရ မီရာမိုရ်



အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုရ ကိုညဏ်ဝင့်



အကောင်းဆုံးအမျိုးသားရုပ်ရှင်ဇာတ်ဆောင်ဆုရ ထွန်းထွန်း



အကောင်းဆုံးအမျိုးသမီးရုပ်ရှင်ဇာတ်ဆောင်ဆုရ သက်မွန်မြင့်

❖ *ကျော်ဖုံးမှ*

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်က ရိုက်ကူးခဲ့ပြီး ရွှေစင်ဦးထုတ်လုပ်ရေးမှ ရိုက်ကူး ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို ညွန့်မြန်မာညီညီအောင်က အုတ်ကြားမြက်ပေါက်ကားဖြင့် ရရှိခဲ့သည်။

"ရုပ်ရှင်ဇာတ်ကားတစ်ကားကတော့ ဘောလုံးအသင်းလိုပါပဲ။ တစ်ယောက်တည်းကောင်းလို့ မရပါဘူး။ အားလုံးကောင်းမှ ရတာပါ။ ဒီဇာတ်ကားက ကိုယ်တာဝန်ကျေအောင် ဖန်တီးခဲ့တဲ့အတွက် ပရိသတ်ကလည်းသဘောကျခဲ့ပြီး အကယ်ဒမီ ရွေးချယ်ရေးအဖွဲ့ကလည်း ရွေးချယ်ခဲ့လို့ အခုလိုထိုက်တန်တဲ့ဆု ရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော့ဘဝအတွက်တော့ ပထမဆုံး အကယ်ဒမီဆုဖြစ်ပါတယ်"ဟု ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်က ပြောသည်။ ညွန့်မြန်မာညီညီအောင်သည် ရုပ်ရှင်လောကတွင် ဖလင်အယ်ဒီတာအဖြစ် နှစ်ပေါင်း ၂၀ ဖြတ်သန်းခဲ့ပြီး ဒါရိုက်တာအဖြစ်လည်း နှစ်ပေါင်း ၂၀ အတွင်း ဖြတ်သန်းခဲ့ရာမှ ပထမဆုံးအကြိမ် ဒါရိုက်တာဆု ရရှိခဲ့ခြင်းဖြစ်သည်။

အမျိုးသားဇာတ်ဆောင်ဆုရရှိခဲ့သော ထွန်းထွန်းကလည်း "ဒီဇာတ်ကားမှာ ကျွန်တော်တစ်ဦးတည်း ကောင်းလို့ရတာ မဟုတ်ပါဘူး။ အားလုံးကောင်းလို့ရတာပါ။ ဒီဇာတ်ကားမှာ ဖိုးသကြားဆိုတဲ့ ကောင်လေးနေရာက သရုပ်ဆောင်ခဲ့တာဖြစ်ပြီး ငယ်ငယ်ကတည်းက အတွေးအခေါ်တွေ လွဲမှားတယ်။ ပြုပြင်ဖို့ခက်တယ်။ အဲဒီဘဝကနေပြီးတော့ အသိစိတ်ရပြီး ဘဝကို ပြုပြင်သွားခဲ့တဲ့ ဇာတ်ရုပ်နေရာက သရုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ဒီလိုအကယ်ဒမီရဖို့ ကြိုးစားနေတာ မဟုတ်ဘဲနဲ့ သဘာဝကျတဲ့အနုပညာတွေကို ပေးဆပ်ဖို့ ကြိုးစားနေတာဖြစ်တယ်"ဟု အကောင်းဆုံးရုပ်ရှင် ဇာတ်ဆောင်ဆုရခဲ့သော ထွန်းထွန်းက ပြောသည်။ထွန်းထွန်းသည် အုတ်ကြားမြက်ပေါက်ဇာတ်ကားဖြင့် အမျိုးသားဇာတ်ဆောင်ဆုကို ပထမဆုံးအကြိမ်ရရှိခဲ့ခြင်းဖြစ်သည်။ မူးယစ်ဆေးအန္တရာယ်နှင့် လူကုန်ကူးမှုကို အသိတရားရှိရှိဖြင့် အသက်ကို ပဓာနမထားဘဲ ကာကွယ်တိုက်ခိုက်ခဲ့သည်များကို သဘာဝကျစွာ သရုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုလို ထိုက်တန်စွာရရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုကို သက်မွန်မြင့်က ချစ်လှစွာသော အမုန်းဇာတ်ကားဖြင့် ရရှိခဲ့သည်။ "ဒီကားမှာ သရုပ်ဆောင်ခဲ့ရတဲ့အချိန်တွေမှာ အလွန်ပဲ ပင်ပန်းခဲ့ပါတယ်။ ၁၀ ရက်လောက် ဆက်တိုက်ရိုက်ကူးခဲ့ရတဲ့ အချိန်တွေလည်း ရှိခဲ့ပါတယ်။ ပရိသတ်တွေရဲ့ ရင်ခုန်သံနဲ့ ထပ်တူကျတဲ့ကားဖြစ်လို့ ကျေနပ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အနုပညာအလုပ်တွေကို ကြိုးစားဆောင်ရွက်သွားမှာပါ"ဟု ပြောကြားသည်။ သက်မွန်မြင့်သည် ၂၀၁၀ ခုနှစ်က အာဒံရယ်၊ ဝေရယ်၊ ဒဿရယ် ဇာတ်ကားဖြင့် ပထမအကြိမ် အမျိုးသမီးဇာတ်ဆောင်ဆုရရှိခဲ့ပြီး ယခုနှစ်တွင် ဒုတိယအကြိမ်ရရှိခဲ့ခြင်းဖြစ်သည်။

အမျိုးသားဇာတ်ပို့ဆု ရရှိခဲ့သော လူမင်းက "ကျွန်တော် ထင်မထားပါဘူး။ ကျွန်တော့်ဘဝကဇာတ်ပို့နဲ့ စခဲ့တာဖြစ်တယ်။ ဇာတ်ပို့ဘဝကနေပြီး ဇာတ်ဆောင်ဘဝကို တက်လှမ်းခဲ့တာပါ။ ဒီဇာတ်ကားရိုက်ခဲ့တဲ့အချိန်မှာ အလွန်ပဲ ပင်ပန်းခဲ့ပါတယ်။ အသက်ဝင်အောင် သရုပ်ဆောင်ခဲ့ရတဲ့အတွက် ထိခိုက်ဒဏ်ရာရမှုတွေလည်း ရှိခဲ့ပါတယ်။ အခုလို အကယ်ဒမီဆု ရွေးချယ်ချီးမြှင့်ခံရတဲ့အတွက် ဆက်ပြီးကြိုးစားဖို့ ခွန်အားဖြစ်ရပါတယ်"ဟု ပြောကြားသည်။ လူမင်းသည် ၂၀၀၂ ခုနှစ်က ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင်ဇာတ်ကားဖြင့် ပထမဆုံး အမျိုးသား ဇာတ်ဆောင်ဆုကို ရရှိခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ကျန်စစ်မင်းဇာတ်ကားဖြင့် ဒုတိယအကြိမ် အမျိုးသားဇာတ်ဆောင်ဆုကိုရရှိခဲ့ပြီး ယခုအကြိမ်တွင် တတိယအကြိမ် ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၆ခုနှစ် ရုပ်ရှင်တေးဂီတဆုရရှိခဲ့သော မီရာမိုရ်က "ဒီဇာတ်ကားမှာ တေးဂီတအပိုင်းအနေနဲ့ တခြားကားတွေနဲ့မတူပါဘူး။ ရှေးယခင်ခေတ်တုန်းက လူ့အသိုင်းအဝိုင်းနဲ့ အဝေးမှာနေတဲ့ လူမျိုးစုတစ်စုကိုအခြေခံပြီး ဖန်တီးခဲ့တာပါ။ ထူးခြားတာက အနုပညာဖန်တီးမှုကို ဇာတ်လမ်းနဲ့အံဝင်ခွင်ကျဖြစ်အောင် ကြိုးစားနိုင်ခဲ့လို့ အခုလိုရရှိခဲ့တာပါ"ဟု ပြောသည်။ မီရာမိုရ်သည် ၂၀၀၉ ခုနှစ်က ဇော်က ကနေသည် ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကိုရရှိခဲ့ပြီး ယခုအကြိမ်သည် လူးရတနာသိုက် ဇာတ်ကားဖြင့် ဒုတိယမြောက် တေးဂီတဆု ရရှိခဲ့ခြင်းဖြစ်သည်။

ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆုကို မောင်မြင့်၊ အေးမင်း၊ အငယ်လေးတို့က ရရှိခဲ့သည်။ "ဒစ်ဂျစ်တယ်စနစ်ကို ပြောင်းပြီးတော့မှ ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဇာတ်ကား ၃၀ လောက် ရှိတယ်။ ကျွန်တော်တို့ကတော့ ဒါရိုက်တာ ညွှန်ကြားမှုအရ ဓာတ်ပုံအတတ်ပညာနဲ့ ကြိုးစားဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါရိုက်တာညွှန်ကြားမှု အပေါ်မူတည်ပြီး ကျွန်တော်တို့သူငယ်ချင်း သုံးယောက်ပေါင်းကာ ကြိုးစားဖန်တီးခဲ့တာဖြစ်ပါတယ်။ ဒီအရွယ်မှာ အနုပညာမှတ်တိုင်တစ်ခုကို ခဲရာခဲဆစ်ရခဲ့တဲ့အတွက် ကျေနပ်ပါတယ်"ဟု ပြောကြား ခဲ့သည်။

မောင်မြင့်၊ အငယ်လေးနှင့် အေးမင်းတို့ သုံးဦးပူးပေါင်းကာ လူးရတနာသိုက် ရုပ်ရှင်ဇာတ်ကားကို ဓာတ်ပုံအတတ်ပညာဖြင့် ပြောင်မြောက်စွာပံ့ပိုးပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုရရှိခဲ့သော ၂၀၁၆ ခုနှစ် ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆုသည် ၎င်းတို့အတွက် ပထမဆုံးရရှိခဲ့သည့် အကယ်ဒမီဆုဖြစ်သည်။

အသံထူးချွန်ဆု ကိုရရှိခဲ့သော ကိုကြည်မင်းသိန်းက "ကျွန်တော့်အတွက် ဒီဆုက ဒုတိယအကြိမ်ရရှိတဲ့ဆုပါ။ မြန်မာ့ရုပ်ရှင်ရဲ့အရုပ်၊ အသံအရည်အသွေးဟာ အရင်ကထက်အများကြီး ကောင်းလာပါပြီ။ ထုတ်လုပ်သူတွေလည်း အာရုံစိုက်လာတယ်။ ကျွန်တော်တို့ ပညာရှင်တွေဘက်ကလည်း ပိုပြီးကြိုးစားခဲ့ရတယ်။ ကိုယ်ကျွမ်းကျင်တဲ့ အတတ်ပညာနဲ့ ဒီရုပ်ရှင်ဇာတ်ကားမှာ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်"ဟု ပြောသည်။ ကိုကြည်မင်းသိန်းသည် ၂၀၁၄ ခုနှစ်တွင် မာရပရောဂျက်ဇာတ်ကားဖြင့် ရုပ်ရှင်အသံထူးချွန်ဆုရရှိခဲ့ပြီး ယခု ဒုတိယအကြိမ် ရရှိခဲ့ခြင်းဖြစ်သည်။

အကောင်းဆုံးရုပ်ရှင် တည်းဖြတ်ဆုကိုရရှိခဲ့သော ဦးညဏ်ဝင့်က "ဒီဇာတ်ကားမှာ တည်းဖြတ်တဲ့အပိုင်းမှာ ကျေနပ်အားရခဲ့တယ်။ ရုပ်ရှင်ဇာတ်ရှိန်မြင့်နေတဲ့ အနှောင့်အယှက်ဖြစ်စေမယ့်အရာတွေကို တည်းဖြတ်ရသလို ပရိသတ်ခံစားမှုရသကိုပေးနိုင်တဲ့ အခန်းတွေကိုလည်း မတည်းဖြတ်မိအောင် သတိထားခဲ့ရတယ်။ ဘယ်လိုနေရာတွေမှာ တည်းဖြတ်သင့်တယ်၊ မတည်းဖြတ်သင့်ဘူးဆိုတာကို ပညာပိုင်းဆိုင်ရာနဲ့ ဆုံးဖြတ်ပြီး လုပ်ခဲ့လို့ အခုလိုရရှိခဲ့တာဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများကို ၁၉၅၂ မှစတင်ချီးမြှင့်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ရုပ်ရှင်ထူးချွန်ဆု ၁၁ ဆုချီးမြှင့်ရာ အမျိုးသားဇာတ်ဆောင်ဆုကို နှလုံးသားဖြင့်ပြုလုပ်သည် ဇာတ်ကားမှ ပြေတီဦး၊ အမျိုးသမီးဇာတ်ဆောင်ဆုကို ကောင်းကျိုးကိုယ်၌ တည်စေမင်းဇာတ်ကားမှ ခိုင်သင်းကြည်တို့က ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ရုပ်ရှင်ထူးချွန်ဆု ရှစ်ဆုချီးမြှင့်ခဲ့ရာ ဒါရိုက်တာဆုကို ကျွန်မကနှင်းဆီပါမောင်ဇာတ်ကားမှ ဝိုင်း၊ အမျိုးသား ဇာတ်ဆောင်ဆုကို နက္ခတ်မှားတဲ့ တိုက်ပွဲဇာတ်ကားမှ နေတိုး၊ အမျိုးသမီးဇာတ်ဆောင်ဆုကို ကျွန်မကနှင်းဆီပါမောင် ဇာတ်ကားမှ ဖွေးဖွေးတို့ကရရှိခဲ့ပြီး ယခု ၂၀၁၆ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆု ၁၀ ဆုကို ချီးမြှင့်ခဲ့သည်။

**မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများကို ၁၉၅၂ မှစတင်ချီးမြှင့်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ရုပ်ရှင်ထူးချွန်ဆု ၁၁ ဆုချီးမြှင့်ရာ အမျိုးသားဇာတ်ဆောင်ဆုကို နှလုံးသားဖြင့်ပြုလုပ်သည် ဇာတ်ကားမှ ပြေတီဦး၊ အမျိုးသမီးဇာတ်ဆောင်ဆုကိုကောင်းကျိုးကိုယ်၌ တည်စေမင်းဇာတ်ကားမှ ခိုင်သင်းကြည်တို့က ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ရုပ်ရှင်ထူးချွန်ဆု ရှစ်ဆုချီးမြှင့်ခဲ့ရာ ဒါရိုက်တာဆုကို ကျွန်မကနှင်းဆီပါမောင် ဇာတ်ကားမှ ဝိုင်း၊ အမျိုးသားဇာတ်ဆောင်ဆုကို နက္ခတ်မှားတဲ့ တိုက်ပွဲဇာတ်ကားမှ နေတိုး၊ အမျိုးသမီးဇာတ်ဆောင်ဆုကို ကျွန်မကနှင်းဆီပါမောင်ဇာတ်ကားမှ ဖွေးဖွေးတို့ကရရှိခဲ့**

ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူ အကယ်ဒမီဆုရရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်





အကယ်ဒမီရွှေစင်ရုပ်တုကိုယ်စီနှင့် ပျော်ရွှင်နေကြသည့် အနုပညာမောင်နှမနှစ်ဦး



၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုရှင်များ



အကယ်ဒမီလူမင်းနှင့်
အကယ်ဒမီညွန့်မြန်မာညီညီအောင်



သက်မွန်မြင့်အတွက် ဝမ်းမြောက်ဂုဏ်ပြုနေသည့် ဝတ်မှုံရွှေရည်



၂၀၁၆ ခုနှစ်အတွက် အကယ်ဒမီဆုရှင်များကို ရန်အောင်၊ ရဲအောင်တို့နှင့်အတူ တွေ့ရစဉ်



အထူးဆုရရှိခဲ့သည့် Moon Myanmar Media



ခမ်းနားလှပသည့် အကယ်ဒမီဆုပေးပွဲညနှင့် တက်ရောက်လာသော ပရိသတ်များ

# မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအရေးကြီးကြောင်း အလေးထားရှင်းလင်း

**နေပြည်တော် မတ် ၁၈**

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ရန်ကုန်မြို့ရှိ နိုင်ငံခြား စီးပွားရေးလုပ်ငန်းရှင် ၁၈၀ အား ယနေ့နံနက်ပိုင်းတွင် Novotel ဟိုတယ်၌ တွေ့ဆုံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး အရေးပါမှုနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့ကို ရှင်းလင်းပြောကြားသည်။ တွေ့ဆုံပွဲအခမ်းအနားကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဦးဆောင်စီစဉ်ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူသည့် တစ်နှစ်တာကာလအတွင်း ပြောင်းလဲတိုးတက်မှုများ၊ ရည်မှန်းချက်များနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အစိုးရ၏ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေကြောင်း၊ တိုင်းရင်းသားအဖွဲ့အစည်း အားလုံးပါဝင်သည့် ရေရှည်တည်တံ့သော အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန် သန္နိဋ္ဌာန်ချမှတ်ပြီး ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ရှင်းလင်းပြတ်သားသော ရည်မှန်းချက်ထားရှိပြီးဖြစ်ကြောင်း၊ ယင်းမှာ ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရန်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးစားပေးအဖြစ် သတ်မှတ်ဆောင်ရွက်နေပြီး တိုင်းရင်းသားလက်နက်ကိုင်များအားလုံးသို့ တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းထားကြောင်း၊ တစ်ချိန်တည်းတွင် ကမ္ဘာသို့ တံခါးဖွင့်လှစ်ပြီး နိုင်ငံတော်စီးပွားရေးကို ပြန်လည်တည်ဆောက်နေကြောင်း၊ အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေးစသည့် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိကြောင်း၊ ပြည်သူအားလုံးအတွက် တရားမျှတသည့် လူ့အသိုက်အဝန်းတစ်ရပ် ပုံဖော်နိုင်ရေးအတွက် အစိုးရ အုပ်ချုပ်မှုယန္တရားစနစ်ပြောင်းလဲဆန်းသစ်မှုများ စတင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်အစိုးရ၏ စီးပွားရေးပြန်လည်တည်ဆောက်ခြင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်းတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံမှ ဆင်းရဲနွမ်းပါးသည့်နေရာများ၌ ဖြစ်ပွားမှုများသည့် တီဘီရောဂါ၊ ငှက်ဖျား၊ HIV/AIDS ရောဂါများတိုက်ဖျက်နှိမ်နင်း ဆောင်ရွက်နိုင်မှုများကိုလည်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအရေးကြီးကြောင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသည် အခွင့်အလမ်း အလားအလာများစွာရှိသည့် နိုင်ငံဖြစ်ကြောင်း၊ တစ်နှစ်လျှင် ဖွံ့ဖြိုးတိုးတက်မှုနှုန်းခုနစ်ရာခိုင်နှုန်းကျော်ရှိရာ ကမ္ဘာ့နိုင်ငံများအနက် စီးပွားရေးတိုးတက်မှု အမြန်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပစီးပွားရေး လုပ်ငန်းများအတွက် ကြီးမားသည့် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း၊ သို့ရာတွင် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖော်ဆောင်ရန် ကြိုးပမ်းမှုများနှင့် ယှဉ်တွဲတည်ရှိနေကြောင်း၊ ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ တည်ငြိမ်မှုမရှိဘဲ ပြည်သူအားလုံးအတွက် သာယာဝပြောမှုကို ဆောင်ကြဉ်းပေးနိုင်သည့် စစ်မှန်သောဒီမိုကရေစီစနစ်ကို ရောက်ရှိနိုင်မည်မဟုတ်ဟု အစိုးရအနေဖြင့် ခိုင်မာစွာ ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအား လူမှုဝန်းကျင်ဆိုင်ရာ တာဝန်ယူမှု အစီအစဉ်များ၊ လူမှုအကျိုးပြုလုပ်ငန်းများမှတစ်ဆင့် လူ့အဖွဲ့အစည်းအား အကျိုးပြုနိုင်စေရေးဆောင်ရွက်ရန် တိုက်တွန်းပြောကြားပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ စွမ်းရည်နှင့် လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းတို့ဖြင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍအနေဖြင့် သာယာဝပြောမှုကို မျှဝေပေးနိုင်ကြောင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုကို အထောက်အကူပြုနိုင်ကြောင်း၊ မိမိတို့နိုင်ငံအတွက် အေးချမ်းသာယာဝပြောသော ဒီမိုကရေစီအနာဂတ်ကို တည်ထောင်နိုင်ရန် အတူလက်တွဲ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် နောက်ဆုံးအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကော့ခ်ဘဇားသို့ သွားရောက်စုံစမ်းမည်ဖြစ်ကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များနှင့်ပတ်သက်၍ မျက်မြင်သက်သေများအား နိုင်ငံတကာအဆင့် စောင့်ရှောက်ကာကွယ်မှုဖြင့် တရားခွင်တွင် သက်သေထွက်ဆိုနိုင်ရေးအတွက် မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ၎င်း၏ လုပ်ငန်းရပ်များကို ပြီးပြည့်စုံအောင် ဆောင်ရွက်ခွင့်ရရှိရန်နှင့် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများသည် လူ့အခွင့်အရေးဆိုင်ရာ ခြိမ်းခြောက်မှုများအား ကိုင်တွယ်ဖြေရှင်းနိုင်ကြောင်းကိုပြသနိုင်ရန် အရေးကြီးကြောင်း၊ တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ်တွင် ရေရှည်တည်တံ့နိုင်သည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုဖြစ်ထွန်းစေမည့် ရေရှည်ဖြေရှင်းချက်များ ဆက်လက်ရှာဖွေဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ လတ်တလော ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာတွင် အပြုသဘောဆောင်သော အကြံပြုချက်များကိုကြိုဆိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက နိုင်ငံတော်အစိုးရမှ ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ရာတွင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများအကြား သာတူညီမျှမှုရှိစေရေးအတွက် နည်းဥပဒေများ ပြင်ဆင်ရေးဆွဲခဲ့ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေအသစ်ကို လွှတ်တော်မှ အတည်ပြုရန်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်သည် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေမည့်အပြင် ရင်းနှီးမြှုပ်နှံသူများအား ကာကွယ်မှု ပိုမိုတိုးမြှင့်ပေးထားကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**




**အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ရန်ကုန်မြို့ရှိ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင် ၁၈၀ နှင့် တွေ့ဆုံပွဲတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအရေးပါမှုနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့ကို ရှင်းလင်းပြောကြားစဉ်**

# အမှုများကို ဥပဒေနှင့်အညီ မြန်မြန်နှင့် မှန်ကန်မျှတစွာ စစ်ဆေးစီရင် ပြည်သူအများ ယုံကြည်ကိုးစားရသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာစေရေး ကြိုးပမ်း

**မန္တလေး မတ် ၁၈**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စု တရားသူကြီးချုပ်၏ ညွှန်ကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို မတ် ၁၈ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် တရားရေးအရာရှိများအား ပြည်ထောင်စု တရားသူကြီးချုပ်၏ ညွှန်ကြားချက် များကို ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တရားသူကြီးများနှင့် တရားရေးအရာရှိများ အနေဖြင့် အဂတိတရားလေးပါး ကင်းရှင်းရန်၊ အမှုများကို ဥပဒေနှင့်အညီ မြန်မြန်နှင့် မှန်ကန်မျှတစွာ စစ်ဆေးစီရင်ရန်၊ အများပြည်သူနှင့် ဆက်ဆံရာတွင် သိမ်မွေ့ညင်သာစွာ ဆက်ဆံကြရန်နှင့် ပြည်သူအများ ယုံကြည်ကိုးစားရသော တရားစီရင်ရေး စနစ်ဖြစ်ပေါ်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်း၊ တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် တရားရေးအရာရှိများ၊ စုစုပေါင်း ၁၅၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အာဆင်နယ် မြန်မာအားပေးသူများကလပ် အသင်းသားများနှင့် အသင်းဝင်အသစ်များတွေ့ဆုံပွဲကျင်းပ




**ရန်ကုန် မတ် ၁၈**

အာဆင်နယ် မြန်မာအားပေးသူများကလပ် (ARSENAL MYANMAR SUPPORT CLUB) ၏ အသင်းသားများနှင့် အသင်းဝင်အသစ်များတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီ စားသောက်ဆိုင်၌ ကျင်းပသည်။

တွေ့ဆုံပွဲ အခမ်းအနားတွင် အသင်းဝင်အသစ်များ လက်ခံပြီး အသင်း၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ညှိနှိုင်းဆွေးနွေးကြကာ အသင်းဝင်များအား အသင်းဝင်ကတ်များနှင့် အာဆင်နယ် မြန်မာအားပေးသူများကလပ်(AMSC) အသင်း အမှတ်တံဆိပ်ပါအင်္ကျီများ ပေးအပ်သည်။

ထို့နောက် ည ၇ နာရီတွင် ကစားမည့် အာဆင်နယ်နှင့် ဝက်စ်ဘရွန်း ဘောလုံးပွဲကို အာဆင်နယ် မြန်မာအားပေးသူများကလပ် အသင်းသားများ ပျော်ရွှင်စွာ ကြည့်ရှုအားပေးခဲ့ကြသည်။ “အာဆင်နယ်ကလပ် စည်းမျဉ်း စည်းကမ်းအရ ကလပ်တွေ အကုန်လုံး တစ်ရာသီမှာတစ်ခါ အစည်းအဝေးတွေလုပ်ပါတယ်။ မြန်မာနိုင်ငံက အာဆင်နယ်ပရိသတ်တွေအတွက် ပျော်စရာကောင်းတဲ့ လူ့အသိုင်းအဝိုင်းတစ်ခု ဖန်တီးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခဲ့တာပါ”ဟု အာဆင်နယ် မြန်မာအားပေးသူများကလပ် အတွင်းရေးမှူး ကိုဖြိုးလင်းအောင်က ပြောသည်။

အာဆင်နယ် မြန်မာအားပေးသူများကလပ် အသင်းဝင်များအနေဖြင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှုရှိစေရန် ဘောလုံးစုကစားခြင်း၊ ဘောလုံးပွဲများ အဖွဲ့လိုက် ကြည့်ရှုခြင်းများအပြင် လူမှုအကျိုးပြု ပရဟိတလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အာဆင်နယ် မြန်မာအားပေးသူများကလပ်ကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အသင်းဝင်ပေါင်း ၃၀၀ ကျော် ရှိကာ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များတွင် ကလပ်အသင်းရုံးများဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်း-မင်းသစ်**

**ဓာတ်ပုံ-နေလင်း**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၈**

ထူးခြားသည့် နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်နှင့် ချောက်မြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၄၀ လက်မနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၂၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

# ကချင်ပြည်နယ် မချမ်းဘော့မြို့နယ် မလိခတံတား(မချမ်းဘော့) ဖွင့်

**နေပြည်တော် မတ် ၁၈**
တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို အခြေခံသည့် ဒေသခံပြည်သူများ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ် /ပြည်ပ မခွဲခြားဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ကချင်ပြည်နယ်အတွင်း ဖွင့်လှစ်ပေးသည့် မလိခ တံတား (မချမ်းဘော့) ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၈ ရက် နံနက် ၈ နာရီက အဆိုပါတံတားအနီးရှိ မဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

မလိခတံတား(မချမ်းဘော့) သည် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့ မြို့နယ် ပူတာအို-ဖရုခ-နောင်မွန်လမ်းပေါ် တွင်တည်ရှိပြီး ယခင်ကြိုးတံတားဟောင်း သည် ကားငယ်များနှင့် ဆိုင်ကယ်များ သာအသုံးပြုနိုင်ပြီး သက်တမ်းကြာမြင့်လာ၍ ကြံ့ခိုင်မှုအားနည်းလာသဖြင့် တံတားပေါ်ဖြတ်သန်းအသုံးပြုသည့် ဒေသခံပြည်သူများ အန္တရာယ်များသည့်အတွက် ယခုတံတားသစ်ကြီးကို စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ တာဝန်ယူ တည်ဆောက်ခဲ့ပြီး နိုင်ငံတော်အစိုးရသစ်လက်ထက် ကချင်ပြည်နယ်အတွင်း ပထမဦးဆုံး ဖွင့်လှစ်ပေးနိုင်ခဲ့သည့် တံတားတစ်စင်း ဖြစ်ပါကြောင်း။

အလားတူ ကချင်ပြည်နယ်အတွင်း အဓိကအရေးပါသည့် လမ်းတစ်လမ်းဖြစ်သော အရှည် ၂၁၈ မိုင်ရှိ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းကိုလည်း ကတ္တရာ၊ ကွန်ကရစ်လမ်းအဖြစ် တစ်ဆက်တစ်စပ်တည်း ရာသီမရွေး သွားလာနိုင်အောင် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုးဆုံးပွက်တန်းခြောက်မိုင်ကိုလည်း အဆင့်မြင့်နည်းပညာကို အသုံးပြုပြီး အရည်အသွေး စံချိန်စံညွှန်းပြည့်မီအောင် အထူးအဖွဲ့၊ ခရိုင်အဖွဲ့နှင့် ကုမ္ပဏီများ ပူးပေါင်းပြီး လုပ်ငန်းများ အရှိန်ဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မချမ်းဘော့မြို့နယ် မလိခတံတား(မချမ်းဘော့) ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအတွင်းရှိ ပြည်သူတစ်ရပ်လုံးရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်အတွက် လမ်းများ၊ တံတားများ၊ အဆောက်အအုံများ၊ လေယာဉ်ကွင်းများနှင့် မြို့ပြဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ပြဒေသများသာမက ဝေးလံခေါင်းပါးတဲ့ ဒေသများပါမကျန် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့နေရာတွေမှာ လမ်းသစ်တွေဖောက်၊ တံတားသစ်တွေဆောက်ခြင်းသာမက ရှိပြီး လမ်း/ တံတားတွေကို အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၂၁ ခုနှစ် မတ်လအထိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပထမကာလတို ငါးနှစ်အတွင်း လမ်း/တံတားစီမံကိန်းလုပ်ငန်းကြီးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကချင်ပြည်နယ်အတွင်း နိုင်ငံတကာအကူအညီများ၊ လွှတ်တော်ကတိကဝတ်များ၊ BOT များဖြင့် လမ်းနှစ်လမ်းနှင့် တံတားအစင်း ၆၀ တည်ဆောက်သွားမည်ဖြစ်ပြီး လမ်းမိုင် ၂၃၈၃ မိုင် ၆ ဖာလုံ ဖောက်လုပ်ထိန်းသိမ်းထားပြီး ပေ ၁၈၀ နှင့်အထက် တံတားကြီး ၉၁ စင်း တည်ဆောက်ပေးထားပြီးဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် မလိခတံတား (မချမ်းဘော့) ကို အသုံးပြုနိုင်ပြီဖြစ်လို့ နောင်မွန်မြို့နယ်၊ ပန်နန်းတင်မြို့နယ် ဒဇွမ်ဒန်းမြို့နယ်အထိ ရာသီမရွေးဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်ကြောင်း၊ ဆက်လက်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မချမ်းဘော့-ဖရုခ-နောင်မွန် လမ်းပေါ်ရှိ တံတားအမှတ် (၃/၄၄) ဘဘော့တံတား ပေ ၂၀၀၊ သုံးလွှာတစ်ထပ် ဘေလီတံတားနှင့် တံတားအမှတ် (၃/၅၆) တဆာကြိုးတံတား ပေ ၁၈၀ တို့ကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။ မလိခတံတား(မချမ်းဘော့) တည်ဆောက်နိုင်ခြင်းအတွက် ပူတာအိုခရိုင်၌ အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးနိုင်လို့ ဒေသခံများရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ တိုးတက်လာပြီး ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ကာ ဆင်းရဲမှုလျော့ချနိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ကချင်ပြည်နယ်ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒေသခံတိုင်းရင်းသားပြည်သူတစ်ဦးက တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မလိခတံတား (မချမ်းဘော့)ကို ကချင်ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်၊ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်၊ ကချင်ပြည်နယ် ရဝမ် တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးရန်နမ်းဖုန်၊ ဂျိမ်းဖော့ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်နှင့် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံ ရိုက်ကူးကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင်နှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်တို့က မလိခတံတား (မချမ်းဘော့) ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဧည့်သည်တော်များနှင့်အတူ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့သည်။ **(သတင်းစဉ်)**



မလိခတံတား (မချမ်းဘော့) ကို တွေ့ရစဉ်



မလိခတံတား(မချမ်းဘော့)ဖွင့်လှစ်ပြီးနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်တာဝန်ရှိသူများ တံတားပေါ်ဖြတ်သန်းကြည့်ရှုစဉ်



မလိခတံတား (မချမ်းဘော့) ဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်

## မီးလောင်ဆုံးရှုံးမှုအတွက် မီးအာမခံလျော်ကြေးငွေပေးအပ်

**မော်လမြိုင် မတ် ၁၈**
IKBZ Insurance (မော်လမြိုင်ရုံးခွဲ) တွင် မီးအာမခံထားရှိသော သထုံမြို့နယ် နန်းခဲရပ်ကွက် ရှမ်းစုအလယ်တန်းရှိ ဦးဖြိုးငြိမ်းအောင်၊ ဦးညဏ်ထွန်းနှင့် ဦးသန်းထွဋ်တင်တို့၏ နေအိမ်များမှာ ဖေဖော်ဝါရီ ၁၈ ရက် နံနက်က မီးလောင်ဆုံးရှုံးမှုနှင့် ဖေဖော်ဝါရီ ၁၉ ရက်က မုဒုံမြို့နယ်ရှိ ဒေါ်နှင်းပွင့်ဖြူပိုင် မိုးကောင်းကင်စတိုးက အာမခံထားရှိသော ကုန်ပစ္စည်းအချို့ မီးလောင်ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ဆုံးရှုံးမှုအတွက် လျော်ကြေးငွေပေးအပ်ပွဲကို မတ် ၁၆ ရက်က မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် IKBZ အာမခံကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့် (ကိုယ်စား) လျော်ကြေးဌာန၏ အထွေထွေမန်နေဂျာ ဦးသန်းဇော်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး လျော်ကြေးငွေ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် သထုံမြို့နယ်မှ ဦးဖြိုးငြိမ်းအောင် နေအိမ်အတွက် မီးအာမခံလျော်ကြေးငွေ ကျပ် ၁၀၃၀၈၉၀၀၀၊ ဦးသန်းထွဋ်တင် နေအိမ်အတွက် ငွေကျပ် ၃၁၆၈၀၀၀၀၊ ဦးညဏ်ထွန်း နေအိမ်အတွက် ငွေကျပ် ၈၉၁၀၀၀၀၀ ကို အာမခံထားသူ နေအိမ်ပိုင်ရှင်များထံသို့ လည်းကောင်း၊ မုဒုံမြို့နယ်ရှိ ကုန်ပစ္စည်းများ မီးလောင်ဆုံးရှုံးမှုအတွက် စုစုပေါင်း လျော်ကြေးငွေကျပ် ၁၅၆၈၁၀၀ ဒသမ ၂၅ ကိုအာမခံထားသူထံသို့လည်းကောင်း စုစုပေါင်း လျော်ကြေးငွေကျပ် ၂၂၅၄၃၇၁၀၀ ဒသမ ၂၅ တိတိကို အာမခံထားသူများထံသို့ ပေးအပ်ခဲ့သည်။ အာမခံထားသူများကလည်း လျော်ကြေးငွေ ပေးအပ်မှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။

IKBZ Insurance သည် အသက်အာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ မီးအာမခံ၊ ငွေပို့ ငွေသယ် အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ သမာဓိအာမခံ၊ အထူးခရီးသွားအာမခံ၊ ကျန်းမာရေး အာမခံ၊ ကုန်စည်ပို့ဆောင်ရေး အာမခံ လုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

**(မြန်မာ့အလင်း)**



# နိုင်ငံခြားရေးဝန်ကြီးများတွေ့ဆုံအပြီး တရုတ်နှင့် အမေရိကန်သဘောထားပျော့ပြောင်း မြောက်ကိုရီးယားအရေး နှစ်နိုင်ငံပူးပေါင်းလုပ်ဆောင်မည်ဟုဆို

**ဝါရှင်တန် မတ် ၁၈**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်က တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အကျိုးဆက်အနေဖြင့် ယခင်က ပေကျင်းအပေါ် ပြစ်တင်ဝေဖန်ခဲ့မှုများ ပြန်လည်ပျော့ပြောင်းလာခဲ့သလို အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့အနေဖြင့်လည်း မြောက်ကိုရီးယား နျူကလီးယားအရေးနှင့်ပတ်သက်ပြီး မတူညီသည့် အမြင်များဖြင့် အတူတကွလက်တွဲ လုပ်ဆောင်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက မတ် ၁၈ ရက်က ပြောကြားခဲ့သည်။

စိုးရိမ်စရာကောင်းသော မြောက်ကိုရီးယားဒုံးလက်နက်ဆိုင်ရာ အစီအစဉ်များ ရှေ့ဆက်တိုးလာခြင်းအပေါ် ဟန့်တားမှုပြုလုပ်ရန် အမေရိကန်ပြည်ထောင်စု၏ ထပ်ကာထပ်ကာပြောဆိုမှုများကြောင့် တရုတ်နိုင်ငံအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ခဲ့သော်လည်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက အမေရိကန် နိုင်ငံခြားရေးဝန်ကြီး တေလာဆန်နှင့် တွေ့ဆုံဆွေးနွေးမှုအပေါ် ပွင့်လင်းပြီး အပြုသဘောဆောင်သောဆွေးနွေးမှုအဖြစ် ဖော်ပြခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်မတိုင်မီ အမြင်ကွဲလွဲမှုများကို ဘေးဖယ်ထားသည့် နှစ်ဖက်နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးမှုသည် အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရှိခဲ့ကြောင်း သိရသည်။

တေလာဆန်အနေဖြင့်လည်း ဝမ်နှင့် တွေ့ဆုံပြီးနောက် သဘောထားအနည်းငယ်ပျော့ပြောင်းခဲ့ကြောင်း သိရသည်။ နှစ်ဖက် ခေါင်းဆောင်များအနေဖြင့် အခြေခံသဘောတရားများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း၊ ကိုရီးယားကျွန်းဆွယ်အရေးသည် အန္တရာယ်ရှိသော အနေအထား ဖြစ်လာခဲ့မည်ဆိုပါက မည်သည့်အနေအထားရောက်ရောက် ဟန့်တားကာကွယ်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ၎င်းက မြောက်ကိုရီးယားအား လမ်းမှန်ကမ်းမှန်ရောက်ရေးနှင့် နျူကလီးယားလက်နက် အစီအစဉ်ကို စွန့်လွှတ်ရေးအတွက် နှစ်ဖက်ခေါင်းဆောင်များ ပူးပေါင်းရန် သဘောတူထားကြောင်း ထပ်မံပြောကြားခဲ့သည်။

**(ရိုက်တာ)**



## မော်လ်ဒိုက်တွင် H1N1 ရောဂါပျံ့နှံ့မှုကြောင့် ဆော်ဒီဘုရင်၏ခရီးစဉ်ရွှေ့ဆိုင်း

**မေးလ် မတ် ၁၈**

မော်လ်ဒိုက်နိုင်ငံတွင် H1N1 ရောဂါပိုးလျင်မြန်စွာ ပြန့်ပွားနေသောကြောင့် ဆော်ဒီဘုရင် ဆော်လ်မန်ဘင်အဗ္ဗဒူလာဇဇ်၏ မော်လ်ဒိုက်ခရီးစဉ်အား ရွှေ့ဆိုင်းခဲ့ကြောင်း မော်လ်ဒိုက်အစိုးရ၏ထုတ်ပြန်ချက်တစ်ရပ်တွင် ယမန်နေ့က ဖော်ပြခဲ့သည်။

အစိုးရက ဆော်ဒီဘုရင်ခရီးစဉ်ရွှေ့ဆိုင်းခဲ့ရကြောင်းနှင့် မည်သည့်အချိန်တွင် မော်လ်ဒိုက်နိုင်ငံသို့လာရောက်မည်ကို ပြောကြားခဲ့ခြင်း မရှိကြောင်း သိရသည်။

မော်လ်ဒိုက် အတိုက်အခံပါတီများက မော်လ်ဒိုက်၏ သန္တာကျောက်တန်း ကျွန်းများအနက် တစ်ကျွန်းအား ဆော်ဒီတော်ဝင်မိသားစုသို့ ရောင်းချခဲ့ကြောင်း ပြောဆိုစွပ်စွဲခဲ့ပြီး ဆော်ဒီဘုရင် လာရောက်ခြင်းကို ကန့်ကွက်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ပြင်သစ်နိုင်ငံ အော်လီလေဆိပ်တွင် ပစ်ခတ်မှုဖြစ်ပွား၊ တစ်ဦးသေဆုံး

**ပါရီ မတ် ၁၈**

ပြင်သစ်နိုင်ငံ ပါရီရှိ အော်လီလေဆိပ်တွင် မတ် ၁၈ ရက်နံနက်က ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးခဲ့ကြောင်း၊ အခြားခရီးသည်များ ဒဏ်ရာရရှိခြင်းမရှိကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ပြောခဲ့သည်။

အော်လီလေဆိပ် တောင်ဘက်ဂိတ်တွင် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲက အမျိုးသားတစ်ဦးသည် အစောင့်စစ်သားထံမှ သေနတ်လုယူခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့၏ ပစ်သတ်ခြင်းကို ခံခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ပါရီ-ဟင်နရီဘရန်ဒက်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောခဲ့သည်။ ထို့နောက် လေဆိပ်မှလူများကို ထွက်ခွာစေခဲ့ပြီး သေဆုံးသူအမျိုးသားတွင် ဖောက်ခွဲရေးဝတ်စုံဝတ်ဆင်ထားခြင်းရှိမရှိ မိုင်းရှင်းလင်းရေးတပ်ဖွဲ့များက ရှင်းလင်းခဲ့ကြောင်း သိရသည်။ အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ကိုလည်း အဆိုပါနေရာတွင် ဖြန့်ကြက်ကာ လုံခြုံရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အခင်းဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့က ရှာဖွေစစ်ဆေးရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း ပြင်သစ်အမျိုးသားရဲတပ်ဖွဲ့က ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

ယင်းနေ့နံနက်ကလည်း ပါရီမြို့တောင်ပိုင်းတွင် သေနတ်သမားတစ်ဦးက ၎င်း၏ကားကို တားဆီးရန် ကြိုးစားခဲ့သည့် ရဲတပ်ဖွဲ့ဝင်သုံးဦးအား သေနတ်ဖြင့် ပစ်ခတ်ပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း ပြည်တွင်းရုပ်သံလိုင်း ဘီအက်ဖ်အမ်တွင် ထုတ်လွှင့်ခဲ့သည်။

ပြင်သစ်အာဏာပိုင်များက အဆိုပါဖြစ်ရပ်နှင့် အော်လီလေဆိပ်ဖြစ်ရပ်ဆက်စပ်မှုရှိသည်ဟု သံသယဝင်နေကြောင်း သိရသည်။ နိုင်ငံရေးလုံခြုံမှု အရေးကြီးဆုံးအချိန်ဖြစ်သည့် ပြင်သစ်သမ္မတ ရွေးကောက်ပွဲမကျင်းပမီ ငါးပတ်အလိုတွင် အဆိုပါ လေဆိပ်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖြစ်ရပ်ဖြစ်ပွားခဲ့သဖြင့် လေဆိပ်၏ ဆိုက်ရောက်နှင့် ထွက်ခွာဂိတ်နှစ်ခုလုံးရှိ လေကြောင်းလိုင်းများကိုလည်း ရပ်ဆိုင်းထားပြီး အချို့လေကြောင်းလိုင်းများကိုလည်း မြို့တော်မြောက်ပိုင်းလေဆိပ်သို့ ပြောင်းရွှေ့ခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူများက ပြောခဲ့သည်။ အဆိုပါလေဆိပ်သည် ပြင်သစ်နိုင်ငံ၏ ဒုတိယအချက်အချာကျဆုံးဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**




လေဆိပ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ခရီးသည်များ စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်

# ဟုမ်းစ်ပြည်နယ်ရှိ ဆီးရီးယားတပ်ဖွဲ့အခြေစိုက်နေရာများအား အစ္စရေးလေကြောင်းတိုက်ခိုက်မှုပြုလုပ်



**ဒမတ်စကတ် မတ် ၁၈**

ဆီးရီးယားနိုင်ငံ ဟုမ်းစ်ပြည်နယ်အလယ်ပိုင်းရှိ ဆီးရီးယားတပ်ဖွဲ့အခြေစိုက်နေရာများအား လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည့် အစ္စရေးတိုက်လေယာဉ်လေးစင်းအနက် တစ်စင်းအား ဆီးရီးယားလေကြောင်းကာကွယ်ရေးစနစ်ဖြင့် ပစ်ချခဲ့ကြောင်း ဆီးရီးယားတပ်ဖွဲ့က ထုတ်ပြန်ဖော်ပြခဲ့သည်။

အစ္စရေး တိုက်လေယာဉ်လေးစင်းသည် ယမန်နေ့ နံနက်က ဆီးရီးယားလေကြောင်းပိုင်နက်အတွင်း ဝင်ရောက်လာပြီး ဟုမ်းစ်ပြည်နယ် အစွန်အဖျားပါမိုင်ရာမြို့အနီးရှိ ဆီးရီးယားတပ်ဖွဲ့အခြေစိုက်နေရာတစ်ခုအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ထုတ်ပြန်ချက်အရ သိရသည်။

ဆီးရီးယားဘက်က တိုက်ခိုက်မှုအား တုံ့ပြန်သည့်အနေဖြင့် အစ္စရေးတိုက်လေယာဉ်လေးစင်းအနက် တစ်စင်းအား ပစ်ချခဲ့ကြောင်း၊ အခြားတစ်စင်းအား ပစ်ခတ်စဉ်တွင် ကျန်လေယာဉ်များမှာ လွတ်မြောက်သွားကြောင်း စစ်ဘက်ဆိုင်ရာ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဆီးရီးယားတပ်ဖွဲ့က အနာဂတ်တွင် အစ္စရေးဘက်က ပြုလုပ်လာမည့် မည်သည့်တိုက်ခိုက်မှုမျိုးကိုမဆို ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဖြေရှင်းရာတွင်လည်း နည်းမျိုးစုံသုံးကာ တုံ့ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစ္စရေးမီဒီယာက ဟစ်ဇ်ဘိုလာစစ်သွေးကြွအုပ်စုနှင့် ပတ်သက်သည့် လက်နက်တင်ပို့မှုအား ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ဆီးရီးယားတပ်ဖွဲ့က ဟုမ်းစ်ပြည်နယ်အရှေ့ဘက် အစွန်အဖျားဒေသတွင် အိုင်အက်စ်များအား အပြင်းအထန်ထိုးစစ်ဆင်မှုတစ်ရပ်လုပ်ဆောင်ခဲ့ပြီး ပါမိုင်ရာမြို့ဟောင်းအား မကြာသေးမီက အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ကာ အဆိုပါနေရာအစွန်အဖျားရှိ ဓာတ်ငွေ့သိုက်များကို သိမ်းပိုက်နိုင်ရန် ရှေ့ဆက်ချီတက်တိုက်ပွဲဝင်နေကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများ ငွေကြေးအပေါ် ကတိကဝတ်ပြုမှုများ ထိန်းသိမ်းရန်သဘောတူ

**ဘာလင် မတ် ၁၈**

ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများသည် ဂျာမနီနိုင်ငံ ဘာဒန်-ဘာဒန်မြို့၌ နှစ်ရက်ကြာကျင်းပသည့် အစည်းအဝေးတွင် ငွေကြေးအပေါ် ယခင်က ကတိကဝတ်ပြုမှုများအပေါ် ထိန်းသိမ်းသွားရန် သဘောတူခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ဘဏ္ဍာရေးဝန်ကြီးများက ငွေကြေးလဲလှယ်နှုန်းမတည်ငြိမ်ခြင်းသည် စီးပွားရေးကို ထိခိုက်စေနိုင်သည်ဟူသောအချက်ကို သဘောတူခဲ့သည်။ ထို့အပြင် ၎င်းတို့သည် အပြန်အလှန်ငွေတန်ဖိုးချခြင်းကို ရှောင်ရှားရန်လည်း သဘောတူခဲ့ကြသည်။ သို့သော်လည်း နောက်ဆုံးသတင်းထုတ်ပြန်ချက်တွင် ယခင်သဘောတူညီချက်များ မည်မျှပမာဏအထိပါဝင်ခြင်း ရှိ မရှိအပေါ် သဘောထားကွဲပြားမှုများရှိနေသေးကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# MNDAA လက်နက်ကိုင်အဖွဲ့များက လောက်ကိုင်မြို့ပေါ်သို့ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် မတ် ၁၈**

MNDAA လက်နက်ကိုင်အဖွဲ့များသည် တပ်မတော်စစ်ကြောင်းများ၏ အဓိက ထိုးစစ်ဆင်နေမှုကို နှောင့်နှေးစေရန်နှင့် လောက်ကိုင်မြို့တွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ မတ် ၁၇ ရက် ည ၇ နာရီ မိနစ် ၅၀ ခန့်မှ ည ၁၀ နာရီခန့်အထိ နှစ်နိုင်ငံနယ်စပ် ဘီပီ-၁၂၆ နှင့် ဘီပီ -၁၂၇ အကြားမှနေ၍ ၁၀၇ မမဟု ယူဆရသည့် Rocket ၁၀ လုံးဖြင့် ပစ်ခတ်နှောင့်ယှက်ခဲ့ကြောင်း သိရသည်။



လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော နေအိမ်ကို တွေ့ရစဉ်

MNDAA လက်နက်ကိုင်အဖွဲ့များပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များသည် နားလီကျေးရွာထိပ်တွင် တစ်လုံး၊ ထင်ပါကျိုင်းကျေးရွာအနီးတွင် လေးလုံး၊ လောက်ကိုင်မြို့ မဟာမြတ်မုနိဘုရားကုန်းအောက်ခြေတောစပ်တွင် နှစ်လုံး၊ စစ်မှုထမ်းဟောင်းအိမ်ရာအနီးတွင် သုံးလုံး စုစုပေါင်း ၁၀ လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် စစ်မှုထမ်းဟောင်းအိမ်ရာရှိ လူနေထိုင်ခြင်းမရှိသည့် အိမ်တစ်လုံး ထိမှန်ပျက်စီးခဲ့ပြီး ကျန်နေရာများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မဲရုံလုပ်ငန်းစဉ်များဆိုင်ရာ မဲရုံမှူး ဒုတိယမဲရုံးမှူးသင်တန်းဖွင့်လှစ်

**အမ်း မတ် ၁၈**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့တွင် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံလုပ်ငန်းစဉ်များဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးသင်တန်းကို မတ် ၁၈ နံနက် ၉ နာရီက အမ်းမြို့ ဈေးရပ်ကွက် ရွှေအမ်းတောင်ခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့သည်။

ရေးဦးစွာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမောင်ဖြူက သင်တန်းအဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသာညွန့်က မဲရုံမှူး၊ မဲရုံအဖွဲ့ဝင် တာဝန်ဝတ္တရား၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ မဲရုံအဖွဲ့ဝင်ခန့်ထားခြင်းနှင့် အထွေထွေရွေးကောက်ပွဲအတွေ့အကြုံများအရ သတိပြုရန်အချက်များအားပြောကြားခဲ့သည်။ ဆက်လက်၍ ကျောက်ဖြူခရိုင် ရွေးကောက်ပွဲကော်မရှင်အရာရှိ ဦးငွေအောင်ခိုင်က ကြားဖြတ်ရွေးကောက်ပွဲနှင့် မဲရုံဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ရွှေအမ်းတောင်ခန်းမ တပ်တောင်မြို့ ကဇုကိုင်းကျေးရွာအုပ်စု နေရာသုံးခုခွဲ၍ မတ် ၁၈ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၅၄ ဦးအား စတင်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မုံရွာမြို့နယ် မဲရုံ ၁၅၉ ရုံမှ မဲရုံမှူးများနှင့် ကြိုတင်ညှိနှိုင်းစည်းဝေး၊ မဲရုံဆက်စပ်ပစ္စည်းများထုတ်ပေး



**မုံရွာ မတ် ၁၈**

ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၏ အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်ကျေးရွာ ရွေးကောင်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ မဲရုံမှူးများကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်နှင့် မုံရွာမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ တာဝန်ရှိသူများနှင့် ကြိုတင်ညှိနှိုင်းပေါင်းစပ်ခြင်းနှင့်အတူ မဲရုံနှင့် သက်ဆိုင်သည့် ပစ္စည်းများအားလုံး ထုတ်ပေးခြင်းကို မတ် ၁၈ ရက် နံနက်ပိုင်းက မုံရွာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ပြုလုပ်သည်။

"ကြားဖြတ်ရွေးကောက်ပွဲရှိတဲ့မုံရွာမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အတွက် စစ်ကိုင်းတိုင်းဒေသကြီးရယ် မုံရွာခရိုင်ရယ်၊ မုံရွာမြို့နယ်တို့က ရွေးကောင်ပွဲကော်မရှင် အဖွဲ့ခွဲဝင်တွေဟာ မဲရုံ ၁၅၉ ရုံမှာ တာဝန်ထမ်းဆောင်ကြမယ့် မဲရုံမှူး ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲတွေနဲ့ ကြိုတင်ညှိနှိုင်းပေါင်းစပ်စည်းဝေးဖြစ်ပါတယ်။ ရည်ရွယ်တာကတော့ ရွေးကောက်ပွဲမှာ အခြေခံကျတဲ့ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲတွေ၊ မဲရုံမှူးတွေနဲ့ မဲပေးရာမှာ စနစ်ကျအောင် ကြိုတင်ညှိနှိုင်းတာ ဖြစ်ပါတယ်။ အခုအစည်းအဝေးမှာပဲ မဲရုံသုံးပစ္စည်းတွေကို ထုတ်ပေးသွားမှာဖြစ်သလို အဓိကက ရွေးကောက်ပွဲနေ့ မဲပေးတဲ့လုပ်ငန်းစဉ်မှာ အဆင်ပြေစေဖို့ ပေါင်းစပ်ညှိနှိုင်းတာဖြစ်ပါတယ်။ မဲရုံ ၁၅၉ ရုံအတွက် မဲရုံသုံးဆက်စပ်ပစ္စည်းအားလုံးနဲ့ မဲရုံအသုံးစရိတ်တွေကို တစ်ခါတည်း ထုတ်ပေးတာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအရာရှိ ဦးအောင်မျိုးလွင်က ပြောသည်။

မုံရွာမြို့နယ် ရပ်ကျေးကော်မရှင်အဖွဲ့ခွဲများအတွက် နေ့တွက်စရိတ် ၁၂ ရက်စာနှင့် မဲစာရင်းစောင့်ကြည့်ခများကို မတ် ၁၅ ရက်မှ စတင်ထုတ်ပေးနေရာ အဖွဲ့ဝင်တစ်ဦးချင်းစီ နေ့တွက်စရိတ်ထုတ်ပုံစံ(၄က)နှစ်စုံ လက်မှတ်ထိုး ယူဆောင်ကာ ထုတ်ယူလျက်ရှိပြီး မဲစာရင်းများကြေညာရန် အဆင်သင့်ပြင်ဆင်ထားရန်နှင့် မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ပေးခြင်းအတွက် ညွှန်ကြားချက်များကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအလိုက် အစည်းအဝေးများကို မတ် ၁၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ထို့အပြင် မတ် ၁၇ ရက်က မဲစာရင်းများကြေညာရန် မဲဆန္ဒရှင်သက်သေခံလက်မှတ်ထုတ်ပေးရန် သက်သေခံလက်မှတ်များ ထုတ်ပေးရာတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးသာ လက်မှတ်ထိုးရန် ထုတ်ပေးထားသော စာအုပ်ပုံစံဖြင့် မှတ်ပုံတင်ပြုလုပ်ပေးခဲ့သလို ရပ်/ကျေးဥက္ကဋ္ဌ အတွင်းရေးမှူး မဲရုံအဖွဲ့များဖြင့် ညှိနှိုင်းအစည်းအဝေးကို မတ် ၁၈ ရက်က ပြုလုပ်ခဲ့သည်။

ဆက်လက်၍ မတ် ၁၉ ရက်တွင် မဲရုံ ၁၅၉ ရုံတွင် မဲရုံအဖွဲ့သင်တန်းများကို တစ်ပြိုင်နက်တည်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သလို ကြိုတင်မဲများကို မတ် ၂၀ ရက်တွင် ထုတ်ပေးမည်ဖြစ်ပြီး ၂၁ ရက်တွင် ကြိုတင်မဲပေးခြင်းအတွက် ညွှန်ကြားချက်များကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအလိုက် အစည်းအဝေးများကို ပြုလုပ်ရန်စီစဉ်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကျေးလက်လမ်းနှင့် တံတားလုပ်ငန်းများ အရည်အသွေးပြည့်မီရန် ကွင်းဆင်းစစ်ဆေး

**မြိတ် မတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်အတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာချင်းဆက်လမ်းနှင့်တံတားလုပ်ငန်းမျာကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းပြည့်မီခြင်း ရှိ/မရှိနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ မတ် ၁၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူများက ကျောက်ဖျာကျေးရွာအုပ်စုအတွင်းရှိ ကဘင်း-နတ်သျှင်းသန့် ကျေးရွာချင်းဆက်လမ်းပေါ်တွင် ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၇၀၊ အကျယ်လေးပေရှိ တောင်ယာကြီးတံတား မွမ်းမံပြုပြင်ခြင်းလုပ်ငန်းကို 47 Construction ကုမ္ပဏီလီမိတက်က ခွင့်ပြုရန်ပုံငွေကျပ် ရှစ်သန်းဖြင့် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အရှည် ၈၅ ပေ၊ အကျယ် ၁၄ ပေရှိ မိချောင်းအိုင်တံတား ပြုပြင်မွမ်းမံခြင်းကို ကျပ် ၄၆ ဒသမ ၆၇ သန်းဖြင့် ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် နန်းတော်ရာကျေးရွာအုပ်စုရှိ တညက်-နန်းတော်ရာ ကျေးရွာချင်းဆက်လမ်းအရှည်တစ်မိုင်တွင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို နောင်ရိုး မြန်မာကုမ္ပဏီက ဆောင်ရွက်နေမှုကိုလည်း ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ် ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၇ ခုနှစ် မတ် ၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ သတင်းဆောင်းပါး အချပ်ပို(ဂ) ပထမကော်လံ စာပိုဒ်(၄)၏ နောက်ဆုံးစာကြောင်းတွင်ပါရှိသော ညွှန်ကြားရေးမှူး ဦးလင်းသိုက်ဝင်း(အစား) ညွှန်ကြားရေးမှူး ဦးအောင်သိုက်ဝင်းဟု ပြင်ဆင် ဖတ်ရှုပါရန်။

**စာတည်းအဖွဲ့(သတင်းစဉ်)**

# မြစ်ရေတင်ငါးခု၏ လုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းစစ်ဆေး

**ညောင်ဦး မတ် ၁၈**

ညောင်ဦးမြို့နယ်အတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် အဓိကဆောင်ရွက်ပေးနေသည့် မြစ်ရေတင်ကြီးငါးခု၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆန်းနှင့် ညောင်ဦးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ မတ် ၁၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ညောင်ဦးမြို့နယ်အတွင်းမှ ဒေသခံတောင်သူများအား စိုက်ပျိုးရေနှင့် သောက်သုံးရေပေးဝေလျက်ရှိသည့် လက်ပံခြေပေါ်မြစ်ရေတင်၊ ငါ့သရောက်မြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်နှင့် လောကနန္ဒာမြစ်ရေတင်များသို့ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့က ကွင်းဆင်းသွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြစ်ရေတင်များအလိုက် ရေပေးဝေရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။ မြစ်ရေတင်များမှ တာဝန်ရှိသူများအား ဒုတိယညွှန်ကြားရေးမှူးက "အခု နွေသီးနှံစိုက်ပျိုးချိန်ကာလမှာ စိုက်ပျိုးရေ အလုံလောက်ပေးဝေနိုင်ဖို့အတွက် စီမံဆောင်ရွက်ထားရန်နှင့် ရေလေလွင့်ဆုံးရှုံးမှုမရှိစေရန် မှာကြားခဲ့သည်။

ထို့အပြင် မြစ်ရေတင်များမှ သောက်သုံးရေပေးဝေလျက်ရှိသည့် ကျေးရွာများသို့လည်း ဆက်လက်သွားရောက်ကာ ကျေးလက်နေပြည်သူများနှင့်တွေ့ဆုံ၍ ရေရရှိနေမှုအခြေအနေများကိုစစ်ဆေးခဲ့ကာ ပြည်သူများ နွေရာသီကာလတွင် သောက်သုံးရေပြတ်လပ်ခြင်းမရှိစေဘဲ အပြည့်အဝ ရရှိသုံးစွဲနိုင်ရေးအတွက် မြစ်ရေတင်တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ရေပေးဝေသွားရန်လည်း မှာကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် သီဆိုပေးရန် သားငယ်နှင့် ဘီလီလမင်းအေးကို ကမ်းလှမ်းထား



ပြီးခဲ့သည့်နှစ် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်မှ ဖျော်ဖြေရေးအစီအစဉ်တစ်ခု

**မန္တလေး မတ် ၁၈**

Myanmar Idol အဆိုရှင်များဖြစ်သည့် သားငယ်နှင့် ဘီလီလမင်းအေးတို့ကို သင်္ကြန်ကာလအတွင်း မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် လာရောက်ဖျော်ဖြေသီဆိုပေးရန် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ကမ်းလှမ်းထားကြောင်း မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်တစ်ဦးထံမှ သိရသည်။

"Myanmar Idol က သားငယ်နဲ့ ဘီလီလမင်းအေးကို မေတ္တာနဲ့ နှစ်ရက် လာရောက်ဖျော်ဖြေပေးဖို့ ကမ်းလှမ်းထားပါတယ်။ ဒါ့အပြင် နေ့စဉ် ကျွန်တော်တို့မဏ္ဍပ်မှာ မန်းစည်ပင်ဆိုင်းဝိုင်း၊ စိန်ဒူးဝါးဆိုင်းနဲ့ မန္တလေးက မြန်မာ့ဆိုင်းပညာရှင်တွေက စည်ပင်ယိမ်းအကအဖွဲ့တွေနဲ့ ပုံမှန်ဖျော်ဖြေပေးနေမှာဖြစ်ပါတယ်"ဟု မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။ သင်္ကြန်ကာလအတွင်း မန္တလေးပြည်သူများ ပျော်ရွှင်မှုနှင့် စိတ်အပန်းဖြေမှုရရှိစေရန် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် အင်ပါယာတီးဝိုင်းကိုလည်း ငှားရမ်းထားကြောင်း သိရသည်။

ထို့အပြင် ချမ်းမြသာစည်မြို့နယ်ရှိ မနော်ရမာန် အပန်းဖြေဥယျာဉ်တွင်လည်း လူငယ်များ သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနိုင်စေရန် ဆမ်ဆောင်း၊ ကိုကာကိုလာနှင့် ချာနယ် ဆယ် ဗန်းကုမ္ပဏီတို့မှ သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့် လျှောက်ထားခဲ့ကြပြီး ထိုမဏ္ဍပ်များတွင် သီဆိုကြမည့် နာမည်ကြီး အဆိုတော်များနှင့် အနုပညာရှင်များကိုလည်း မြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် နေ့စဉ် အလှည့်ကျ သုံးနာရီ လာရောက်ဖျော်ဖြေပေးရန်လည်း သဘောတူထားပြီးဖြစ်ကြောင်း ဦးကျော်ဆန်းမြင့်က ဆက်လက်ပြောကြားသည်။

ယခုနှစ် မန္တလေးသင်္ကြန်တွင် မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ခတ်ပုံပြိုင်ပွဲ၊ သံချပ်ပြိုင်ပွဲနှင့် အလှပြယာဉ်ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းမရှိသော်လည်း မြို့တော်မဟာသင်္ကြန်မဏ္ဍပ်သို့ လာရောက်ဖျော်ဖြေကြမည့် အဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဗိုလ်ချုပ်အောင်ဆန်းပုံ ရိုက်နှိပ်ထားသည့် အထူးထုတ်တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းပါစာအိတ်များရောင်းချ

**ရန်ကုန် မတ် ၁၈**

နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပထမဦးဆုံးဝန်ကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းပုံဖြင့် ရိုက်နှိပ်ထားသည့်ငွေကျပ် ၅၀၀ တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းနှင့် ငွေကျပ် ၅၀၀ တန် တံဆိပ်ခေါင်းပါ စာအိတ်တို့ကို မတ် ၁၇ ရက် နံနက်မှစတင်ကာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လုပ်ငန်းပြည့် စာတိုက်အသီးသီးတို့၌ ရောင်းချသည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ပထမဆုံးနေ့ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများ၊ တံဆိပ်ခေါင်းပါစာအိတ်များနှင့် ပထမနေ့စာအိတ်(Firstday Cover)များပေါ်၌ နေ့စွဲ အမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသည်။ ရန်ကုန်မြို့ ကမ်းနားလမ်း ရန်ကုန်စာတိုက်ကြီး ပထမထပ်ရှိ အရောင်းကောင်တာ၌ အဆိုပါ အထူးထုတ်တံဆိပ်ခေါင်းနှင့် အထူးထုတ်စာအိတ်များကို ဝယ်ယူအားပေးသူများနှင့် ပထမနေ့အမှတ်တံဆိပ်ရိုက်နှိပ်သူများအား သက်ဆိုင်ရာဝန်ထမ်းများက နံနက်ပိုင်းမှ ညနေပိုင်းအထိ ရောင်းချ တံဆိပ်ရိုက်နှိပ်ပေးခဲ့ကြသည်။ **ကိုချစ်**

## ရန်ကုန်မြို့တွင်းတွင် စည်းကမ်းမဲ့ယာဉ်များကြောင့် ယာယီယာဉ်ပိတ်ဆို့မှုများဖြစ်နေ

**ရန်ကုန် မတ် ၁၈**

ရန်ကုန်မြို့တွင်း ယာဉ်သွားလာမှုထူထပ်များပြားသော နေရာများတွင် စည်းကမ်းမဲ့ယာဉ်အချို့ကြောင့် ယာယီယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

မတ် ၁၆ ရက် ည ၇ နာရီခန့်က မော်တင်(လမ်းသစ်)ဆိပ်ကမ်းဝင်ပေါက် ခုံးကျော်တံတားအခြေတွင် ကုန်ရထားတွဲတစ်စင်း နာရီဝက်ခန့်ကြာအောင် ပိတ်ရပ်ထား၍



မော်တင်ဆိပ်ကမ်းဝင်ပေါက်တွင် ပိတ်ရပ်နေရသော ကုန်ရထား

ဆိပ်ကမ်းသို့ အဝင်အထွက်လုပ်မည့်ယာဉ်များနှင့် လမ်းသွားလမ်းလာများ အခက်အခဲကြုံတွေ့ခဲ့သည်။ ယာဉ်များမှာ နောက်ကြောင်းပြန်လှည့်သွားရပြီး လမ်းသွားလမ်းလာများမှာ ရထားတွဲများကြားမှ ကျော်လွှား၍သွားခဲ့ရသည်ကို တွေ့ရသည်။ ရထားရပ်တန့်ရခြင်းမှာ ကမ်းနားလမ်းမသစ် ဝါးတန်းဆိပ်ကမ်း ဝင်ပေါက်အနီး ရထားသံလမ်းပေါ်တွင် ကုန်သေတ္တာတင်ယာဉ်အချို့ ပိတ်ရပ်ထား၍ဖြစ်ကြောင်းနှင့် ထိုကုန်တင်ယာဉ်ကြီးများ မောင်းနှင်သွားပြီးမှ ရထားတွဲမောင်းနှင်၍ရခဲ့ကြောင်း သိရသည်။

မတ် ၁၇ နံနက် ၁၀ နာရီခန့်ကလည်း ဗိုလ်တထောင်ဘုရားအနီး ကမ်းနားလမ်းဟောင်းပေါ်တွင် ကုန်သေတ္တာတင်ယာဉ်များ ခေါင်းချင်းဆိုင်ပိတ်နေကြသဖြင့် အခြားယာဉ်များ ဖြတ်သန်းမရဘဲ လမ်းကြောများပိတ်ဆို့ခဲ့သည်။ ထိုယာဉ်ကြော ပိတ်ဆို့မှုကြောင့် မြို့တွင်းပတ်လိုင်းပြေးဆွဲနေသော ခရီးသည်တင်ယာဉ်များပါ အဆက်ပြတ်ကာ အနော်ရထာလမ်းအတိုင်း ဗိုလ်တထောင်မှ မော်တင်ဘက်သို့သွားမည့် ခရီးသည်များမှာ နာရီဝက်ခန့်ကြာသည်အထိ စောင့်ဆိုင်းနေခဲ့ရကြောင်း သိရသည်။

ယခင်က ကုန်ကားကြီးများ၊ ကုန်သေတ္တာတင်ယာဉ်ကြီးများကို မြို့တွင်းဝင်ရောက်သွားလာခွင့် အချိန်ကန့်သတ်ထားရာမှ ယခုအခါ နေ့ပိုင်း ၁၁ နာရီမှ ညနေ ၃ နာရီအထိအတွင်း ပြန်လည်မောင်းနှင်ခွင့်ပြုလိုက်ရာ ကားလမ်းများပေါ်တွင် ယာဉ်များ စည်းကမ်းတကျ မောင်းနှင်သွားလာမှသာ ကားလမ်းပိတ်ဆို့မှု လျော့နည်းမည်ဖြစ်ကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်များ မဖြစ်ပွားရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက စောင့်ကြည့်အရေးယူပေးရန် လိုအပ်ကြောင်း လမ်းအသုံးပြု သွားလာနေကြသူများက ပြောဆိုလျက်ရှိသည်။

**ခင်ဆိုင်**

## လမ်းပျောက်နေသော ကလေးငယ်နှစ်ဦးကို မိဘများထံ ပြန်လည်အပ်နှံ

**ရေကြည် မတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အသုတ်မြို့မရဲစခန်းသို့ မတ် ၁၇ ရက်က ဒုရဲအုပ်ကျော်ခိုင်မင်း တာဝန်ထမ်းဆောင်နေချိန်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ် (၅) ရပ်ကွက်နေ ဦးခင်မောင်ဝင်း၊ အမျိုးသမီးရေးရာနှင့် ကလေးသူငယ် စောင့်ရှောက်ရေးအဖွဲ့ဝင်များက တိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အသုတ်မြို့ဆိပ်သာကျေးရွာနေ မသက်ပိုင် (၁၄) နှစ်နှင့် ညီမဖြစ်သူ မစန္ဒာ(၁၂) တို့သည် ရန်ကုန်မြို့တွင် အလုပ်လုပ်ကိုင်နေသူ အစ်မထံသို့ သွားလည်ရာမှ မျက်စိလည် လမ်းမှား၍ မတ် ၁၆ ရက်က ကမာရွတ်မြို့နယ် အမှတ် (၄) ရပ်ကွက် ရွှေပုန်းညွန့် ဝန်ထမ်းအိမ်ရာအနီး မီးရထားလမ်းပေါ်၌ တွေ့ရှိရသဖြင့် လှိုင်သာယာမြို့နယ် အမှတ် (၅) ရပ်ကွက်နေ မစန်းစန်းခိုင်က ကလေးငယ်နှစ်ဦးအား မေးမြန်းစုံစမ်းကြည့်ရာ ဒုက္ခရောက်နေကြောင်း သိရသည်။

ကလေးနှစ်ဦးအား နေရပ်လိပ်စာမေးမြန်းရာ မသက်ပိုင်က အသုတ်ကိုရောက်ရင် သွားတတ်သည်ဟု ပြောသဖြင့် အသုတ်မြို့မရဲစခန်းသို့ လာရောက်အပ်နှံခဲ့သည်။ မေးမြန်းရာတွင် ဆိပ်သာကျေးရွာ၌ နေထိုင်ကြောင်းသိရ၍ ကလေးငယ်နှစ်ဦး၏ မိဘများအားခေါ်ယူမေးမြန်းရာ မှန်ကန်သောကြောင့် လာရောက်အပ်နှံသူများ၊ အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အသုတ်မြို့မရဲစခန်းမှူးတို့က ကလေးငယ်နှစ်ဦးအား ၎င်းတို့၏ မိဘများထံသို့ စနစ်တကျလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

## ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၂ တွင် ဖော်ပြခဲ့သော ဦးကိုနီအား လုပ်ကြံခဲ့သူ ကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူများအား ရုံးထုတ်စစ်ဆေး၊ ရှေ့နေမစုံလင်သဖြင့် လာမည့်အပတ်သို့ ထပ်မံချိန်းဆိုသတင်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဖွဲ့ပေးသည့် ခုံအဖွဲ့၌ **ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးမှ ခရိုင်တရားသူကြီးအစား ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးမှ ခရိုင်တရားသူကြီး** ဟု ပြင်ဆင်ဖတ်ရှုပါရန် ။

ဇော်ကြီး (ပဏ္ဍိတ)

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၈**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈၅ စီး၊ သွင်းကုန် ၇၇၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး၊ သွင်းကုန် ၂၀၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် မတ် ၁၇ ရက် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၂၅၁၄ သန်းခန့်ရှိသည့်အနက် ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၇ ရက်တွင် မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Black



Label 1 liter (1x 12) (40) pkgs၊ Spy Wine 275 ml (1x25) (15) pkgs နှင့် Chang Beer 330 ml (1x 24 can) (35) Pkgs စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၅၇ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော**
**ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၇ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၈ခုနှစ်၊ လ ရက်**
**(၂၀၁၇ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၂တွင် (က)

ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) **ထုတ်လုပ်ခြင်း** ဆိုသည်မှာ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအဖြစ်သို့ ရောက်ရှိစေရန် ထုတ်လုပ်ခြင်း၊ ယင်းသို့ထုတ်လုပ်သော အရာဝတ္ထုကို ဓာတုပစ္စည်း သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးနှင့် ရောစပ်၍ ပြုပြင်ထုတ်လုပ်ခြင်း၊ဖော်စပ်ခြင်း၊ ပြင်ဆင်ပြုလုပ်ခြင်းကို ဆိုသည်။"

(ခ) ပုဒ်မခွဲ(စ)၏နောက်တွင် ပုဒ်မခွဲ(ဆ)နှင့်(ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဇ) **လူမှုရေးပြစ်ဒဏ်** ဆိုသည်မှာ သတ်မှတ်ဝတ်စုံဖြင့် ကြီးကြပ်သူရှေ့မှောက်၌ အများပြည်သူဆိုင်ရာ နေရာများတွင် အများပြည်သူအကျိုးရှိစေသည့် လုပ်ငန်းများဖြစ်သည့် သစ်ပင်ပန်းမန် စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လမ်းတံတားများပြုပြင်ခြင်း၊ လူမှုရေးအဖွဲ့များနှင့် ပူးပေါင်း၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့်လုပ်ငန်းများကို ကိုယ်တိုင်လုပ်အားဖြင့် အခမဲ့ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းကို ဆိုသည်။"

၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃ တွင် ပုဒ်မခွဲ(ခ)ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊"

၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃ တွင်- (က) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(င) မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ပြည်တွင်းမူဘောင်များချမှတ်၍ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ထုတ်လုပ်ခြင်းများကို တားဆီးကာကွယ်ရန် ကမ္ဘာ့နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်"

(ခ) ပုဒ်မခွဲ (င)၏နောက်တွင် ပုဒ်မခွဲ (စ)နှင့် (ဆ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(စ) ရှိရင်းစွဲဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးယန္တရားများကို အသုံးပြု၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးကို တွန်းအားပေးဆောင်ရွက်ရန်

(ဆ) ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါး ထိန်းချုပ်မှုဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ ရေတိုစီမံကိန်းများနှင့် ရေရှည်ရည်မှန်းချက်ပန်းတိုင်များ ချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် တရားမဝင်စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်လျက်ရှိသည့် လူမှုစီးပွားရေး ပြဿနာရပ်များအား ဖြေရှင်းရန်"

၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၅ တွင် ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေရမည်။"

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၆ တွင်-

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း"

(ခ) ပုဒ်မခွဲ(င)နှင့် (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) ဆေးဝါးသုံးစွဲသူများအား ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ပညာပေး လှုံ့ဆော်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်လျှော့ချပေးရေးတို့နှင့် စပ်လျဉ်း၍ အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(စ) ဆေးဝါးသုံးစွဲသူများကို ပြန်လည်ထူထောင်ပေးရေးနှင့် စပ်လျဉ်း၍ စီမံချက်များချမှတ်ပြီး စည်းရုံးလှုံ့ဆော်ခြင်း၊ စာရင်းကောက်ယူခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ သင့်လျော်သော ကူညီထောက်ပံ့မှုများပေးခြင်း၊ ကောင်းမွန်သော လူနေမှုဘဝသို့ ပြန်လည်ရောက်ရှိစေရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊"

(ဂ) ပုဒ်မခွဲ (ဈ) နှင့် (ည) တို့ကိုပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ(ဏ)၏နောက်တွင် ပုဒ်မခွဲ(တ) (ထ) (ဒ) (ဓ) (န) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(တ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း ပြစ်မှုကျူးလွန်သူများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ အခြားနိုင်ငံကအလိုရှိသော မြန်မာနိုင်ငံသားတရားခံကို လည်းကောင်း၊ မြန်မာနိုင်ငံကအလိုရှိသော အခြားနိုင်ငံမှ တရားခံကို လည်းကောင်း၊ လွှဲပြောင်းပေးရာတွင် တရားခံလွှဲပြောင်းခြင်း ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊"

"(ထ) မူးယစ်ဆေးဝါးသုံးစွဲသည့်အတွက် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကိုကလေးသူငယ်များနှင့် လူငယ်များမှ သိရှိနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း"

"(ဒ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ ကျန်းမာဖွံ့ဖြိုးသည့် လူမှုဘဝများဖြစ်လာစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ခြင်း"

"(ဓ) မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဆိုးကျိုးများအား လူမှုရေးမီဒီယာများနှင့် အခြားသောသတင်းမီဒီယာများမှတစ်ဆင့် ကျောင်းအတွင်းနှင့် ကျောင်းပြင်ပ၊ အလုပ်နေရာများတွင်ပါ ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း"

"(န) ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့် ဥပဒေအရ အကောင်အထည်ဖော်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြီးကြပ်လမ်းညွှန်ခြင်း"

၇။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၇ တွင်-

(က) ပုဒ်မခွဲ(က) နှင့် (ခ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(က) တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊

(ခ) အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့၊"

(ခ) ပုဒ်မခွဲ(ဈ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဈ) ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့၊"

(ဂ) ပုဒ်မခွဲ (ဋ) ကို ပယ်ဖျက်ရမည်။

၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၈ တွင် ပုဒ်မခွဲ(က)၌ ပါရှိသော "ပြည်နယ်/တိုင်း" ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊" ဆိုသည့် စကားရပ် ဖြင့် အစားထိုးရမည်။

၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ အခန်း(၅) ခေါင်းစဉ်ကို အောက်ပါအတိုင်းအစားထိုးရမည်-

**"ဆေးဝါးသုံးစွဲသူကို ဆေးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း"**

၁၀။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၉ တွင် -

(က) ပုဒ်မခွဲ(က) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(က) ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနက သတ်မှတ်သည့် ဌာန သို့မဟုတ် ဤ ကိစ္စအလို့ငှာ အစိုးရအသိအမှတ်ပြု ဆေးကုသဌာနတွင် ဆေးကုသမှုခံယူရမည်။"

(ခ) ပုဒ်မခွဲ(ခ)တွင်ပါရှိသော "မှတ်ပုံတင်ထားသော" ဆိုသည့် စကားရပ်ကို ပယ်ဖျက်၍ ကျန်းမာရေးဝန်ကြီးဌာနဆိုသော စကားရပ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဟု အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(ဂ)တွင်ပါရှိသော "မှတ်ပုံတင်၍" ဆိုသည့်စကားရပ်ကို ပယ်ဖျက်၍ ကျန်းမာရေးဝန်ကြီးဌာနဆိုသော စကားရပ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဟု အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ (ဂ) ၏နောက်တွင် ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) ၊(ဆ) ၊ (ဇ) နှင့် (ဈ) တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(ဃ) ရဲတပ်ဖွဲ့ဝင်သည် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူအား ပဏာမဆေးစစ်ချက်ခံယူရန် သို့မဟုတ် ဆေးကုသမှုခံယူနိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်သည့်ဌာန သို့မဟုတ် အစိုးရက ဤကိစ္စအလို့ငှာ အသိအမှတ်ပြုထားသည့် အနီးဆုံးဆေးကုသဌာနသို့ ပို့အပ်နိုင်သည်။

(င) သက်ဆိုင်ရာရဲအရာရှိသည် ပုဒ်မခွဲ(ဃ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်သူအား စိစစ်ပြီး လိုအပ်ပါက ခံဝန်ချုပ် ချုပ်ဆိုစေသည့်အမိန့်ချမှတ်နိုင်ရန် သက်ဆိုင်ရာ တရားရုံးသို့ လျှောက်ထားရမည်၊

(စ) တရားရုံးသည် ပုဒ်မခွဲ (င) အရ လျှောက်ထားခြင်းခံရသူအား ဆေးစစ်ချက်ခံယူနိုင်ရေးနှင့် ဆေးကုသမှုခံယူနိုင် စေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ခံဝန်ချုပ် ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်သည်-

(ဆ) ဆေးဝါးသုံးစွဲသူသည် ပုဒ်မခွဲ (စ) အရတရားရုံးမှ ချမှတ်သောအမိန့်နှင့်အညီ ခံဝန်ချုပ် ချုပ်ဆိုခြင်းမပြုလျှင်ဖြစ်စေ၊ ချမှတ်သော ခံဝန်ချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဆေးကုသမှုခံယူရေးနှင့် ပြုစုပျိုးထောင်ရေးတို့အတွက် ဤကိစ္စ အလို့ငှာ ဖွင့်လှစ်ထားသော သက်ဆိုင်ရာပြုစုပျိုးထောင်ရေးဌာန သို့မဟုတ် ပြန်လည် ထူထောင်ရေးစခန်းသို့ အနည်းဆုံး ၃ လမှ အများဆုံး ၅ လအထိ ပို့အပ်ခြင်းခံရမည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ (မူကြမ်း)**
**(၂၀၁၇ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့စာရင်းကိုင်များပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။


၂။ ပြည်သူ့စာရင်းကိုင်များပျက်ကွက်မှုအက်ဥပဒေ The Public Accountants Default Act ,1850 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# သောက်ရေပြတ်လပ်နေသည့်ကျေးရွာသို့ ရေများလှူဒါန်း


**ရေစကြို မတ် ၁၈**


ရေစကြိုမြို့နယ် ခံစပ်တောကျေးရွာရှိ ဒေသခံပြည်သူများ သောက်ရေပြတ်လပ်နေသည့်အတွက် မတ် ၁၇ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးမြင့်ဖေ၊ မြို့မစခန်းမှူး ဒုတိယရဲမှူးအောင်ချိုဦးနှင့်တပ်ဖွဲ့ဝင်များသည် သောက်ရေသန့်ဂါလန် ၂၀၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။


ခံစပ်တောကျေးရွာ အောင်သပြေညွန့်ဘုန်းတော်ကြီးကျောင်းဆရာတော်က ကျေးရွာပြည်သူများမှာ သုံးရေလုံလောက်သော်လည်း သောက်ရေပြတ်လပ်နေကြောင်း အကူအညီတောင်းခံလာသည့်အတွက် ဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာပြည်သူများအတွက် သောက်ရေသန့်ဂါလန် ၂၀၀၀ ကို ကံပွင့်ရေသယ်ယာဉ်ဖြင့် သွားရောက်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **ဖေထွန်းဇော်(ရေစကြို)**













HTOO



# ဗန်းစကားပြဿနာ (၃)

## မောင်ခင်မင်(ဓနုဖြူ)

"တူရာတူရာ လူစုတွေက ထွင်သုံးလို့ဗန်းစကားတွေပေါ်လာတာ သဘာဝပဲ။ တစ်ခုပြောရဦးမယ်။ စာရေးဆရာကြီး ဒဂုန်နတ်ရှင်ဆိုတာကြားဖူးမှာပေါ့"

"ကြားဖူးပါတယ်ဘဘ၊ 'စာပေဝတ်ဆံ' ဆိုတဲ့စာအုပ်ရေးတဲ့ဆရာကြီးပါ"

"ဟုတ်တယ်။ ဆရာကြီးက သူ့အတ္ထုပ္ပတ္တိတစ်အုပ်လည်းရေးဖူးတယ်။ ဆရာကြီးငယ်ငယ်တုန်းက ရဟန်းဝတ်ဖူးတဲ့အကြောင်းပါတယ်။ ဆရာကြီး ရေးတာက ဦးပဉ္စင်းကို 'ယောပန' လို့ ဗန်းစကားနဲ့ သူတို့ခေတ်တုန်းက ခေါ်ကြတယ်...တဲ့"

"ဩော် 'ယောပန' ဆိုတာ 'ဦးပဉ္စင်း' လို့အဓိပ္ပာယ်ရတဲ့ ဗန်းစကားပေါ့နော်ဆရာကြီး"

"ဟုတ်တယ်။ ယောပန ဆိုတဲ့ပါဠိစကားလုံးကို ဘယ်မှာကြားဖူးသလဲ"

"အင်း...သမီးသိပြီဘဘ။ ဓမ္မစကြာမှာ 'ယောပန ဘိက္ခဝေ' ဆိုတာပါတယ်မဟုတ်လား"

"အေး...အဲဒီလိုပေါ့။ အဲဒီစကားကိုယူပြီး 'ယောပန' ခေါ်ရင်း ဗန်းစကားဖြစ်သွားတာပေါ့"

"အခုခေတ်မှာလည်း ရဟန်းတွေသုံးတဲ့ ဗန်းစကားတွေရှိမှာပဲ။ ဦးပဉ္စင်းတွေကို လျှောက်ထားမေးမြန်းကြည့်ရင် သိမှာပေါ့နော်ဘဘ"

"သမီးကြုံရင် လျှောက်ထားကြည့်ပါလား။ ဗဟုသုတရတာပေါ့"

"ဆရာကြီး ဗန်းစကားတွေကို စုပြီးလေ့လာထားတဲ့ စာအုပ်မျိုးတွေရှိပါသလား"

"အေး...ရှိတာပေါ့ကွယ်။ ဘာသာစကားပညာရှင်တွေက ဗန်းစကားတွေကိုစုစည်းပြီး လေ့လာထားကြတာတွေရှိတယ်။ မြန်မာစွယ်စုံကျမ်း အတွဲ(၈)မှာ 'ဗန်းစကား' ဆိုတဲ့ခေါင်းစဉ်ပါတယ်။ ရေးတဲ့ပုဂ္ဂိုလ်က ဘာသာဗေဒပညာရှင်ဆရာကြီး ဦးတင်လှပဲ။ တက္ကသိုလ်ဘာသာမြန်မာဌာနမှာ စာတည်းလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပေါ့"

"ဟုတ်ကဲ့ပါ"

"ဆရာကြီးဦးတင်လှက ဗန်းစကားရဲ့ သဘာဝနဲ့မြန်မာဗန်းစကားတွေအကြောင်း ရှင်းပြထားတယ်။ ဘာသာစကားတိုင်းမှာ ဗန်းစကားရှိတဲ့အကြောင်းကစပြီး နယ်ပယ်အသီးသီးမှာ သုံးတဲ့ဗန်းစကားတွေကိုပြထားတယ်"

"သဘင်သည်တွေသုံးတဲ့ဗန်းစကားတွေထဲမှာ 'ဝက်' ဆိုတာပိုက်ဆံကိုခေါ်တာ 'ဝက်ထောတယ်' ဆိုတာပိုက်ဆံပေါတာကိုခေါ်တာပေါ့"

"ခုခေတ်အသုံးဆိုရင် 'ရေလျှံတယ်' ပေါ့နော် ဘဘ"

"အေး...အေး ဆရာကြီးဦးတင်လှက ရဲတွေသုံးတဲ့ ဗန်းစကားလည်းပြထားတယ်။ သတ္တိကောင်းတဲ့လူဆိုးဓားပြကို 'မြွေပွေး' လို့ခေါ်တယ်တဲ့။

ဓားပြဂိုဏ်းကြီးကိုတော့ 'တောင်ပံနီ' တဲ့။ လက်ပစ်ဗုံးကိုတော့ 'နာနတ်သီး' တဲ့။ စွယ်စုံကျမ်းမှာ ရှာကြည့်ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ။ ရှာကြည့်ပါ့မယ်"

"ဆရာကြီးဦးတင်လှပြောထားတဲ့အချက် တစ်ချက်ရှိသေးတယ်။ ဗန်းစကားတွေဟာ စာသုံးပေသုံးမဟုတ်ဘဲ အရပ်စကားထဲက ပေါက်ဖွားလာတာ...တဲ့။ ဗန်းစကားတစ်လုံးဟာ အသုံးတွင်ကျယ်လာပြီး စာပေထဲဝင်သွားရင်တော့ ဗန်းစကားလို့မခေါ်နိုင်တော့ဘူး...တဲ့"

"ဒီလိုဆိုရင် ဗန်းစကားတွေလည်း စာသုံးစကားဖြစ်လာနိုင်တာပေါ့နော်"

"သိပ္ပံမောင်ဝရေးဖူးတဲ့ အကြောင်းတစ်ခုလည်းပြောဦးမယ်။ သိပ္ပံမောင်ဝက ၁၉၂၇ ခုဇွန်လ ၁၈ ရက်နေ့ထုတ် သူရိယရက်ခြားသတင်းစာမှာ 'ပေါ်ပေါက်ခါစ စကားကလေးများ' ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်ပုဒ်ရေးဖူးတယ်"

"ဟုတ်ကဲ့ပါ"

"ဘယ်လိုရေးထားသလဲဆိုရင် ခုခေတ်မှာ 'ကြမ်းပိုး' ဆိုတဲ့စကားကိုကာလပေါ်စကားအဖြစ်သုံးလာကြတယ်..တဲ့ 'ကွမ်းကြမ်းပိုး' တို့၊ ဘိုင်စကုတ် ကြမ်းပိုးတို့၊ ကလပ်ကြမ်းပိုးတို့ဆိုတဲ့ အသုံးတွေကို သတင်းစာတွေ၊ မဂ္ဂဇင်းတွေမှာ တွေ့နေရတယ်...တဲ့"

"ဟုတ်ကဲ့ပါ"

"မွေ့ရာ၊ ကုလားထိုင်တွေမှာ ကပ်ရပ်ပြီးသွေးစုပ်တဲ့ ကြမ်းပိုးကိုမြင်းပွဲတို့၊ ဖဲဝိုင်းတို့၊ ကလပ်တို့မှာကပ်ရပ်ပြီး သူများအပေါ်မှီခိုနေတဲ့။အလုပ်မရှိတဲ့သူကို 'ကြမ်းပိုး' လို့ခေါ်ဟန်တူတယ်..တဲ့"

"ဟုတ်ကဲ့ပါ"

"ဒီတော့သိပ္ပံမောင်ဝအဆိုအရ အလုပ်မရှိဘဲကပ်ရပ်နေတဲ့သူကို 'ကြမ်းပိုး' လို့တင်စားသုံးတာဟာအဲဒီ ၁၉၂၇ ခုနှစ်လောက်က စသုံးတယ်ဆိုတာ တွေ့ရတာပေါ့။ ဒါကြောင့် ပေါ်ပေါက်ခါစ စကားကလေးများလို့ခေါ်ထားတာလေ။ သုံးခါစဆိုတော့ဗန်းစကားအဆင့်ပဲရှိသေးတာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ...အခု ၂၀၁၇ ဆိုတော့အဲဒီစကားလုံးကိုသုံးလာတာ အခုဆိုရင် နှစ် ၉၀ ရှိပြီနော်။ သားတို့သမီးတို့စဉ်းစားကြည့်စမ်း။ အဲဒီ 'ကြမ်းပိုး' ဟာ ခုဆိုရင်ဗန်းစကားမဟုတ်တော့ဘူး။ တည်တည်တံ့တံ့သုံးတဲ့စကားဖြစ်နေပြီ။ 'ဒီကောင်က ဖဲကြမ်းပိုးပဲ' ဆိုပြီးမလိုလားတဲ့ အဓိပ္ပာယ်နဲ့သုံးသလို၊ 'သူကတော့ စာကြမ်းပိုးပဲ၊ စာပေနဲ့စပ်တယ်' ဆိုပြီးလိုလားတဲ့အဓိပ္ပာယ်နဲ့လည်း သုံးနေပြီး အဘိဓာန်ထဲမှာလည်း နေ့စဉ်သုံးတဲ့စကားလုံးတစ်လုံးအဖြစ် ထည့်ပြနေပြီလေ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ ဆရာကြီးဦးတင်လှပြောသလိုပဲ ဗန်းစကားတစ်လုံးဟာ အသုံးတွင်ကျယ်လာပြီး စာထဲပေထဲမှာထည့်သုံးလာရင် ဗန်းစကားမဟုတ်တော့ဘဲ နေ့စဉ်သုံးစကားအဖြစ် တည်တံ့သွားတာပဲလေ"

"ဟုတ်ကဲ့ပါ"

"ဘာသာဗေဒပညာရှင်တွေပြောတာတစ်ခုရှိသေးတယ်။ ဘာသာစကားတွေမှာ စကားလုံးသစ်တွေ အမြဲတိုးပွားနေတယ်... တဲ့ လူမှုကိစ္စအသစ်တွေ ပေါ်ပေါက်လာတာနဲ့အမျှ စကားလုံးသစ်တွေလည်း ပေါ်ပေါက်နေတယ်တဲ့။ အဲဒီလို ဘာသာစကားလမ်းကြောင်းထဲကို ဝင်ချင်လွန်းလို့ အဝမှာ ရစ်သီရစ်သီလုပ်နေတဲ့ စကားလုံးတွေကတော့ ဗန်းစကားတွေပဲတဲ့။ ဒါပေမယ့် အဲဒီဗန်းစကားအားလုံးတော့ ဝင်ခွင့်မရဘူး။ အနည်းအကျဉ်းပဲ ဝင်ခွင့်ရတယ်... တဲ့"

"ဟုတ်ကဲ့ ဘဘ။ အခုဘဘပြောတာကို သမီးသိပ်နားမလည်သလို ဖြစ်နေပါတယ်"

"ဒီလိုလေ။ ခေတ်အဆက်ဆက် ဗန်းစကားတွေ အများကြီးပေါ်လာတာပဲ။ ဒါပေမယ့် အဲဒီဗန်းစကားအားလုံး တည်တည်တံ့တံ့ သုံးတဲ့နေ့စဉ်သုံးစကားတွေ ဖြစ်မလာဘူးလေ။ ဆိုပါတော့ကွယ်။ ၁၉၆၀ -၇၀ ဝန်းကျင်က 'အာလူးပေးတယ်'၊ 'အာလူးဖုတ်တယ်' ဆိုတဲ့ ဗန်းစကား တော်တော်တွင်ကျယ်ခဲ့တယ်"

"အဲဒါ ဘာအဓိပ္ပာယ်လဲ ဘဘ"

"ဟော.. သမီးတို့အရွယ်တောင် ခုဒီစကားကို မသိတော့ဘူး။ သုံးလည်းမသုံးတော့ဘူးလေ။ 'စကားများတယ်၊ လေပေါတယ်' ဆိုတဲ့ အဓိပ္ပာယ်နဲ့သုံးတဲ့ စကားပဲ။ 'အာလူးလာမပေးနဲ့၊ လေနည်းနည်းလျှော့' ဆိုတဲ့သီချင်းတောင်ပေါ်သေးတယ်။ အဲဒီတုန်းက တွင်တွင်ကျယ်ကျယ် သုံးခဲ့ပေမယ့် အခုသမီးတို့ခေတ်မှာ အဲဒီဗန်းစကား ပျောက်သွားပြီလေ။ တည်တည်တံ့တံ့သုံးတဲ့ စကားလုံးအဖြစ် ရောက်မလာဘူး"

"နားလည်ပါပြီ ဘဘ"

" ခိုးတယ် ဆိုတဲ့စကားဆိုပါတော့ 'လစ်တယ်' တဲ့၊ 'အလစ်သုတ်တယ်' တဲ့။ နောက်တော့ 'ဘုံးတယ်' တဲ့ 'ကစ်တယ်' တဲ့၊ 'တိုတယ်' ဆိုတာလည်းသုံးတယ်။ သူခိုးကို 'ငတို' လို့ခေါ်တာလေ"

"လာဘ်စားတာကို ခေါက်ဆွဲစားတယ်လို့လည်း သုံးတယ်နော် ဆရာကြီး ကျွန်တော်ကြားဖူးတယ်"

"ဟုတ်တယ်။ ဘောလုံးပွဲမှာ ဘယ်အသင်းက ခေါက်ဆွဲစားလို့ဆိုတာမျိုး ရေးကြဖူးတယ်။ တာဝန်ရှောင်ပြီး သူများကိုလွှဲချတာကို 'ဘော်လီဘောပုတ်တယ်' လို့သုံးတာကတော့ အခုလည်း သုံးနေတုန်းဖြစ်တယ်"

"ရစ်တယ် ဆိုတဲ့ စကားလည်းဗန်းစကားပေါ့နော်"

"ဟုတ်တာပေါ့။ ဖြောင့်ဖြောင့်တန်းတန်းလုပ်မပေးဘဲ ကွေ့ဝိုက်နေတာမျိုး လှည့်ပတ်နေတာမျိုးကို 'ရစ်နေတယ်' လို့သုံးတာတော်တော် ပေါ်လွင်တာပဲ။ အဲဒီလိုရစ်တတ်တဲ့ အထက်အရာရှိကို 'မောင်ရစ်' လို့ခေါ်ရာကနေပြီး 'မဟာဗန္ဓုလ' လို့ခေါ်တဲ့အထိ ခြေလှမ်းကျဲသွားတာမျိုးလည်းရှိတယ်။"

"ဩော် ... မဟာဗန္ဓုလရဲ့ငယ်နာမည်က မောင်ရစ်ကိုး"

"အခါအားလျော်စွာပေါ်တဲ့ ဗန်းစကားတွေလည်းရှိတာပေါ့။ တိုက်တန်းနစ် Titanic ရုပ်ရှင်ကိုအကြောင်းပြုပြီး ရေထဲနစ်တာကို 'တိုက်တန်းနစ်လုပ်တယ်'၊ ရေနစ်တာကို 'တိုက်တန်းနစ်ဖြစ်သွားပြီ' လို့ သုံးတာမျိုးလည်းရှိတယ်"

"ဟုတ်တယ်နော် ဆရာကြီး"

"ဟိုတလောက မိန်းကလေးတစ်ယောက်က တစ်ယောက်ကို 'ရှပ်ဒေါင်းလုပ်လိုက်ကွာ' လို့ ပြောတာကြားလို့ မေးကြည့်တော့ 'လုပ်လိုက်တော့လို့ ပြောတာတဲ့။ ကွန်ပျူတာမှာ သုံးတဲ့ Shut down ကိုယူသုံးတာလေ"

"စိတ်ဝင်စားစရာပဲနော်"

"ဗန်းစကားဆိုတာ ခေတ်ကာလအလျောက် စိတ်ကူးဉာဏ်ကွန့်မြူးပြီးသုံးရင်း ပေါ်လာတာမို့ သစ်လွင်လတ်ဆတ်တဲ့သဘောရှိတယ်။ ဒါကြောင့် လူငယ်တွေ သဘောကျတာပေါ့။ ကဲ ... ခုခေတ်ဖေ့စ်ဘုတ်ထဲက 'ကွီး' တို့ 'ညေး' တို့လို အတိုကောက်စကားတွေကို အထူးအဆန်းလုပ်ပြီး ပြောနေကြပေမယ့် 'ကလေး' ကို 'ခေး' လို့ခေါ်တဲ့စကားက ၁၉၆၀ ကျော်လောက် မြို့တော်သိန်းအောင်ရဲ့ ပြဇာတ်ထဲမှာ တွင်တွင်ကျယ်ကျယ်သုံးနေပြီလေ"

"ဟုတ်ကဲ့ပါ"

"ပြောလက်စနဲ့ဆက်ပြောရဦးမယ်။ ဆရာကြီး မင်းသုဝဏ်ရဲ့ 'သားချစ်ရင်ဒေါ်' ဆိုတဲ့ကဗျာရှိတယ်။ Lord Randal ဆိုတဲ့ အင်္ဂလိပ်ကဗျာကို ဘာသာပြန်တာလေ။ အဲဒီကဗျာမှာ အမေက သူ့သား 'ရင်ဒေါ်' ကို မေးတဲ့စကားပါတဲ့ 'ရင်ဒေါ်သက်ထား၊ မေ့သည်းချာ၊ ဘူများ ညစာကျွေးလိုက်တယ်။ နုပျိုဖွံ့ထွား၊ မေ့ချစ်သား၊ ဘူများညစာကျွေးလိုက်တယ်' တဲ့"

"ဘဘ။ 'ဘူများ' ဆိုတာ ဘာအဓိပ္ပာယ်ပါလဲ"

"သမီးက ချက်ချင်းတန်းပြီးသတိထားမိသားပဲ။ 'ဘူများ' ဆိုတာ 'ဘယ်သူများ' ပေါ့ကွယ်။ 'ကွီး' တို့၊ 'ညေး' တို့လိုပဲ 'ဘယ်သူ' ကို 'ဘူ' လို့ အသံချုံ့ပြီးသုံးတဲ့ အသုံးဟာ ရှေးကတည်းက ရှိတာပါ။ ဒါကြောင့် ဆရာကြီး မင်းသုဝဏ်က 'ဘယ်သူများ' ကို၊ 'ဘူများ' လို့သုံးလိုက်တာပါ။ ကိုင်း.... ကိုင်း ... ဆက်ကြဦးစို့"

> "ရစ်တယ်ဆိုတဲ့ စကားလည်း ဗန်းစကားပေါ့နော်"
>
> "ဟုတ်တာပေါ့။ ဖြောင့်ဖြောင့် တန်းတန်းလုပ်မပေးဘဲ ကွေ့ဝိုက်နေတာမျိုး လှည့်ပတ်နေတာမျိုးကို 'ရစ်နေတယ်' လို့သုံးတာတော်တော် ပေါ်လွင်တာပဲ။ အဲဒီလိုရစ်တတ်တဲ့ အထက်အရာရှိကို 'မောင်ရစ်' လို့ ခေါ်ရာကနေပြီး 'မဟာဗန္ဓုလ' လို့ ခေါ်တဲ့အထိ ခြေလှမ်းကျဲသွားတာမျိုး လဲရှိတယ်။
>
> "ဩော် ... မဟာဗန္ဓုလရဲ့ ငယ်နာမည်က မောင်ရစ်ကိုး"

# တင်းကျပ်လွန်းသည့် အဝတ်အထည်တချို့ကြောင့် ခါးနာဝေဒနာဖြစ်ပွား

## ကလျာမိုးမြင့်

တင်းကျပ်လွန်းတဲ့ အသားကပ်ဂျင်းဘောင်းဘီတွေ၊ ထူထဲတဲ့အမွေးပွခေါင်းစွပ်အင်္ကျီတွေကို ဝတ်ဆင်ခြင်းဟာ ခါးနာခြင်းကို ဖြစ်စေနိုင်တယ်လို့ အကြောအဆစ်ပြုပြင်သူ ပညာရှင်အချို့က သတိပေးခဲ့ကြပါတယ်။

တင်းကျပ်လွန်းတဲ့ဂျင်းဘောင်းဘီတွေ နောက်ပွင့်ရှူးဖိနပ်တွေနဲ့ ကျောမှာလွယ်ပိုးရတဲ့အိတ်တွေဟာ ခါးနာစေတဲ့အကြောင်းတွေကို ဖန်တီးနေတယ်လို့ ကာယကုပညာရှင်တစ်ဦးက ဆိုပါတယ်။ ကမ္ဘာပေါ်မှာရှိကြတဲ့ အမျိုးသမီးများစွာအနက် အမျိုးသမီးလေးပုံသုံးပုံလောက်ဟာ ခါးနာဝေဒနာကိုခံစားနေကြရတာဖြစ်တယ်လို့ ဗြိတိန်နိုင်ငံမှာရှိတဲ့အကြောအဆစ်ပြုပြင်မှုအဖွဲ့ (BCA) က ပြုလုပ်ခဲ့တဲ့ သုတေသနပြုစစ်တမ်း ကောက်ယူခဲ့မှုတွေအရ သိရပါတယ်။

ခါးနာဝေဒနာခံစားရတဲ့အဲဒီအမျိုးသမီးတွေကို လေ့လာကြည့်လိုက်တဲ့အခါမှာခေတ်မီပြီး ဖက်ရှင်ကျတဲ့ ဝတ်စားဆင်ယင်မှုရှိသူတွေ အထူးသဖြင့် နောက်ပွင့်ရှူးဖိနပ်အမျိုးအပြား ဝတ်ဆင်သူတွေ၊ အရွယ်အစားကြီးလွန်းပြီး ဝန်နဲ့အားမမျှတဲ့ ကျောပိုးအိတ်လွယ်ပိုးဝတ်ဆင်သူတွေဖြစ်နေတာကို တွေ့ရတယ်လို့ဆိုထားပါတယ်။

ကြီးမားလေးလံတဲ့ လက်ဝတ်ရတနာနဲ့ ဖန်စီအသုံးအဆောင်တွေကို ဝတ်ဆင်ခြင်းကလည်း အပြစ်ဆိုစရာအကြောင်းတစ်ခုလို့ ဆိုရမလိုပါပဲ။

အလှအပနဲ့ ဖက်ရှင်ခေတ်ရေစီးကြောင်းကို လွန်ဆန်လို့မရတဲ့ခေတ်မှာ လွန်ကဲတဲ့ ပြင်ဆင်ခြယ်သမှုနဲ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုတွေဟာ ကျန်းမာရေးကို ထိခိုက်စေနိုင်တာကို လူတော်တော်များများက မေ့လျော့နေတတ်ကြပါတယ်။

အလွန်တင်းကျပ် ကပ်ညှပ်နေတဲ့ ဂျင်းဘောင်းဘီတွေကို ဝတ်ဆင်ခြင်းက လှုပ်ရှားနိုင်စွမ်းကို ကန့်သတ်ထိန်းချုပ်လိုက်ပြီး ကိုယ်ဟန်အနေအထားဟန်ချက်ညီအောင် ရပ်တည်နိုင်ဖို့အတွက် အခြားသော ကြွက်သားတွေကို ပိုမိုအားစိုက်ထိန်းချုပ်ရတာ ဖြစ်တဲ့အတွက် ကြွက်သားတွေကို နာကျင်စေတယ်လို့ အကြောအဆစ်ပြုပြင်သူ ရီရှီလော့တီက ပြောကြားခဲ့ပါတယ်။

အဝတ်အစားတွေ အလွန်အမင်း တင်းကျပ်နေရင် လမ်းလျှောက်ရတဲ့အခါမှာလည်း သက်သောင့်သက်သာနဲ့ လွတ်လွတ်လပ်လပ် မရှိတော့ပါဘူး။ သဘာဝအတိုင်းခြေလှမ်းလှမ်းတဲ့အချိန်နဲ့ခွထိုင်တဲ့အချိန်တွေမှာ ဒူး၊ တင်ပါးနဲ့ခါးအဆစ်အမြစ်တွေ တစ်လျှောက်က နေလာတဲ့ဖိအားတွေကို လျော့နည်းသွားအောင်လှုပ်ရှားဆောင်ရွက်ပါတယ်။

အကယ်၍ အဲဒီနေရာတွေထဲက တစ်ခုခုဟာ တင်းကျပ်စွာ စည်းနှောင်ထားတဲ့ အဝတ်အစားတွေကြောင့် ပုံမှန်လှုပ်ရှားသင့်သလောက် အလုပ်မလုပ်နိုင်တော့ဘူးဆိုရင် ဖိအားတွေဟာ တခြားနေရာဆီကို ပိုမိုဝင်ရောက်လာတော့မှာဖြစ်ပြီး ကျန်းမာရေးအရ မကောင်းတဲ့အခြေအနေတစ်ခု ဖြစ်လာတော့မှာပါ။

ခါးနာခြင်းဟာ ကမ္ဘာတစ်ဝန်းမှာ မစွမ်းဆောင်နိုင်မှုကို ဖြစ်စေတဲ့အတွေ့ရအများဆုံးအကြောင်းရင်းတစ်ခုဖြစ်ပြီး ကမ္ဘာ့လူဦးရေရဲ့ ၄ ဒသမ ၃ ရာခိုင်နှုန်းလောက်ကို ဒုက္ခပေးနေတဲ့ ဝေဒနာဖြစ်ပါတယ်။

(Health News)



မြန် မာ့ ရိုး ရာ အား က စား

# ရိုးရာလက်ဝှေ့လောက ထူးချွန်ဆုနှင့်စိန်ခေါ်ပွဲအမှတ်ပေးစည်းမျဉ်းဂယက်

**သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**



အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်

လတ်တလော မြန်မာနိုင်ငံရိုးရာလက်ဝှေ့လောကတွင် အဖွဲ့ချုပ်ကကြီးမှူးကျင်းပသော ပြည်တွင်းရိုးရာ လက်ဝှေ့ပွဲတစ်ပွဲတွင် ထူးချွန်ဆုပေးမည်ဆိုသောသတင်းမှာ ပြည်သူများအကြား ပျံ့နှံ့လျက်ရှိသလို ဝေဖန်မှုများလည်းရှိနေသည်။

အလားတူ မတ် ၃ ရက်က ကျင်းပခဲ့သော မြန်မာလက်ခမောင်း World Lethwei Championship ပွဲတွင်လည်း အမှတ်ပေးစနစ်ပြောင်းလဲကျင်းပခဲ့မှုအပေါ် ဝေဖန်သံများနှင့်အတူ ယနေ့တိုင် ဂယက်ထနေဆဲဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့သည် ယနေ့အားကစားလောကတွင် ဘောလုံးပြီးလျှင် ဒုတိယအဆင့် ပြည်သူလူထုလက်ခံအားပေးနေသော အားကစားဖြစ်သည်။ ရိုးရာအားကစားများထဲတွင်လည်း ထိပ်တန်းက ပြေးနေသလို ပြည်တွင်း၌သာမက ယခုဆိုလျှင် ပြည်ပသို့ပင် မွေထိုင်းနည်းတူ ထိုးဖောက်လျက်ရှိသည်မှာ ပြည်သူများအသိပင်။ အဆိုးနှင့်အကောင်း ဒွန်တွဲနေသည့် လောကနိယာမတရားနှင့်အညီ အကောင်းဘက်သို့ ဦးတည်မှုများရှိနေသလို လိုအပ်ချက်နှင့်အတူ စိန်ခေါ်မှုဂယက်ကလည်း ရှိနေဆဲ------။

မတ် ၂၆ ရက်တွင် Great Tiger Group (GTG) က စီစဉ်ကျင်းပမည့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပြည်တွင်းရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် လက်ဝှေ့သမား ထူးချွန်ဆုပေးမည်ဆိုသော သတင်းထွက်ပေါ်လာခဲ့သည်။ ရိုးရာလက်ဝှေ့ချစ် ပြည်သူများကြားတွင် ဘယ်လို စည်းမျဉ်း နှင့်ရွေးချယ်မှာလဲ၊ ဘယ်အဖွဲ့အစည်းက ရွေးချယ်မှာလဲ၊ ဘယ်လို စံမျိုးရွေးချယ်မှာလဲ စသည်ဖြင့် သို့လော သို့လော အသံများ ထွက်ပေါ်လာသည်။ Great Tiger Group (GTG) ကပေးလျှင် အဖွဲ့ချုပ်ကရော မူဘောင်တွေချမှတ် ပေးထားသည်လား၊ တစ်ဦးတစ်ယောက်၊ အဖွဲ့တစ်ခုအနေဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်အဖွဲ့အစည်းမရှိဘဲ ပေးလို့ရလား စသည်ဖြင့် ဂယက်ထသံများ ကြားသိနေရသည်။ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်အပေါ်လည်း ဝေဖန်သံများပျံ့နှံ့လျက်ရှိသည်။

ယင်းဂယက်ရိုက်မှုအပေါ် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဦးသိန်းအောင်က "အထူးချွန်ဆုံး လက်ဝှေ့သမားဆုပေးတယ်ဆိုတာ တစ်ဦးတစ်ယောက်တည်း ပေးလို့မရဘူး။ အဖွဲ့ရှိရမယ်။ စည်းမျဉ်း၊ စည်းကမ်းတွေချမှတ်ပြီး ဝန်ကြီးဌာနကို တင်ရမယ်။ မူဘောင်တွေချမှတ်ရမယ်။ အဖွဲ့အစည်းတစ်ခုက တရားဝင်ဖွဲ့စည်းထားပြီး မူနဲ့ရွေးချယ်တာဖြစ်ရမယ်။ ပေးလိုက်တာနဲ့တစ်ပြိုင်နက်တည်း အဖွဲ့ချုပ်ဝေဖန်ခံရမယ်။ အခုတောင် ဝေဖန်သံတွေ ကြားနေရတယ်။ ဘယ်သူတော့ မရသင့်ဘူး။ ပေးလိုက်တာနဲ့ ဘယ်သူတော့ ပေးသင့်တာပေါ့ဆိုတဲ့ ဝေဖန်သံတွေ ထွက်ပေါ်လာမှာပဲ၊ အဖွဲ့ချုပ်က ဦးဆောင်ကျင်းပတဲ့ လက်ဝှေ့ပွဲတွေမှာတော့ ပေးလို့မရဘူး။ ဘာဖြစ်လို့လဲ ဒါမျိုးပေးတယ်ဆိုတာ စည်းစနစ်တကျအဖွဲ့အစည်း ဖွဲ့ပြီးတော့ ပေးရတာ ဖြစ်တယ်။ မနှစ်ကတစ်ကြိမ်ပေးတာတောင်မှ ဝေဖန်သံတွေကြားခဲ့ရတာပဲ။ သူတို့အနေနဲ့ ကြိုက်တဲ့နေရာပေး။ ပေးတာခွင့်ပြုတယ်။ ဒီဆုက အဖွဲ့ချုပ်အနေနဲ့၊ နိုင်ငံတော်အနေနဲ့ ပေးတာမဟုတ်ဘူး။ ဒါမျိုးပေးတယ်ဆိုတာ ကြိုတင်မှတ်တမ်းမှတ်ရာနဲ့ ခိုင်ခိုင်မာမာဖွဲ့စည်းထားတဲ့အဖွဲ့က ပေးရတာ။ အခုဟာက ဝေဖန်ရင်အဖွဲ့ချုပ်ကိုပဲ ဝေဖန်ကြမှာ။ GTG ကို ဝေဖန်မှာမဟုတ်ဘူး။ ဒါကြောင့် အခု GTG ကပေးမယ့် လက်ဝှေ့သမားထူးချွန်ဆုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပတဲ့ အရိပ်အောက်မှာတော့ ပေးလို့မရသေးဘူး။ ခွင့်မပြုနိုင်သေးဘူး" ဟု ပြောကြားသည်။

မတ် ၂၆ ရက်တွင် Great Tiger Group (GTG) က ကျင်းပမည့် ပြည်တွင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် အတိုးတက်ဆုံးအားကစားသမားဆု၊ အလဲထိုးစွမ်းဆောင်ရည်ဆုနှင့်ကြိုးစားအားထုတ်မှု ထူးချွန်ဆုများအား ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းဆုများသည် ၂၀၁၆ ခုနှစ်အတွင်းရည်စူးခြင်းဖြစ်ပြီး အတိုးတက်ဆုံး အားကစားသမားဆုကို ဖျံသွေး (ရွှေမိုးထိ ငြိမ်းချမ်းရေး)၊ အလဲထိုးစွမ်းဆောင်ရည်ဆုကို စောထူးဇော် (ဒို့ရိုးရာ)နှင့် ကြိုးစားအားထုတ်မှုကလပ်ထူးချွန်ဆုကို ဗမာ့သွေး ကလပ်တို့အားဆုချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် GTG အမှတ်တံဆိပ်ပါ ဖလားတို့ကို ချီးမြှင့်ပေးမည်ဖြစ်သည်။ GTG သည် ယခုရိုးရာလက်ဝှေ့ထူးချွန်ဆုကို ဒုတိယအကြိမ် ချီးမြှင့်ခြင်းဖြစ်ပြီး ပြီးခဲ့သောနှစ်ကလည်း ပထမဆုံးအကြိမ် အနေဖြင့် ဆုလေးဆုကို ချီးမြှင့်ပေးခဲ့သည်။

"အခု မတ် ၂၆ ရက်ကျင်းပမယ့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲမှာ အထူးချွန်ဆုံးလက်ဝှေ့သမားဆု ရွေးချယ်ပြီးသွားပြီး ပေးတော့ပေးမှာပါ။ ပြိုင်ပွဲရုံထဲမှာ မပေးဖြစ်ရင်တောင် နေရာတစ်ခုစီစဉ်ပြီးတော့ ပေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့က ဒုတိယအကြိမ် ချီးမြှင့်ပေးတာပါ။ မနှစ်ကဆိုလည်း ကျွန်တော်တို့ မန္တလေးအဖွဲ့ကပေးတယ် ဆိုပေမယ့် မန္တလေးက ကစားသမားတစ်ယောက်မှ မပါပါဘူး။ ကျွန်တော်တို့မှာလည်း ထူးချွန်ဆုပေးတယ်ဆိုတာ ရမ်းပေးတာ မဟုတ်ပါဘူး။ တစ်နှစ်စာလုံး ပွဲတွေကို လိုက်ကြည့်ပြီးတော့မှ မှတ်တမ်းမှတ်ရာတွေယူထားပြီး အများလက်ခံနိုင်လောက်တဲ့ ထူးချွန်တဲ့သူကိုပေးတာဖြစ်ပါတယ်။ ဒီနှစ်က တစ်ဆုတောင် လျော့ပါသေးတယ်။ မနှစ်ကဆို လေးဆုပေးတာပါ။ ကျွန်တော်တို့ လုပ်တဲ့ပွဲမှာ ကျွန်တော်တို့ နာမည်ခံပြီးပေးတာဖြစ်တဲ့အတွက် အဖွဲ့ချုပ်နဲ့မဆိုင်ပါဘူး။ ဝေဖန်မယ်ဆိုလည်း ကျွန်တော်တို့ GTG ကပဲ ရွေးချယ်ပေးတာဖြစ်တဲ့အတွက် ဒီချီးမြှင့်မှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ပဲ ဝေဖန်ခံမှာပါ" ဟု ပွဲစီစဉ်သူ GTG မှ ဦးစိုးမင်းက ပြောသည်။

မြန်မာနိုင်ငံအားကစားနယ်ပယ်တွင် အားကစားသမား အထူးချွန်ဆုံးဆုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံအားကစား ကလောင်ရှင်များအသင်းက ချီးမြှင့်ပေးလျက်ရှိပြီး အားကစားလောကတွင် အမြင့်ဆုံးဆုအဖြစ်သတ်မှတ်ချီးမြှင့်ပေးလျက်ရှိသည်။ယခုချီးမြှင့်ပေးမည့် ရိုးရာလက်ဝှေ့အားကစားအထူးချွန်ဆုံးဆုကို ပြင်ပအဖွဲ့ အစည်းဖြစ်သော GTG မှ တာဝန်ယူ၊ တာဝန်ခံကာ ရွေးချယ်ပေး အပ်ချီးမြှင့်ခြင်းဖြစ်သည်။ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ရွေးချယ်ပေးအပ်ချီးမြှင့်ခြင်း မဟုတ်ဘဲ တစ်သီးပုဂ္ဂလအဖွဲ့တစ်ခုအနေဖြင့်သာ ချီးမြှင့်ပေးခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ အားကစားနယ်ပယ်တွင် အလားတူ စိန်ခေါ်မှုဂယက်တစ်ခုမှာ အမှတ်ပေးစည်းမျဉ်းပင်ဖြစ်သည်။ အမှတ်ပေးစည်းမျဉ်းကို ရိုးရာလက်ဝှေ့ အားကစားနယ်ပယ်၌ ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ၊ ဝိတ်တန်းအလိုက် ရွှေတံဆိပ်လုပွဲများတွင်သာ အစဉ်အလာမပျက် ကျင့်သုံးခဲ့ပြီး ပြိုင်ပွဲကြီးများနှင့် စိန်ခေါ်ပွဲများတွင် ထည့်သွင်းကျင့်သုံးလေ့မရှိခဲ့ပေ။ ရိုးရာနှင့်မညီညွတ်၍ ကျင့်သုံးခဲ့ခြင်းမရှိကြောင်း မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။

**မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အားကစားနယ်ပယ်တွင် အလားတူ စိန်ခေါ်မှု ဂယက်တစ်ခုမှာ အမှတ်ပေးစည်းမျဉ်းပင်ဖြစ်သည်။ အမှတ်ပေးစည်းမျဉ်းကို ရိုးရာလက်ဝှေ့ အားကစားနယ်ပယ်၌ ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ ပြိုင်ပွဲ၊ ဝိတ်တန်းအလိုက် ရွှေတံဆိပ်လုပွဲများတွင်သာ အစဉ်အလာမပျက် ကျင့်သုံးခဲ့ပြီး ပြိုင်ပွဲကြီးများနှင့် စိန်ခေါ်ပွဲများတွင် ထည့်သွင်းကျင့်သုံးလေ့မရှိခဲ့**



အမှတ်ပေးစည်းမျဉ်းပြောင်းကျင့်သုံးခဲ့သည့် ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် တူးတူးနှင့်အီဒီဖာရယ် (ဩစတြေးလျ)တို့ယှဉ်ပြိုင်ထိုးသတ်နေစဉ်

သို့သော် များမကြာမီ မတ် ၃ ရက်တွင် မြန်မာလက်ခမောင်းအဖွဲ့က ကျင်းပခဲ့သော နိုင်ငံတကာ ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် အမှတ်ဖြင့် ထည့်သွင်းကျင်းပခဲ့သဖြင့် ရိုးရာလက်ဝှေ့ချစ်ပြည်သူများနှင့် ရိုးရာလက်ဝှေ့နယ်ပယ်မှ သမ္ဘာရင့်လက်ဝှေ့သမားများက ပြောဆိုခဲ့ကြသည်။ ရိုးရာနှင့်မညီ၊ ရိုးရာပုံစံပျောက်သည်ဟု ဝေဖန်ခဲ့ကြသည်။

အမှတ်ပေးစနစ်ကျင့်သုံးမှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းအောင်က "စိန်ခေါ်ပွဲကတော့ အနားတောင်းခွင့်ရှိတယ်။ နောက်ဆုံး အချီမတိုင်ခင်လေးချီအတွင်းအနားတောင်းခွင့်ရှိတယ်။ ပထမအချီအတွင်းမှာ သုံးခါကျရင် အလိုလို ရှုံးသွားတယ်။ ခုံဒိုင်ချုပ်က ရေတော့ရေတွက်ပေးရသေးတယ်။ ကျွန်တော်တို့က ကွန်ပျူတာ မသုံးနိုင်သေးလို့။ ဟိုတန်းကကွန်ပျူတာရှိတယ်။ ကွန်ပျူတာစနစ်နဲ့ကျတော့ ဒိုင်သုံးဦးပဲ။ တစ်ချီအတွင်းမှာ သုံးခါရေတွက်ခံရသလိုပဲ အမှတ်ကွာခြားတာနဲ့ ကွန်ပျူတာက ဖြတ်လိုက်တယ်။ အခုက ကွန်ပျူတာစနစ်မဟုတ်တာကြောင့် တစ်ချီအတွင်းမှာ သုံးခါရေတွက်ခံရရင် ရှုံးတယ်လို့ သတ်မှတ်လိုက်ရတာ။ တကယ်တော့ ကွန်ပျူတာနဲ့ဆိုရင်ပြောစရာမလိုဘူး။ အမှတ်စနစ်မှာ တိုင်းဒေသကြီးနဲ့ပြည်နယ်တို့၊ ရွှေခါးပတ်လုပွဲတို့ကျတော့ ဘယ်လိုစဉ်းစားရလဲဆိုတော့ ဆရာဝန်ရယ်၊ ကွင်းလယ်ဒိုင်ရယ် နောက်တစ်ဆင့်တက်ဖို့အတွက် အပြင်းအထန်ဒဏ်ရာဖြစ်စေမယ့် အခြေအနေကို သတိနဲ့ စောင့်ကြည့်နေရတယ်။ နောက်တစ်ဆင့်က ကစားသမားတစ်ဦးကို ဆွဲခေါ်ရမှာကို။ အမှတ်ပေးတဲ့သူတွေကတော့ ပုံမှန်ပေးသွားရတယ်။ အားကစားသမားတွေကို စိန်ခေါ်ပွဲတွေလို အနာခံလို့မရဘူး။ နောက်နေ့ယှဉ်ပြိုင်ရမယ့်ပွဲအတွက်ရှိသေးတော့ ဒိုင်က ထိန်းရတယ်။ ဒါကြောင့် အမှတ်ပေးပွဲတွေမှာ မျက်စိမှားပြီး အတိမ်းအစောင်းဖြစ်တာတွေရှိတယ်။ သံသယဖြစ်စရာတွေ ရှိတယ်။ ဒါကြောင့် ဒေ့ဗ်လက်ဒပ်(ကနေဒါ) ပြောသလို မြန်မာ့ရိုးရာလက်ဝှေ့ကို မြန်မာ့ရိုးရာအတိုင်းသွားတာကောင်းတယ်ဆိုတာမှန်တယ်။ စိန်ခေါ်ပွဲတွေမှာ ရိုးရာလက်ဝှေ့အတိုင်း အလဲထိုးစနစ်က အကောင်းဆုံးပါပဲ။ နိုင်ငံတကာက ရိုးရာလက်ဝှေ့ကို လက်ခံလာတာ၊ ကြိုက်နှစ်သက်လာတာလည်း အဲဒီအချက်ကြောင့်ပါတယ်" ဟု သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံ အဲကမ္ဘောဇအောင်လံ ရွှေခါးပတ်ချန်ပီယံ ဒေ့ဗ်လက်ဒပ်(ကနေဒါ)သည် မြန်မာ့ရိုးရာလက်ဝှေ့ကို နှစ်သက်သဘောကျသူဖြစ်ပြီး ရိုးရာလက်ဝှေ့နည်းစနစ်ကို ကြိုက်နှစ်သက်သူဖြစ်သည်။ ဒေ့ဗ်သည် ပြီးခဲ့သော မတ် ၃ ရက်က နိုင်ငံတကာ ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် အမှတ်ပေးစည်းမျဉ်း ကျင့်သုံးခဲ့မှုအပေါ် ဘဝင်မကျကြောင်း ဝေဖန်ခဲ့ပြီး အခြားပြည်တွင်းရိုးရာလက်ဝှေ့ဝါသနာရှင်အချို့ကလည်း ရိုးရာလက်ဝှေ့ပြိုင်ပွဲများတွင် အမှတ်ဖြင့် ဆုံးဖြတ်ခြင်းသည် ဂယက်ရိုက်ခတ်မှု များ ဖြစ်လာနိုင်ကြောင်း အွန်လိုင်းပေါ်တွင် ဝေဖန်မှုများထွက်ပေါ်ခဲ့သည်။ ထို့ကြောင့် ရိုးရာလက်ဝှေ့နယ်ပယ်တွင် လတ်တလော ထူးချွန်ဆုပေးမှုနှင့် အမှတ်ပေးစနစ် ပြောင်းလဲကျင့်သုံးမှုအပေါ် ဘယ်လောက်အထိ ဂယက်ရိုက်စေမလဲဆိုတာ စောင့်မျှော်ကြည့်ရှုရတော့မည်ဖြစ်ပါကြောင်း။

---

## တစ်ကျော့ပြန်အယ်နီညို ဖြစ်လာနိုင်သည့်အတွက် စောင့်ကြည့်လျက်ရှိ

**နေပြည်တော် မတ် ၁၈**

ယခုနှစ်မြန်မာနိုင်ငံတွင်တစ်ကျော့ပြန် အယ်နီညိုရာသီဖြစ်ပေါ်လာနိုင်ခြေရှိသည့်အတွက် စောင့်ကြည့်အဆင့်သတ်မှတ်ထားရကြောင်း အထက်မြန်မာပြည်မိုးလေဝသနှင့်ဇလဗေဒဌာနခွဲမှညွှန်ကြား ရေးမှူးဦးကျော်လွင်ဦးကပြောသည်။

"အပူပိုင်းပစိဖိတ်သမုဒ္ဒရာရဲ့ ရေထုမြေထုလေထုအခြေအနေတွေကလည်း ကြားနေရာသီဥတုကနေပြီးတော့ အယ်နီညိုရာသီဥတုဘက်ကိုပြန်ပြီးတော့ ဦးတည်နေတဲ့အနေအထားမျိုးလည်း ကျွန်တော်တို့ မကြာခင်ကတွေ့ရှိရတော့ ၂၀၁၇ ခုနှစ်မှာအယ်နီညိုများတစ်ကျော့ပြန်ဖြစ်လာဦးမှာလားဆိုတဲ့အယ်နီညိုစောင့်ကြည့်အဆင့်သတ်မှတ်ထားတာကိုလည်းတွေ့ရှိရပါတယ်"ဟုၤင်းကပြောသည်။ မန္တလေးတိုင်းဒေသကြီးတွင် နွေရာသီအမြင့်ဆုံးအပူချိန်၄၄ ဒီဂရီစင်တီဂရိတ်နှင့် ၄၅ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ပေါ်တတ်ပြီး မိုးအကြိုကာလမတ်လနှင့်ဧပြီလများတွင်ထစ်ချုန်းမိုးရွာသွန်းမှုများရှိခဲ့ကြောင်း ယင်းဌာန၏ စာရင်းများအရသိရသည်။

"ရာသီရှုထောင့်အနေနဲ့ ၂၀၁၇ မတ်လ၊ ဧပြီလနှင့်မေလတွေမှာဆိုရင်မြန်မာနိုင်ငံအနေနဲ့ ပုံမှန်ထက်ပိုပြီးတော့ ပူနွေးတဲ့အပူချိန်တွေ၊ ပုံမှန်ထက်ပိုပူတဲ့အနေထားမျိုးသုံးသပ်ချက်တွေကို တွေ့ရှိရတာရှိပါတယ်။ မိုးရွာသွန်းမှုကလည်း မြန်မာနိုင်ငံတောင်ပိုင်းမှာ ပုံမှန်နွေရာသီထက်ပိုတဲ့ မိုးရွာသွန်းမှုတွေရှိနိုင်တယ်ဆိုပြီးတော့ နိုင်ငံတကာရာသီဥတုဗဟိုဌာနတွေက ထုတ်ပြန်ခန့်မှန်းထားတာကို သုံးသပ်တွေ့ရှိရပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ၀ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# စိုက်ပျိုးရေးကဏ္ဍမှာရှိတဲ့ လုပ်သားတွေရဲ့စွမ်းရည်မြှင့်တင်ပေးဖို့လိုအပ်နေပြီ

**သတင်းဆောင်းပါး-ခင်ရတနာ**

**ဓာတ်ပုံ-မေဦးမိုး၊ AMIA**

နိုင်ငံ့လူဦးရေ၏ ၇၀ရာခိုင်နှုန်းကျော်သည် ကျေးလက်တွင် နေထိုင်ကြပြီး ထိုသူတို့၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးဖြစ်သည်။ ဆန်ကိုသာ အဓိကစားသုံးနေကြပြီး ပြည်ပသို့တင်ပို့သည့် ကုန်စည်များအနက် အဓိကတင်ပို့နေရသည့် ကုန်စည်တစ်ခုသည်လည်း ဆန်ပင်ဖြစ်သည်။ သို့သော် စိုက်ပျိုးရေးကဏ္ဍတွင် စက်မှုလယ်ယာသို့ ရာနှုန်းပြည့်ပြောင်းလဲနိုင်ရန် အခက်အခဲများစွာ ရှိနေသေးသည်။ ထိုကာလတွင် စိုက်ပျိုးရေးလုပ်ငန်းခွင်မှ လုပ်သားများ၏ အရေးပါမှုသည် အားကောင်းလျက်ပင်ရှိနေပြီး အခကြေးငွေနည်းပါးမှုကြောင့် လယ်ယာလုပ်သားအများစုသည် အလုပ်အကိုင်ပြောင်းရွှေ့မှုများ ဆက်တိုက်ပြုလုပ်လာကြပြီး လယ်ယာကဏ္ဍမှ ထုတ်လုပ်သူကြီးများမှာလည်း တစ်နှစ်ထက်တစ်နှစ် ရှားပါးလာသည်ကို မြင်တွေ့ရသည်။

လက်ရှိတွင် လယ်ယာ လုပ်ငန်းခွင်၌ တစ်ဧကစိုက်ပျိုးခမှာ တစ်သိန်းခွဲမှ နှစ်သိန်းအထိရှိပြီး ရိတ်သိမ်းခမှာ တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲခန့်ကုန်ကျသည်။ ထို့ပြင် ရာသီအလိုက် ဒေသအလိုက်ကွဲပြားပြီး လုပ်သားရှားပါးမှုကြောင့် ကြိုတင်စရန်သတ်ငှားရမ်းနေကြရသည်ဟု စိုက်ပျိုးရေးလုပ်ကိုင်သူများထံမှ သိရသည်။

“လယ်ယာလုပ်ငန်းခွင်မှာ စက်ကိရိယာတွေ မလုံလောက်သေးဘူး။ လယ်ယာလုပ်သားနဲ့ ကျွဲ၊ နွားတွေလည်း ရှားလာတယ်။ တန်ဖိုးကြီးတဲ့ စက်ကြီးတွေကို တစ်လုံးတစ်ခဲတည်း ဝယ်ဖို့လည်း အခက်အခဲရှိတယ်။ လယ်ယာသုံးထွန်စက်ကြီးတွေရဲ့တန်ဖိုးကလည်း ငွေကျပ်သိန်း ၂၀၀ မှ ၃၀၀ ဝန်းကျင်ရှိတဲ့အတွက် တောင်သူတွေအဖို့ လက်လှမ်းမမီနိုင်ပါဘူး”ဟု တောင်သူတစ်ဦးက ပြောပြသည်။

မြန်မာနိုင်ငံတွင် အဓိကဆန်စပါးထွက်ရှိရာ ဧရာဝတီတိုင်းအပါအဝင်၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် လယ်ယာလုပ်သားများ အများဆုံးလိုအပ်နေပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း လယ်ယာလုပ်သားရှားပါးလာနေကြောင်းသိရသည်။ လက်ရှိတွင် လယ်ယာစိုက်ပျိုးနိုင်သည့် မြေဧက ၁၈သန်းကျော်ရှိသည်ဟု သိရသော်လည်း လက်တွေ့တွင် ဧက ၁၅သန်းပင် ပြည့်မီနိုင်ခြင်းမရှိကြောင်း စိုက်ပျိုးရေးကျွမ်းကျင်သူများထံမှ သိရသည်။

“လယ်ယာလုပ်သားရှားပါးနေတာ ကြာနေပါပြီ။ အဓိကကတော့ ရတဲ့လုပ်ခက ကျပန်းအလုပ်သမားလောက်တောင် မရှိဘူး။ စာရင်းငှားတွေ၊ အငှားကောက်စိုက်တွေအတွက် တစ်ရက်ကိုအများဆုံးရရင် ငွေကျပ် ၅၀၀၀လောက်ပဲရှိ မယ်။ တစ်နှစ်လုံးမှာ အများဆုံးအလုပ်လုပ်ကြတဲ့ ကာလက ခြောက်လပဲရှိတယ်။ အမြင့်ဆုံးရတဲ့သူတောင် တစ်နှစ်ကို ခြောက်လ အပြည့်အဝ လယ်ယာထဲဆင်းပြီး အလုပ်လုပ်ခွင့်ရရင်တောင် ပျမ်းမျှတစ်နေ့လုပ်အားခက ငွေကျပ် ၂၅၀၀ ပဲ ရှိပါတယ်။ ဒါကြောင့် အခြားအလုပ်တွေကို ရွှေ့ပြောင်းသွားကြတာပေါ့။ ဒါပေမယ့် စက်မှုလယ်ယာကို မကူးပြောင်းနိုင်သေးတဲ့ ကျွန်တော်တို့အတွက် လုပ်သားရှားပါးမှုက နှစ်တိုင်းကြုံတွေ့နေကြရတယ်။ တစ်ဖက်မှာလည်း မိရိုးဖလာ စိုက်ပျိုးမှုနဲ့ပဲ ရှေ့ဆက်နေကြတဲ့အခါ အချိန်ကုန် လူပန်းအရည်အသွေးက ညံ့မြဲဖြစ်နေမှာမို့ ပြုပြင်ပြောင်းလဲမယ်ဆိုရင် အရင်ဆုံးလယ်ယာလုပ်ငန်းခွင်မှာရှိတဲ့ အလုပ်သမားတွေရဲ့ ကျွမ်းကျင်မှုကို ခေတ်မီနည်းပညာတွေနဲ့ ယှဉ်ပါးအောင်၊ အထွက်တိုးအောင် သင်ကြားပြသပေးဖို့ လိုအပ်တယ်။ လယ်ယာကဏ္ဍကနေ ဘဝရပ်တည်မှုအတွက် လုံလောက်တဲ့ အခကြေးငွေကိုသာ ရရှိမယ်ဆိုရင် လယ်ယာကဏ္ဍ အလုပ်သမားရှားပါးမှုဆိုတာ ဖြစ်လာမှာမဟုတ်ဘူး”ဟု လယ်သမားပါတီဥက္ကဋ္ဌ ဦးကျော်စွာစိုးက ပြောသည်။

ပြောင်းလဲလာသော ရာသီဥတုအခြေအနေအရ လယ်ယာလုပ်ငန်းခွင်တွင် အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် ရိတ်သိမ်းနိုင်ရန် လိုအပ်လာသော်လည်း လယ်ယာလုပ်သားရှားပါးလာခြင်းနှင့် လယ်ယာသုံး ကျွဲ၊ နွားများရှားပါးလာခြင်း အခက်အခဲများ ကြုံတွေ့နေရသည့် တောင်သူများအတွက် လယ်ယာသုံးထွန်စက်ကြီးများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး ကုမ္ပဏီများနှင့် ချိတ်ဆက်ကာ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရှိရသည်။ စိုက်ပျိုးရေးပညာပေးမှုနှင့် လိုက်နာဆောင်ရွက်မှုများမှာမူ ခရီးမပေါက်သေးသည်ကိုလည်း မြင်တွေ့ရသည်။

လယ်ယာကဏ္ဍသည် နိုင်ငံ့စီးပွားရေး (GDP) တွင် ၃၀ ရာခိုင်နှုန်းခန့်ပါဝင်သော်လည်း လယ်သမားအများစုသည် အကျိုးခံစားခွင့်နည်းပါးပြီး လူမှုစီးပွားနိမ့်ကျနေသည်ဟု နိုင်ငံတော်သမ္မတက တောင်သူလယ်သမားနေ့ သဝဏ်လွှာအတွင်း ရေးသားခဲ့ပြီး အစိုးရသစ် ၁၁ လအတွင်းရေရှည်တည်တံ့သည့် လယ်ယာထွက်ကုန်စနစ် ထွန်းကားစေရေး နိုင်ငံတကာနှင့် ယှဉ်ပြိုင်စွမ်းရှိသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို တိုးတက်ထုတ်လုပ်ရန် ရည်မှန်းချက်ပန်းတိုင်များချမှတ် ဆောင်ရွက်နေသည်ဟု ဆိုထားသည်။

“အလုပ်သမားရှားပါးတာကြောင့် ဈေးနှုန်းတွေက မြင့်ပါတယ်။ လယ်ယာမြေပိုင်ရှင်တွေအနေနဲ့လည်း ဈေးကွက်တင်ပို့မှုအားနည်းချက်တွေရှိတာမို့ ထုတ်လုပ်မှုစရိတ်ကို အများကြီးမသုံးရဲကြဘူး။ မထုတ်ပြန်ရင်လည်း အလုပ်သမားရဖို့ ခက်တယ်။ လယ်တစ်ဧကရဲ့ပျမ်းမျှအထွက်နှုန်းက မိုးစပါးဆိုရင် စပါးတင်း ၆၀ မှ ၇၀ ကြားပဲ လယ်သမားတွေရတာ၊ တစ်ဧကအတွက် စိုက်ပျိုးစရိတ် ရင်းနှီးငွေစုစုပေါင်းက ငွေကျပ်နှစ်သိန်းခွဲဝန်းကျင်ရှိတယ်”ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။

တောင်သူလယ်သမားများ ဘဝသည် ထုတ်ကုန်စရိတ်မြင့်မားမှု၊ မျိုးစပါးပြဿနာ၊ အထွက်နှုန်းလျော့နည်းမှု၊ စိုက်ပျိုးရေး၊ နည်းစနစ်လိုအပ်ချက်များရှိနေမှု၊ ဈေးကွက်နှင့် အလှမ်းဝေးမှု၊ ဈေးကွက်အခိုင်အမာမရှိမှု၊ ရာသီဥတုဖောက်ပြန်မှု၊ ငွေကြေးအရင်းအနှီးနည်းပါးမှုစသည့် အခက်အခဲများနှင့် ရင်ဆိုင်နေရသည့်အတွက် တောင်သူလယ်သမားများကို လွတ်လပ်စွာ စိုက်ပျိုးခွင့်ပေးခြင်း၊ နည်းပညာများ တိုးတက်ရရှိစေခြင်း၊ ယနေ့ကမ္ဘာတွင် ဈေးကွက်ဝင်ဖြစ်လာသည့် အော်ဂဲနစ်သီးနှံဈေးကွက်ကို ဖော်ဆောင်ပေးခြင်းတို့မှာ စတင်စဉ်းစားသင့်သည့် အခြေခံများ ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ကလည်း အကြံပြုထားသည်။

“တောင်သူတွေကတော့ စက်တွေလိုနေတာပဲဗျ။ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို ကူးပြောင်းရင် တော့ သီးနှံအထွက်တွေ တိုးတက်လာမှာပဲ။ လက်ရှိမှာ တစ်နေ့အနည်းဆုံးလုပ်အားခက ၃၅၀၀ပေးရပြီး ကျွမ်းကျင်ရင်ကျွမ်းကျင်သလို ၆၀၀၀အထိ ပေးရတာနဲ့ကြုံဖူးတယ်။ တစ်ဧကကို စက်နဲ့ရိတ်မယ်ဆိုရင် ငွေကျပ် ၄၀၀၀၀ဝန်းကျင်ကုန်ကျနိုင်ပါတယ်။ ကောက်ရိတ်သမတွေငှားမယ်ဆိုရင်လည်း တစ်ဧကကို ဆယ်ဦးဖြစ်ရင် ဈေးကညီသွားရော၊ စက်နဲ့ရိတ်တာထက် လူအားက ပိုပင်ပန်းနေသလိုဖြစ်ပါတယ်”ဟု စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းဝင်းက ပြောသည်။

လယ်ယာလုပ်သားရှားပါးမှုများစသည့် စိန်ခေါ်မှုကို ကျော်လွှားနိုင်ရန် ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် သက်တမ်းတိုမျိုးများကို ပြောင်းလဲစိုက်ပျိုးရန်နှင့် မျိုးစေ့၏ အရေးပါပုံ (One Seed Can Change the World)၊ တောင်သူများ မြေပြုပြင်ချိန်မှသည် ရိတ်သိမ်းချိန်အထိ စက်စွမ်းအားဖြင့် ပြောင်းလဲစိုက်ပျိုး ထုတ်လုပ်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌဒေါက်တာစိုးထွန်းက ပြောသည်။

“နွေစပါးကစပြီး မကြာခင်မှာ ရိတ်သိမ်းရတော့မယ် လုပ်သားကို ကြိုတင်ခေါ်ထားရတယ်။ ရိတ်သိမ်းချိန်တွေမှာတော့ အလုပ်သမား ပိုကုန်ပါတယ်။ တစ်ဧက ပျမ်းမျှ ၁၅ ဦးလောက်ကို ပေးရပါတယ်။ အလုပ်သမားတွေထဲမှာ အခုနောက်ပိုင်း စိုက်ပျိုးရေးကဖွင့်တဲ့ နည်းပညာသင်တန်းတို့ ဟောပြောပွဲတို့တက်ရတဲ့သူက တခြားသူတွေထက် ပိုပြီး လာဘ်မြင်လာတယ်။ ဈေးကွက်သီးနှံကို ရှာဖွေလာတတ်တယ်။ အရည်အချင်းရှိတဲ့ လယ်ယာလုပ်သားတွေကတော့ အရည်အချင်းအလိုက် လစာကွာခြားသွားမှာပါ။ အခုနောက်ပိုင်းမှာ တောင်သူလူငယ်တွေအများစုက ရိတ်သိမ်းခြွေလှေ့စက်တွေ မောင်းနှင်ကိုင်တွယ်တတ်လာတယ်။ အချို့က စိုက်ပျိုးရေးဆေးတွေကို ပိုပြီးအချိုးအစားမှန်မှန်သုံးတတ်တယ်။ အဲဒီလိုလူတွေအတွက်ဆိုရင် ပေးရကျိုးနပ်တာမို့ အားလုံး အရည်အချင်းပြည့်မီအောင် သင်ကြားပေးဖို့ လိုတယ်”ဟုတောင်သူတစ်ဦးက ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှလည်း တောင်သူများသိရှိလိုသည့် စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များ၊ အပင်များ၊ ပိုးမွှားများ၊ ဓာတ်မြေသြဇာများနှင့် မြေအနေအထား၊ သီးနှံဈေးနှုန်း စသည့် အချက်အလက်များကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်မည့် Call Center တစ်ခုကို ယခုလ ၂ရက်နေ့က စတင်ဖွင့်လှစ်ပေးခဲ့ပြီး ဖုန်းနံပါတ် ၀၁-၂၃၉၉၅၅ သို့ ဆက်သွယ်မေးမြန်းနိုင်ရန် စီစဉ်ထားကာ တောင်သူများ အရည်အသွေးမြင့်မားလာစေရန် တိုင်ပင်ဆွေးနွေးခြင်းနှင့် ပညာပေးဟောပြောခြင်းတို့ ပိုမိုဆောင်ရွက်လာသည်ကို မြင်တွေ့ရသည်။

“ကျွန်တော့်မိဘတွေက ပုပ္ပားဇာတိဖြစ်ပါတယ်။ ကျွန်တော့်ကိုတော့ သူတို့လိုတောင်သူတွေမဖြစ်စေချင်လို့ ရန်ကုန်မှာ ကျောင်းထားခဲ့တယ်။ ဘွဲ့ရပြီးတဲ့အခါ ကျွန်တော်ကိုယ်တိုင်လည်း ဝါသနာပါတော့ ပုပ္ပားကိုပြန်ပြီး နဂါးမောက်စစိုက်တယ်။ တစ်ဖက်မှာလည်း စပါးစိုက်တယ်။ အဓိကကတော့ လယ်ယာလုပ်သား ရှားပါးတာထက် သမားရိုးကျစနစ်ကိုပဲ ကျင့်သုံးနေကြလို့ အခက်ကြုံနေရတယ်လို့ ထင်ပါတယ်။ အခုခေတ်မှာ နည်းပညာအသုံးပြုရင်ပြုသလို ရေကြောမြေကြောတူရင်တောင် ကွာခြားတယ်။ အသုံးပြုတဲ့ ဆေးဝါးတွေနဲ့ မြေသြဇာတွေကိုလည်း တောင်သူတွေ နားလည်သဘောပေါက်ဖို့လိုအပ်တယ်။ ဈေးကွက်အခြေအနေကိုလည်း တောင်သူတိုင်းက သုံးသပ်နိုင်ရမယ်။ နောက်ဆုံး နိုင်ငံရေးအခြေအနေတွေကိုလည်း သိထားရင် ပြည်ပတင်ပို့တာရော ကြိုခန့်မှန်းနိုင်တယ်။ အလုပ်သမားတွေငှားတဲ့နေရာမှာလည်း ဧကနဲ့အပြတ်ငှားမလား၊ တစ်ဦးချင်းငှားမလား စသည်ဖြင့် ကိုယ်နဲ့ကိုက်ညီတာကိုရွေးဖို့လိုတယ်။ အခုနောက်ပိုင်းမှာ အာဆီယံကနေ စိုက်ပျိုးရေးလုပ်သားတွေရဲ့ သားသမီးတွေအတွက် ပညာသင်ဆုတွေပေးနေတာရှိတယ်။ ဥရောပသမဂ္ဂကလည်း စိုက်ပျိုးရေးလုပ်သားတွေရဲ့ မိသားစုတွေအတွက် စိုက်ပျိုးရေးနည်းပညာတွေ ပေးတာရှိတယ်။ ဒါတွေကို လေ့လာပြီး ဘယ်လိုမျိုးကို အသုံးပြုမလဲ၊ အသီးတင်အောင် ဘယ်လိုလုပ်မလဲစတာတွေ ပိုသိလာနိုင်တယ်။ လယ်ထဲယာထဲမှာအချိန်ပေးတိုင်း မအောင်မြင်တော့ဘူး ဘက်ပေါင်းစုံသုံးသပ်နိုင်လာမှသာ လယ်ယာလုပ်သားတွေ ဘဝမြင့်မားလာမယ်”ဟု ဆွေထိပ်ထားသီးနှံရောင်းဝယ်ရေးနှင့် ဆန်စက်ပိုင်ရှင် ကိုကျော်ဇင်မျိုးက ပြောသည်။

ထို့ပြင် အာဆီယံနိုင်ငံများတွင်လည်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့သည့် အခြားနိုင်ငံများတွင် မိရိုးဖလာစိုက်ပျိုးနည်းထက် နည်းပညာသုံးစိုက်ပျိုးနည်းများကို စက်မှုလယ်ယာစနစ်ဖြင့် တွင်ကျယ်စွာ လုပ်ဆောင်လျက်ရှိပြီး ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရန် ကြိုးစားလျက်ရှိရာ မြန်မာနိုင်ငံမှ သမားရိုးကျ မိရိုးဖလာစိုက်ပျိုးနည်းများကို စွန့်ပယ်ရန်နှင့် အသစ်တီထွင် ဖန်တီးထုတ်လုပ်နိုင်ရန် လိုအပ်နေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ကလေးသူငယ် စုစုပေါင်း ၁၂ သန်းရှိပြီး ယင်းတို့အနက် အလုပ်လုပ်နေသော ကလေးသူငယ်များထဲမှ ၅၅ ဒသမ ၀ ရာခိုင်နှုန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် ပင်လယ်ပြင်၊ မြစ်ချောင်းများတွင် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ကြပြီး ကျေးလက်တွင် အလုပ်လုပ်ကြသည့် ကလေးသူငယ်များအားလုံး၏ ၆၆ ရာခိုင်နှုန်းမှာ လယ်ယာလုပ်ငန်းခွင်အတွင်း ရောက်ရှိနေကြသည်။ အသက် ၁၅နှစ်မှ ၁၇နှစ်အထိ အသက်အုပ်စု၏ ၅၇ ရာခိုင်နှုန်းနှင့် အသက် ၁၂ နှစ်မှ ၁၄နှစ်အထိ အသက်အုပ်စု၏ ၅၃ ရာခိုင်နှုန်းသည် လယ်ယာလုပ်ငန်းခွင်များတွင် လုပ်ကိုင်လျက်ရှိကြရာ ထိုသူများသည် အနာဂတ်မြန်မာ့စိုက်ပျိုးရေး၏ စွမ်းအားရှင်များ ဖြစ်လာကြမည်ဖြစ်ရာ ယင်းတို့ကို ယခုအချိန်မှစတင်ကာ မြှင့်တင်ပေးခြင်း၊ စိုက်ပျိုးရေး အသိပညာများ ဖြန့်ဝေပေးခြင်း၊ မိရိုးဖလာလယ်ယာလုပ်ငန်းလုပ်ကိုင်မှုမှ ကွဲထွက်ကာ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းရေး လမ်းစဉ်များတွင် ပါဝင်စေခြင်းဖြင့် မြန်မာ့လယ်ယာကဏ္ဍ၏ ကုန်ထုတ်စွမ်းအားရှင်များ အရည်အသွေးကို ဆန်းစစ်မြှင့်တင်ဖို့ လိုအပ်နေပြီဖြစ်ပါကြောင်း။




ကောက်စိုက်သမများ လယ်ယာလုပ်ငန်းခွင်ဝင်နေကြစဉ်

ခ ရီး သွား ဆောင်း ပါး

# အက်ဒမန်ပင်လယ်ပြင်ထက်က မာကက်ကျွန်းဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်

ရေပြင်ကို အရှိန်အဟုန်ဖြင့် ဖြတ်သန်းနေသော စက်တပ်ရေယာဉ်ငယ်ကြောင့် ရေပန်းများ တဖွားဖွား ထွက်ပေါ်လာသည်။ ရှေ့တည့်တည့်မှလေတိုက်နေသဖြင့် ရေယာဉ်၏ထိပ်ပိုင်းမှ ရေပန်းများ ရေယာဉ်နောက်ပိုင်းသို့ လွင့်စဉ်ကျလာသည်။ ဦးထုပ်ဆောင်းရန် မရလောက်အောင် လေတိုက်နေသဖြင့် လွင့်မသွားစေရန် ဦးထုပ်ကိုချွတ်ပြီး လက်ဖြင့်ကိုင်ထားလိုက်ရသည်။ ဆံပင်များက လေထဲလွင့်ပျံ့လျက်။ ပတ်ဝန်းကျင်တစ်ခွင်ကို ကြည့်လိုက်ရာ ရေယာဉ်အချို့သွားလာခုတ်မောင်းနေပြီး ခပ်ဝေးဝေးတွင်ရေပြင်ပေါ်သို့ ထိုးထွက်နေသော ကျွန်းများက ဟိုနားတစ်ကျွန်း၊ သည်နားတစ်ကျွန်း။

မြိတ်မြို့ဆိပ်ကမ်းမှ နံနက် ၈ နာရီခန့်အချိန်၌ ရေယာဉ်ဖြင့်ထွက်လာသောကျွန်တော်တို့ ဆိပ်ကမ်းမှအထွက်မှာပင် နေပူဒဏ်ကို ခံစားရသည်။ ပင်လယ်ပြင်ထက် ရေလှိုင်းများပေါ်သို့ နေအလင်းရောင်ကျရောက်နေရာ ရေပြင်တွင် တလက်လက် တောက်ပနေသည်။ ပြာလဲ့နေသော ရေပြင်နှင့် ခပ်ဝေးဝေးမှ စိမ်းညို့ညို့ကျွန်းများကြောင့် အမြင်အေးနေသော်လည်း ခန္ဓာကိုယ်က အပူရှိန်ဟပ်နေသည်။ ကျွန်းများကို စိတ်ဝင်စားသော ကျွန်တော့်အဖို့ ရာသီဥတုပူခြင်း၊ အေးခြင်းကို ဂရုမစိုက်နိုင်။

မြိတ်မြို့သို့ရောက်ခိုက် မရောက်ဖူးသေးသော ကျွန်းများကို လေ့လာလိုသဖြင့် မြိတ်မြို့သား ကိုစိုးနောင်က လိုလိုလားလားလိုက်ပို့ပေးသဖြင့် ကျေးဇူးတင်စိတ်ဖြစ်ရသည်။ မြိတ်ကျွန်းစုအတော်များများသို့ ကျွန်တော်ရောက်ခဲ့၊ လေ့လာခဲ့ဖူးသည်။ မြိတ်မြို့သို့တာဝန်ဖြင့်ရောက်တိုင်း အချိန်ရသည်နှင့်ကျွန်းများကို လိုက်လံလေ့လာခဲ့သည်ကများသည်။ မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း ၈၀၀ ကျော်ရှိရာ လေ့လာမကုန်နိုင်ခဲ့၊ ယခုတစ်ခေါက် မြိတ်မြို့သို့ရောက်ခိုက် အလုပ်တာဝန်များပြီးသည်နှင့် မရောက်ဖူးသေးသော မာကက်ကျွန်းသို့ လေ့လာနိုင်ရေး ရေယာဉ်ဖြင့်သွားရောက်နေခြင်းဖြစ်သည်။

မာကက်ကျွန်းက မြိတ်မြို့ အနောက်မြောက်ဘက်တွင်ရှိပြီး မြိတ်မြို့နှင့် ရေမိုင် ၃၄မိုင်ခန့် ကွာဝေးသည်ဖြစ်ရာ ရေယာဉ်ဖြင့် အချိန် ၂ နာရီခန့် မောင်းနှင်ရကြောင်း ကိုစိုးနောင်က ပြောသည်။ ကျွန်တော်တို့ရေယာဉ်သည် အက်ဒမန်ပင်လယ်ရေပြင်ပေါ်တွင် ရုပ်တိုက်ပြေးလျက်ရှိရာ စက်သံကရေပြင်နှင့်ရိုက်ခတ်ကာ အသံကျယ်လောင်စွာ ထွက်ပေါ်လျက်ရှိသည်။ရေယာဉ်ပေါ်မှ ဘယ်ဘက်ကြည့်ကြည့် ရေပြင်နှင့်ကျွန်းများချည်းဖြစ်နေရာ ရေကူးကျွမ်းကျင်သူများအတွက် အခက်အခဲမရှိနိုင်သော်လည်း ရေမကူးတတ်သူများအတွက် အန္တရာယ်များလေသည်။ရေမကူးတတ်သော ကျွန်တော့်အတွက် ကိုစိုးနောင်က အသက်ကယ်အင်္ကျီနှင့် ရေဘူးများ၊ ဘောကွင်းများနှင့် သောက်ရေအပြင်စားစရာများလည်း ကြိုတင်စီစဉ်ယူဆောင်လာခဲ့လေသည်။

**“ကျွန်တော်တို့ ရေယာဉ်ပေါ် ပြန်တက်ပြီး မာကက်ကျွန်းအနောက်ဘက်သို့ သွားရောက်ခဲ့သည်။ သန္တာကျောက်တန်းများကိုတွေ့ရပြီး တံငါရွာငယ်တစ်ရွာကိုလည်း တွေ့မြင်ရသည်။ လေကွယ်ရာ အရပ်၌ တည်ထားသော ရွာငယ်က အိမ်ခြေမများချေ။ တံငါလုပ်ငန်းကိုအဓိကထား လုပ်ကိုင်ကြခြင်းဖြစ်ရာ ကျွန်တော်တို့ရောက်သွားချိန်၌ ရွာသားတစ်ဦးက ဖမ်းမိလာသော ငါးလိပ်ကျောက် တစ်ကောင်ကို ငါးခြောက်အဖြစ် နေပူလှန်းရန် ပြင်ဆင်နေသည်ကို တွေ့ရသည်။ ရိုးစင်းသော လူမှုဘဝနေထိုင်မှုကို လေ့လာနိုင်သည်ဖြစ်ရာ ခရီးသွားများအတွက် ဆွဲဆောင်မှုတစ်ခုပင်။ ပင်လယ်စာ လတ်လတ်ဆတ်ဆတ်ကို စားသောက်နိုင်သည့် အခွင့်အရေးလည်း ရှိနေသည်။”**



အက်ဒမန်ပင်လယ်ပြင်ရှိ မာကက်ကျွန်းကိုတွေ့ရစဉ်

“ဟိုး....မှာ မြင်ရတဲ့ကျွန်းက ဆလုံတွေနေတဲ့ ကျွန်းပေါ့၊ အတည်တကျ နေထိုင်တာမဟုတ်တော့ ဆလုံရွာလို့လည်း အဲဒီမှာ သတ်သတ်မှတ်မှတ်မရှိပါဘူး”ဟု ကိုစိုးနောင်က ပြောပြသဖြင့် လှမ်းကြည့်လိုက်ရာ ကျွန်းငယ်တစ်ကျွန်းကို တွေ့ရသည်။ ဆလုံများကယခုအခါ စက်တပ်လှေငယ်များဖြင့် ရေပြင်တွင် သွားလာနေထိုင်ကာ ငါးဖမ်းခြင်း၊ ရေငုပ်ခြင်းများဖြင့် ပျော်မွေ့နေကြပြီး အလွယ်တကူမြင်တွေ့ရရန် ခဲယဉ်းကြောင်း သိရသည်။ လူများ၊ရေယာဉ်များနှင့် ခပ်ဝေးဝေးတွင်သာ နေထိုင်သွားလာတတ်ကြပြီး သူတို့သဘာဝ လွတ်လပ်အေးချမ်းစွာ နေထိုင်တတ်ကြကြောင်း၊ တချို့ဆလုံများက ကြောက်ရွံ့ခြင်းမရှိတော့ဘဲလူများ၊ ရေယာဉ်များ အနီးသို့ရောက်လာသော်လည်း အဝေးသို့ ထွက်မပြေးကြတော့ကြောင်းလည်း သိရသည်။

ကျွန်တော်တို့ ရေယာဉ်တူရူတည့်တည့်မှ ရေယာဉ်ငယ်တစ်စင်းမောင်းနှင်လာသည်ကို တွေ့ရသည်။ ရေပန်းများ တဖွားဖွားဖြင့် ရေပြင်ပေါ်တွင် မောင်းနှင်လာသော ရေယာဉ်ကိုကြည့်နေရာ မကြာမီ ကျွန်တော်တို့ ရေယာဉ်နှင့် မလှမ်းမကမ်းမှ ဖြတ်သန်းသွားသည်။ ရေယာဉ်ပေါ်တွင် ကမ္ဘာလှည့်ခရီးသွား ၁၀ ဦးခန့်မြင်တွေ့ရပြီး ကျွန်းများကို လိုက်လံလေ့လာသူများ၊ ကျွန်းများ အနီးရေကူးခြင်း၊ရေငုပ်ခြင်းနှင့် လှေလှော်ခြင်းများဖြင့် သွားရောက်အပန်းဖြေကြသူများဖြစ်သည်။ ကျွန်တော်တို့ စက်လှေအား လက်ပြနှုတ်ဆက်သွားသဖြင့် ပြန်လည် လက်ပြနှုတ်ဆက်မိသည်။

ယခုအခါ မြိတ်ကျွန်းစုအတွင်း ပါဝင်သော ကျွန်းအများအပြားကို အပန်းဖြေလေ့လာရေးခရီးသွားရောက်ခွင့်ပြုထားပြီး ဖြစ်ရာခရီးသွားဧည့်သည်များ တဖြည်းဖြည်းလာရောက်မှုတိုးတက်လျက်ရှိသည်။ မြိတ်ကျွန်းစုများသို့ လေးရက်ခရီး၊ ငါးရက်ခရီးဖြင့် လာရောက်ကြပြီး လူအရောက်နည်းသည့်ကျွန်းများသို့လည်း အထူးဦးစားပေး သွားရောက်လျက်ရှိကြောင်း သိရသည်။ ယခု ကျွန်တော်တို့ သွားနေသည့် မာကက်ကျွန်းကိုလည်း မြိတ်မြို့မှ နေ့ချင်းပြန်သွား၍ ရသည်ဖြစ်ရာ ရေလမ်းခရီးဖြင့် အခက်အခဲမရှိချေ။ ခရီးသွားဧည့်သည်လာရောက်မှု များလာသည်နှင့်အမျှ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်မှာ အမှန်ပင်။

ကျွန်တော်တို့ စက်လှေက ကျွန်းငယ်အချို့ကို ဖြတ်သန်းပြီး မကြာမီ မာကက်ကျွန်းဆီသို့ ဦးတည်ခုတ်မောင်းလျက်ရှိရာ ပင်လယ်ပျော်ငှက်အချို့ကို တွေ့မြင်ရသည်။ စင်ရော်နှင့်ပုံသဏ္ဌာန်တူသော်လည်း စင်ရော်ငှက်မဟုတ်ကြောင်း သိရသည်။ အခုအချိန်တွင် ဆောင်းခိုငှက်များ မြန်မာနိုင်ငံအတွင်း ရောက်ရှိနေပြီဖြစ်ရာ ဥရောပမှ ဆောင်းခိုငှက်များဖြစ်နိုင်ကြောင်း၊ ကျွန်းနှင့် ဝေးဝေးမပျံသန်းဘဲ အနီးတစ်ဝိုက်တွင် ပျံသန်းအစာရှာလေ့ရှိကြောင်း သိရသည်။

ရေပြင်ပေါ်တွင် နှစ်နာရီခန့်ကြာမျှ မောင်းနှင်လာခဲ့ပြီးနောက် မာကက်ကျွန်းအနီးသို့ ရောက်ရှိခဲ့ကြသည်။ မာကက်ကျွန်းကို ဝေဟင်ပေါ်မှကြည့်လျှင် ကျေးငှက်တစ်ကောင်ဝပ်နေသည့် ပုံသဏ္ဌာန်နှင့်တူကြောင်း ကိုစိုးနောင်က ပြောပြသည်။ စက်လှေအရှိန်ကို ဖြည်းဖြည်းလျှော့ချလိုက်ပြီးနောက် မာကက်ကျွန်းကမ်းခြေသို့ အသာအယာဆိုက်ကပ်လိုက်လေသည်။ သာယာပြန့်ပြူးသောကမ်းခြေဖြစ်ရာ ကျွန်တော်တို့ ဆင်းခဲ့သည်။

မာကက်ကျွန်းကမ်းခြေက အရှည်ပေ ၄၀၀ ခန့်သာရှိသော်လည်း ညီညာပြန့်ပြူးသော သဲသောင်ပြင်ရှိနေသည်။ ဖြူလွှသော သဲသောင်ပြင်ပေါ်တွင် ဖြည်းဖြည်းချင်းလမ်းလျှောက်ရင်း၊ တိတ်ဆိတ်ခြင်း၊ သာယာခြင်း၊ ငြိမ်းချမ်းခြင်းနှင့် အေးမြခြင်းတို့က တစ်ကိုယ်လုံးစိမ့်ဝင် ရိုက်ခတ်သွားလောက်အောင် တိမ်းမူးဖွယ်ရာ ခံစားမှုမျိုးဖြစ်ပေါ်စေခဲ့ပြီ။ ကမ်းခြေသို့ လှိုင်းပုတ်သံက သဘာဝတရား၏ သံစဉ်စည်းချက်သဖွယ်ပင်။ လှိုင်းပုတ်သံနှင့် သစ်ပင်လေတိုးသံတို့မှ တစ်ပါးအခြားအသံများမကြားရ။

ကမ်းခြေမလှမ်းမကမ်း ရေပြင်တွင် ရေငုပ်ကာ ရေအောက်ရှိ သဘာဝအလှတရားများကို ကြည့်ရှုလိုက်၊ ပြန်ပေါ်လာလိုက်ပြုလုပ်နေသည့် ရေငုပ်ဝတ်စုံနှင့် နိုင်ငံခြားသားခရီးသွားနှစ်ဦးကို တွေ့မြင်ရသည်။ အမျိုးသားများဖြစ်ပြီး အေးချမ်းစွာရေကူးလိုက်၊ ရေငုပ်လိုက်နှင့် လွတ်လပ်စွာ လာရောက်အပန်းဖြေနေခြင်းဖြစ်သည်။

ကျွန်တော်တို့ကမ်းခြေတွင် လမ်းလျှောက်အပန်းဖြေရင်း မာကက်ကျွန်းကို လေ့လာမိသည်။ အမြင့်မီတာ ၃၀၀ ခန့်ရှိသော မာကက်ကျွန်းက စိမ်းစိုသော သစ်ပင် မျိုးစုံပေါက်ရောက်နေသည်။ ကျောက်တောင်ကျွန်းပုံသဏ္ဌာန်ဖြစ်နေသော်လည်း သဘာဝပေါက်ပင်များဖြင့် စိမ်းလန်းနေသည်ကို တွေ့မြင်ရသည်။ ကမ်းခြေအနီးသစ်ပင်အချို့ပေါ်တွင် အမျိုးအစားမခွဲခြားနိုင်သော ကျေးငှက်များကိုတွေ့ရသဖြင့် ငှက်ကြည့်ဝါသနာရှင်များ အကြိုက်တွေ့နိုင်သည့် ကျွန်းလည်းဖြစ်နေသည်။

ကျွန်တော်တို့ ရေယာဉ်ပေါ်ပြန်တက်ပြီး မာကက်ကျွန်းအနောက်ဘက်သို့သွားရောက်ခဲ့သည်။ သန္တာကျောက်တန်းများကိုတွေ့ရပြီး တံငါရွာငယ်တစ်ရွာကိုလည်း တွေ့မြင်ရသည်။ လေကွယ်ရာအရပ်၌ တည်ထားသော ရွာငယ်က အိမ်ခြေမများချေ။ တံငါလုပ်ငန်းကိုအဓိကထား လုပ်ကိုင်ကြခြင်းဖြစ်ရာ ကျွန်တော်တို့ရောက်သွားချိန်၌ ရွာသားတစ်ဦးက ဖမ်းမိလာသော ငါးလိပ်ကျောက်တစ်ကောင်ကို ငါးခြောက်အဖြစ်နေပူလှန်းရန် ပြင်ဆင်နေသည်ကို တွေ့ရသည်။ ရိုးစင်းသော လူမှုဘဝနေထိုင်မှုကို လေ့လာနိုင်သည်ဖြစ်ရာ ခရီးသွားများအတွက် ဆွဲဆောင်မှုတစ်ခုပင်။ ပင်လယ်စာ လတ်လတ်ဆတ်ဆတ်ကို စားသောက်နိုင်သည့် အခွင့်အရေးလည်း ရှိနေသည်။

မာကက်ကျွန်းပေါ်မှ နေ၍ကြည့်လျှင် နံနက်နေထွက်ချိန်ကို ၆ နာရီ ၆ မိနစ်တွင် စတင်တွေ့ရှိရပြီး ညနေ ၆ နာရီ ၇ မိနစ်တွင် နေဝင်သဖြင့် နေထွက်ချိန်၊ နေဝင်ချိန်အလှကို အပြည့်အဝခံစား မြင်တွေ့နိုင်လေသည်။ မာကက်ကျွန်းပေါ်တွင် နေရာအနှံ့သွားရောက်လေ့လာနိုင်သော်လည်း သဘာဝပေါက်ပင်များ ကျောက်တုံး၊ ကျောက်လွှာများကြောင့် သွားလာရခက်ခဲသဖြင့် ကျွန်တော်တို့ကျွန်းပေါ်သို့တက်ပြီး နေရာအနှံ့ သွားရောက်မလေ့လာနိုင်ခဲ့တော့။

မာကက်ကျွန်းက ကတန်ကျွန်းအနောက်မြောက်ဘက်တွင်တည်ရှိပြီး ဟာရစ်ကျွန်း၊ ဂီဖို့ဒ်ကျွန်း၊ ပက်ကျွန်းနှင့် ဂန်းကျွန်းတို့နှင့်လည်း အလှမ်းကွာဝေးခြင်းမရှိ။ ယင်းကျွန်းများသို့လည်း ရေယာဉ်ဖြင့်သွားရောက်လေ့လာနိုင်ပေသည်။ နိုင်ငံခြားခရီးသွားဧည့်သည်များမှာ သဘာဝကျွန်းများအနီး သဘာဝရေပြင်တွင်ရေကူးခြင်းနှင့် ရေငုပ်ခြင်းများအပြင် လှေလှော်ခြင်းများဖြင့် သဘာဝပတ်ဝန်းကျင်၌ စိတ်လက်လွတ်လပ်ပေါ့ပါးစွာ လာရောက်အပန်းဖြေကြခြင်း ဖြစ်မည်ဟု တွေးမိသည်။

မာကက်ကျွန်းကို ရေယာဉ်ဖြင့် ဖြည်းဖြည်းချင်းမောင်းနှင်ကာ လှည့်ပတ်ကြည့်ရှုလေ့လာခဲ့ရာ မာကက်ကျွန်းအနောက်ဘက်တွင် လိပ်ဥကျွန်းရှိကြောင်း သိရသည်။ ကမ်းခြေသဲသောင်ပြင်တွင် လိပ်ဥကျင်းများဖြင့် ဥများဥချလေ့ရှိရာ စက်လှေဖြင့် သွားရောက်လေ့လာနိုင်ကြောင်း သိရသည်။ နိုင်ငံခြားသား ခရီးသွားဧည့်သည်များမှာ မာကက်ကျွန်းနှင့် လိပ်ဥကျွန်းများသို့ ယခုအခါ လာရောက်လေ့လာလျက်ရှိရာ ခရီးသွားဆွဲဆောင်မှု တစ်ရပ်အဖြစ် တဖြည်းဖြည်းရောက်ရှိလာသည်။

မာကက်ကျွန်းကမ်းခြေဘက်သို့ ပြန်လာခဲ့ကြပြီး ကမ်းခြေသို့ဆင်းကာ ကျွန်တော်တို့ ရေချိုးခဲ့ကြသည်။ အေးမြကြည်လင်နေသောရေကြောင့် ရေချိုး၊ ရေကူးရသည်မှာ အားမရနိုင်သဖြင့် ကမ်းစပ်သို့ပြန်မတက်ချင်း၊ ရေချိုး၊ ရေကူးပြီးနောက် အဝတ်အစားများလဲကာ ကျွန်တော်တို့ မာကက်ကျွန်းမှ ပြန်ထွက်ခဲ့ကြသည်။ ကျွန်တော်တို့ရေယာဉ် ပြန်ထွက်ချိန်တွင် မာကက်ကျွန်းသို့ ဦးတည်မောင်းနှင် လာနေသော ရေယာဉ်ငယ်တစ်စင်းကို လှမ်းမြင်ရသည်။ မာကက်ကျွန်းကို လာရောက်လေ့လာမည့် ခရီးသွားဧည့်သည်များ မကြာမီကာလအတွင်း တိုးတက်များပြားလာတော့မည် ဖြစ်သည်။

မိုင်နှုန်းမြင့်မောင်းနှင်နေသော စက်တပ်ရေယာဉ်က အရှိန်အဟုန်ဖြင့် ရေပြင်ကိုခွဲပြီး ပစ်လွှတ်လိုက်သော မြားတစ်စင်းကဲ့သို့ လျင်မြန်နေသည်။ ရေယာဉ်နောက်မှ ရေလှိုင်းဂယက်များနှင့်အတူ မာကက်ကျွန်းက တဖြည်းဖြည်းဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေပြီ။ ။

# အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့



## ဒေါက်တာသောင်းနိုင်ဦး (သစ်တောသုတေသန)

**သစ်တောများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ**

ရာသီဥတုပြောင်းလဲမှု၊ သဲကန္တာရဖြစ်ထွန်းမှု၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ကွယ်မှု၊ သဘာဝဘေးအန္တရာယ်များ ကျရောက်မှု၊ သစ်တောများပြုန်းတီးမှု စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့်အတူ သစ်တောများမှ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ၊ သစ်တောများ၏ အစစ်အမှန်တန်ဖိုးများကို ပိုမိုအသိအမှတ်ပြု အလေးထားလာကြသည်။

သစ်တောများမှ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို အောက်ဖော်ပြပါအတိုင်း အမျိုးအစားခွဲခြား ဖော်ပြကြသည်-

ထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှု (Provisional Services)

* သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ စားနပ်ရိက္ခာ၊ ရေကောင်းရေသန့်ရရှိစေခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများ

ပတ်ဝန်းကျင်ထိန်းညှိမှုဆိုင်ရာ ဝန်ဆောင်မှု (Regulating Services)

* ရာသီဥတုပြောင်းလဲမှုအားထိန်းညှိခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ခြင်းဆိုင်ရာဝန်ဆောင်မှု၊ ရေ၊ လေသန့်စင်မှုလုပ်ငန်းများ၊ မြေတိုက်စားမှု မြေပြိုမှုများမှ ကာကွယ်ခြင်း၊ ဝတ်မှုန်ကူးခြင်းနှင့် ပိုးမွှားကျရောက်မှုများမှ ကာကွယ်ခြင်းစသည့် ဝန်ဆောင်မှု လုပ်ငန်းများ၊

ယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ (Cultural and Spiritual Spirit)

* အပန်းဖြေမှု၊ အလှအပနှင့် မျက်စိပသာဒဆိုင်ရာ ဝန်ဆောင်မှု၊ ယုံကြည်မှု၊ ကိုးကွယ်မှု ရိုးရာဓလေ့ဆိုင်ရာ ဝန်ဆောင်မှုများ၊

ဝန်ဆောင်မှုလုပ်ငန်းများအား အထောက်အကူပေးသည့်လုပ်ငန်းများ (Supporting Services)

* မြေဆီလွှာ ဖြစ်ပေါ်လာမှု ဖြစ်စဉ်အဆင့်ဆင့် အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများအား ချိတ်ဆက်ပေါင်းစပ် ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများ၊

သစ်တောများက အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများသည် သက်ရှိလောကအတွက် မရှိမဖြစ်လိုအပ်ပြီး ငွေကြေးအားဖြင့် တန်ဖိုးဖြတ်၍ မရနိုင်ပေ။ သို့သော်လည်း အဆိုပါတန်ဖိုးများအား သိရှိနားလည်မှုမရှိခြင်း၊ သိရှိသူ အလွန်နည်းပါးခြင်း၊ သိရှိသော်လည်း မိမိအကျိုးစီးပွား၊ လူနည်းစု အကျိုးစီးပွားနှင့် ရေတိုအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ခြင်း၊ အဆိုပါတန်ဖိုးများကို ဖော်ထုတ်မည့်အဖွဲ့အစည်း၊ ထိန်းသိမ်းမည့်အဖွဲ့အစည်းအလွန်နည်းပါးခြင်းနှင့် စွမ်းဆောင်ရည်မရှိခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် တန်ဖိုးတွက်ချက်မှု အလွန်နည်းပါးခြင်းနှင့် အကျိုးအမြတ်ဆိုင်ရာဆန်းစစ်မှု မရှိခြင်း၊ ဈေးကွက်မရှိခြင်း စသည့် အကြောင်းများကြောင့် သစ်တောသယံဇာတများ၊ သစ်တောဂေဟစနစ်များ ပျက်စီးဆုံးရှုံးခဲ့ကြရသည်။

**သစ်တောပြုန်းတီးခြင်း အဓိကအကြောင်းအရင်းများ**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ ၂၀၁၅ ခုနှစ် အစီရင်ခံစာအရ ၂၀၁၀ ပြည့်နှစ် မှ ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုနှုန်းသည် နှစ်စဉ် ပျမ်းမျှ ၁ ဒသမ ၇၃ ရာခိုင်နှုန်းရှိခဲ့သည်။ သစ်တောနယ်မြေ (Permanent Forest Estate-PFE) အတွင်း၌ ပြုန်းတီးမှုနှုန်း ၁ ဒသမ ၃၈ ရာခိုင်နှုန်းရှိပြီး သစ်တောမြေ ပြင်ပပြုန်းတီးမှုနှုန်း ၂ ဒသမ ၃၆ ရာခိုင်နှုန်း ရှိခဲ့သည်။ သစ်တောများ ပျက်စီးဆုံးရှုံးမှုနှင့်အတူ ဇီဝမျိုးစုံမျိုးကွဲ အပါအဝင် ဂေဟစနစ်ဝန်ဆောင်မှုများ အားလုံး ဆုံးရှုံးခဲ့ရသည်။ သစ်တောပြုန်းတီးမှု၏ နောက်ဆက်တွဲ အကျိုးဆက်များမှာ အလွန်များပြားပြီး သက်ရောက်မှုလည်း ကြီးမားကျယ်ပြန့်သည်။

သစ်တောပြုန်းတီးမှုအဓိကအကြောင်းအရင်းများကို လေ့လာကြည့်ပါက သစ်အလွန်အကျွံထုတ်ခြင်း၊ နည်းလမ်းမျိုးစုံဖြင့် တရားမဝင်သစ်ထုတ်ခြင်း၊ ထင်းလောင်စာ အလွန်အကျွံခုတ်ယူခြင်းစသည့် သစ်တောကဏ္ဍအတွင်း (within forestry sector) မှ အကြောင်းအရင်းများအပြင် သစ်တောများအတွင်း စိုက်ပျိုးမြေများ တိုးချဲ့စိုက်ပျိုးခြင်း၊ သတ္တုတူးဖော်ခြင်း၊ ရေအားလျှပ်စစ်၊ ဆည်တာတမံများ တည်ဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ သဘာဝတောများ ခုတ်ထွင်ရှင်းလင်း၍ ဆီအုန်း၊ ရော်ဘာ၊ ကြံစသည့် စက်မှုကုန်ကြမ်းစိုက်ခင်းများ အကြီးအကျယ်စိုက်ပျိုးခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် သစ်တောမြေမှ အခြားမြေ အသုံးချမှုအဖြစ် ပြောင်းလဲခြင်းစသည့် သစ်တောကဏ္ဍပြင်ပ (outside forestry sector) မှ အကြောင်းအရင်းများကြောင့် သစ်တောများ ပြုန်းတီးရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

**အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့**

သစ်တောအတွင်းမှ သစ်တောသစ်ပင်အမျိုးမျိုးနှင့် သစ်တောပြင်ပရှိ သစ်ပင်များ (Trees Outside of Forests)မှ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ၏ အရေးပါပုံကို ပြည်သူလူထုအားလုံး သိရှိနားလည်စေရန် ရည်ရွယ်၍ ၂၀၁၃ ခုနှစ်မှ စတင်ကာ နှစ်စဉ် မတ်လ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ "Internal Day of Forests" အဖြစ် သတ်မှတ်ခဲ့သည်။

ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ်(မူကြမ်း) A/C.2/67/L.4 ဖြင့် မတ်လ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အဖြစ် သတ်မှတ်ကြေညာခဲ့ခြင်း ဖြစ်သည်။ နိုင်ငံအသီးသီးတွင် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပခြင်းဖြင့် ပြည်သူများအကြား သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်လာစေရန် ကြိုးပမ်းခြင်းလည်း ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနားများကို ဦးတည်ချက်များ ချမှတ်ပြီး ကျင်းပလျက်ရှိရာ ၂၀၁၆ ခုနှစ်အတွက် "သစ်တောများနှင့် ရေ" ဟု သတ်မှတ်ပြီး အခမ်းအနားများကို ကျင်းပခဲ့သည်။ ၂၀၁၇ ခုနှစ် မတ်လ ၂၁ ရက်နေ့၌ ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အတွက် "သစ်တောများနှင့်စွမ်းအင်" ဟူ၍ ဦးတည်ချက်ချမှတ်ထားပြီး အထိမ်းအမှတ် အခမ်းအနားများကို အနှစ်သာရရှိရှိဖြင့် ကျင်းပရန် အားပေးကူညီ တိုက်တွန်းလျက်ရှိသည်။

**သစ်တောများနှင့်စွမ်းအင်**

ယနေ့အချိန်တွင် စွမ်းအင်သည် လူတိုင်းအတွက်၊ နိုင်ငံတိုင်းအတွက် အလွန်အရေးပါလှသည်။ အထူးသဖြင့် နိုင်ငံတော်၏ လျှပ်စစ်ကွန်ရက်နှင့် အလှမ်းဝေးနေသော ကျေးလက်ဒေသများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်သည် အလွန်အရေးပါလှသည်။ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် (၇)သည် ပြည်သူများ ဝယ်ယူသုံးစွဲနိုင်သော အားကိုးအားထားပြုနိုင်သော၊ စဉ်ဆက်မပြတ်ရနိုင်သော ခေတ်မီသော၊ စွမ်းအင်များရရှိနိုင်ရေးဟူ၍ ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈၇ သန်း ရှိသည့်အနက် လျှပ်စစ်သုံးစွဲနိုင်သည့် အိမ်ထောင်စုဦးရေ စုစုပေါင်း ၃ ဒသမ ၆ သန်းသာလျှင်ရှိသည်။ ရာခိုင်နှုန်းအားဖြင့် ၃၃ ရာခိုင်နှုန်းသာလျှင်ရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး နေ့စဉ်ချက်ပြုတ်စားသောက်ရန်အတွက် ထင်း၊ မီးသွေးကို အဓိကလောင်စာအဖြစ် သုံးစွဲနေကြရသည်။ မြန်မာနိုင်ငံ ကျေးလက်နှင့် မြို့ပြ ဒေသနေပြည်သူအများစုအတွက် နှစ်စဉ် ထင်းလိုအပ်ချက် ကုဗတန် ၁၆ ဒသမ ၅၃ သန်းခန့်ရှိပြီး ကျေးလက်နှင့် မြို့ပြနေပြည်သူများ၏ ထင်း၊မီးသွေးသုံးစွဲမှုသည် စုစုပေါင်းစွမ်းအင်သုံးစွဲမှု ပမာဏ၏ ၇၆ ဒသမ ၄၁ ရာခိုင်နှုန်းအထိ ရှိသည်။

ထင်းလောင်စာ လိုအပ်ချက် တစ်နေ့ထက်တစ်နေ့ ပိုမိုမြင့်မားလာမှုသည် သစ်တောများအပေါ် ဖိအားများဖြစ်ပေါ်လျက်ရှိသည်။ သစ်တောသယံဇာတ ရေရှည်တည်တံ့စေရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး စသည့်လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး အဓိက ဖြေရှင်းရမည့်ပြဿနာတစ်ရပ်လည်း ဖြစ်သည်။

သစ်တောများသည် စွမ်းအင်ကဏ္ဍအတွက် အရေးပါသည်နှင့်အညီ ယခုနှစ်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ကို သစ်တောများနှင့်စွမ်းအင် ဟူ၍ သတ်မှတ်ထားပြီး သစ်တောများ၏ အရေးပါမှုကို အောက်ဖော်ပြပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရပါသည်-

* သစ်တောများမှ ထုတ်လုပ်ပေးသော စွမ်းအင်သည် ဆိုလာ၊ ရေအားလျှပ်စစ် (သို့မဟုတ်) လေအားလျှပ်စစ်တို့မှ ထုတ်လုပ်ပေးသော စွမ်းအင်ထက်ပိုမိုပြီး ကမ္ဘာ့ပြန် ပြည့် မြဲစွမ်းအင်ထုတ်လုပ်မှု စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်း ခန့်ရှိခြင်း၊
* သစ်တောများမှ ထုတ်လုပ်ပေးသော ထင်း၊ သစ်သားစသည့် ဇီဝဒြပ်ထုလောင်စာများသည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အချို့စက်မှုနိုင်ငံများအတွက် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိခြင်း၊
* ကမ္ဘာ့သစ်ထုတ်လုပ်မှု စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း (၁ ဒသမ ၈ ဘီလီယံ ကုဗမီတာ) သည် ချက်ပြုတ်ခြင်း၊ အပူပေးခြင်းနှင့် လျှပ်စစ်ထုတ်လုပ်ခြင်း စသည့် စွမ်းအင်လိုအပ်ချက်များအတွက် အသုံးပြုလျက်ရှိခြင်း၊
* ၂ ဒသမ ၄ ဘီလီယံသော ကမ္ဘာ့ပြည်သူများသည် ချက်ပြုတ်ခြင်း၊ အာဟာရပြည့်ဝသော အစားအစာထုတ်လုပ်ခြင်း၊ ရေနွေးကျိုခြင်းနှင့် နေအိမ်အပူပေးခြင်း လုပ်ငန်းများတွင် ထင်းကို အသုံးပြုလျက်ရှိခြင်း၊
* ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူ ၈၈၃ သန်းခန့်သည် သစ်၊ ထင်းလောင်စာ အခြေခံစွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများတွင် အချိန်ပြည့်၊ အချိန်ပိုင်း လုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်၍ အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝင်ငွေများ ရှာဖွေခြင်း၊
* ဇီဝဒြပ်ထုအသုံးပြု၍ စွမ်းအင်ထုတ်လုပ်ခြင်းအား ခေတ်မီအောင် ပြုပြင်ခြင်းဖြင့် ကျေးလက်ဒေသ လူမှုစီးပွားဖွံ့ဖြိုးနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးနိုင်ခြင်း၊ အဆိုပါလုပ်ငန်းတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်းဖြင့် သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းအတွက် အခွန်တော်ငွေ ပိုမိုရရှိနိုင်ခြင်း၊ သစ်တောများတိုးပွားလာစေခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ခြင်း၊

**သစ်တောအတွင်းမှ သစ်တောသစ်ပင်အမျိုးမျိုးနှင့် သစ်တောပြင်ပရှိ သစ်ပင် များ (Trees Outside of Forests) မှ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ၏ အရေးပါပုံကို ပြည်သူလူထုအားလုံး သိရှိနားလည်စေရန် ရည်ရွယ်၍ ၂၀၁၃ ခုနှစ်မှစတင်ကာ နှစ်စဉ် မတ်လ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ "Internal Day of Forests" အဖြစ် သတ်မှတ်ခဲ့**

* မြို့ပြများတွင် သစ်ပင်များကို မဟာဗျူဟာကျကျ စနစ်တကျ စိုက်ပျိုးမည်ဆိုပါက ၂ ဒီဂရီဆဲလ်စီးရပ် မှ ၈ ဒီဂရီဆဲလ်စီးရပ်ခန့်အထိ လေထု ပိုမိုအေးမြစေနိုင်ခြင်း၊
* သစ်တောများသည် နှစ်စဉ် ကမ္ဘာ့မူလ စွမ်းအင်သုံးစွဲမှု ပမာဏထက် ၁၀ ဆခန့်အထိ ပိုမို သိုလှောင်ထားနိုင်ခြင်း၊ သစ်တောများသည် ကမ္ဘာ့စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြန်ပြည့်မြဲစွမ်းအင်အဖြစ် အလားအလာကောင်းသော သဘာဝသယံဇာတဖြစ်ခြင်း၊
* ခေတ်နှင့်အညီ ဆန်းသစ်တီထွင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများဖြင့် စနစ်တကျ စီမံအုပ်ချုပ်သော သစ်တောများ၏ အခန်းကဏ္ဍသည် ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များအဖြစ် ပိုမိုအရေးပါလာခြင်း၊ အစိမ်းရောင် စီးပွားရေးလုပ်ငန်းများအဖြစ် တွင်ကျယ်လာခြင်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်မီအောင်မြင်ရေးအတွက် ဗဟိုချက်အဖြစ် ပါဝင်လာခြင်း၊
* စနစ်တကျ စီမံအုပ်ချုပ်သော ပြည်သူဗဟိုပြု သစ်တောလုပ်ငန်းများ၊ တစ်အုပ်တစ်မ တောအုပ်ငယ်များ၊ ကျေးရွာထင်းစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများနှင့် စွမ်းအားမြင့်မီးဖို ကျယ်ပြန့်စွာဖြန့်ဖြူး အသုံးပြုခြင်း လုပ်ငန်းများသည် သန်းပေါင်းများစွာသော ပြည်သူလူထုအတွက် အကျိုးကျေးဇူးများစွာ ရရှိခြင်း၊

*စာမျက်နှာ ၂၃ သို့*

# မြန်မာနိုင်ငံ၏ ပထမဆုံးကျွန်းတံတားကြီး

တင်လှိုင်(မိတ္ထီလာ)

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဦးပိန်တံတားသည် နိုင်ငံကျော်၊ ကမ္ဘာကျော်တံတားကြီးဖြစ်သည်။ ဦးပိန်တံတားကို မြန်မာသက္ကရာဇ် ၁၂၁၁ ခုနှစ် (၁၈၄၉)ခု ကုန်းဘောင်ဆက် နဝမမြောက် ပုဂံမင်းတရားကြီးလက်ထက် အမရပူရမြို့ဝန် ဘိုင်ဆပ်၏တပည့် မြို့စာရေးဦးပိန်က မိုးကာလတောင်သမန် တစ်ဆယ့်နှစ်ရပ်မှ လူအများ၏ သွားလာရ ခက်ခဲသည့်ဒုက္ခကိုမြင်၍ တောင်သမန် အင်းကိုဖြတ်ကာတံတားကို ဦးပိန်က ဦးစီးဦးဆောင်လုပ်ခဲ့သဖြင့် “ဦးပိန်တံတား”ဟု အမည်တွင်ခဲ့သည်။

ဦးပိန်တံတားကို စစ်ကိုင်းအင်းဝ နန်းတော်အိမ်တော်များမှ သစ်သားဟောင်းများကို အသုံးပြု၍ ဆောက်လုပ်ထားခြင်း ဖြစ်သည်။ ဦးပိန်တံတားကို ၁၂၁၁ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ရာ ၁၂၁၃ ခုနှစ်တွင် တံတားကြီးပြီးသည်။ တံတားတိုင်ပေါင်း ၉၈၄ တိုင်ရှိသည်။ ဇရပ်လေးဆောင်မှတိုင်များပါပေါင်း၍ရေတွက်လျှင် ၁၀၈၆ တိုင်ရှိသည်။ အခန်းပေါင်း ၄၈၂ ခန်းရှိသည်။ တံတားအရှည်မှာ ၃၉၆၂ (၃၃၉ တာနှင့် ၂ တောင် )ပေ ရှိသည်။

ဦးပိန်တံတားသည် မြန်မာနိုင်ငံ၌ သာမက ကမ္ဘာတွင်ပါ ကျော်ကြားသော တံတားတစ်စင်း ဖြစ်သည်။ ဦးပိန်တံတားအား ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားကြသည်။ ဓာတ်ပုံရိုက်ကြသည်။ ဗီဒီယိုမှတ်တမ်းရိုက်ကြသည်။

ဦးပိန်တံတားသည် လူသိများကြသော်လည်း ဦးပိန်တံတားထက် တစ်နှစ်စော၍ ၁၂၁၀ ခုနှစ်က တည်ဆောက်ခဲ့သော မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင်းရှိ မအူတံတားကို လူသိနည်းခဲ့သည်။

မအူတံတားမှာ ရေစကြိုမြို့အနောက် မြောက်ဘက်ငါးမိုင်အကွာတွင် တည်ရှိသည်။ ရေစကြိုမြို့အဝင် တမာတန်းလမ်းခွဲမှသွားလျှင်ရသည်။ တံတားအလှူရှင်ကမ္ပည်းစာတမ်းများ တံတားအလယ်တွင် အင်္ဂတေကျောက်ပြားဖြင့်ထုလုပ်ထားရာရေတိုက်စားသဖြင့် ပျက်စီးသွား၍ မသိခဲ့ရပေ။

မအူတံတားမှာ မအူအောက်ဆိပ်နှင့် မအူအလယ်ရွာအုပ်စုတို့ကို မအူအင်းကို ဖြတ်၍ဆောက်လုပ်ထားသော တံတားကြီးဖြစ်သည်။ မအူအောက်ဆိပ်တွင် မြို့ထိပ်၊ နန်းတော်ရပ်ကွက်၊ ဈေးဟောင်းရပ်ကွက်၊ အောက်ဆိပ်ရပ်ကွက်၊ မြို့ပေါ်ရပ်ကွက်၊ ရွာသစ်ရပ်ကွက်၊ ရွာသာအေးရပ်ကွက်တို့ ပါဝင်သည်။ မအူအလယ်အုပ်စုတွင် မအူအလယ်၊ ကတို့စု၊ ခုနှစ်ပင်၊ ကျောက်ဖူး၊ မအူတောင်ရပ်ကွက်များ ပါဝင်သည်။ မအူအောက်ဆိပ်နှင့် မအူအလယ်အုပ်စုတို့ သွားလာလွယ်ကူစေရန် အတွက် မအူကျွန်းတံတားကြီးကို ဆောက်လုပ်ထားခြင်းဖြစ်သည်။

မအူတံတားကြီးကို သချာ်နည်းဖြင့် မအူတံတားကြီး၏ ကျွန်းတိုင်ပေါင်းကို “ညောင်ရေလောင်း”ဟူ၍ တိုင်အလုံးပေါင်း ၃၄၄ လုံးကိုဖော်ပြထားသည်။ ထိုနည်းလည်းကောင်း အခန်းပေါင်းကိုလည်း ဦးနေဝင်းဟူ၍ ၁၇၄ ခန်းကိုစပ်ဆိုထားသည်။ ထိုကဲ့သို့ပင် တံတားကြီးတန်ဖိုးကိုလည်း“မျက်လုံး တစ်ဖက်ဖုံး” ဟူ၍ ၅၄၇၅၅ ငွေဒင်္ဂါးကုန်ကျကြောင်း စပ်ဆိုရေးသားထားခဲ့သည်။ မအူတံတားတွင်ဦးပိန်တံတားကဲ့သို့ ဇရပ်ဆောင်များပါဝင်သည်။ တံတားအမြင့်မှာ ခုနစ်ပေခန့်မြင့်သည်။ မအူအောက်ဆိပ်တံတားမှာလည်း ရေကြီးနစ်မြုပ်ပျက်စီးခဲ့သဖြင့် သုံးကြိမ်သုံးခါစုပေါင်း ပြုပြင်ထားကြောင်း သိရသည်။ တံတားအရှည်မှာ ပေ ၂၀၀၀ ခန့်ရှိသည်။

ဦးပိန်တံတားနည်းတူ တိုင်ပေါင်းများစွာဖြင့် တစ်နှစ်စော၍ အဆိုပါ တံတားသဏ္ဌာန်တူ ဆောက်လုပ်ခဲ့သော မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် မအူအောက်ဆိပ်ရှိ မြန်မာနိုင်ငံ၏ပထမဆုံး မအူကျွန်းတံတားကြီးကိုပြည်သူအများ သိရှိစေရန် ရည်ရွယ်ရေးသားလိုက်ပါသည်။



ရေစကြိုမြို့နယ်ရှိ မအူကျွန်းတံတားကြီး

*စာမျက်နှာ ၂၂ မှ အဆက်*

**အမျိုးသား သစ်တောကဏ္ဍ ပင်မစီမံကိန်းနှင့် ထင်းလောင်စာ**

သစ်တောဦးစီးဌာန အနေဖြင့်ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများဟူ၍ အဆင့်ဆင့်ခွဲခြားသတ်မှတ်လျက် သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲများ ထာဝစဉ်တည်တံ့စေရန်နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (၂၀၀၁- ၂၀၀၂ မှ ၂၀၃၀-၂၀၃၁ ပြည့်နှစ်အထိ)ကို ရေးဆွဲအကောင်အထည် ဖော်လျက်ရှိသည်။ ထင်းလောင်စာသုံးစွဲမှု ပမာဏလျှော့ချနိုင်ရေး၊ ထင်းလောင်စာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက်နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်းတွင် လုပ်ငန်းအစီအစဉ်များထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။

သဘာဝသစ်တောများကို ပျက်စီးပြုန်းတီးမှုမရှိစေဘဲ ထင်းလိုအပ်ချက်ပြည့်မီစေရန်အတွက် ထင်းလိုအပ်ချက် စုစုပေါင်း ၏ ၂၅ ရာခိုင်နှုန်းကို ကိုယ်ပိုင်အိမ်ဝင်း၊ ခြံဝင်း၊ ဥယျာဉ်ခြံမြေ၊ လယ်ယာပတ်လည်တို့တွင် သစ်ပင်များစိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ၂၅ ရာခိုင်နှုန်းကို ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများမှလည်းကောင်း၊ ၄ ဒသမ ၂ ရာခိုင်နှုန်းကို ဌာနဆိုင်ရာသစ်တောစိုက်ခင်းများမှလည်းကောင်း၊ ၄၅ ဒသမ ၈ ရာခိုင်နှုန်းကို သဘာဝသစ်တောများမှလည်းကောင်း ရရှိနိုင်ရေးအတွက် အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်းတွင် ထည့်သွင်းရေးဆွဲ အကောင်အထည် ဖော်လျက်ရှိပါသည်။

၂၀၀၀ ပြည့်နှစ်တွင် ထင်းလောင်စာသုံးစွဲမှုသည် စွမ်းအင်သုံးစွဲမှု စုစုပေါင်း၏ ၇၆ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀ ပြည်နှစ်တွင် ၅၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ၄၆ ရာခိုင်နှုန်းအထိလျော့ကျစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

တစ်ချိန်တည်းမှာပင် ထင်းလောင်စာချွေတာနိုင်ရန်အတွက် ၁၉၉၁ ခုနှစ် ဝန်းကျင်မှစတင်ပြီး သစ်တောသုတေသနဌာနတွင် စွမ်းအားမြှင့် အေဝမ်းမီးဖိုများကို သုတေသနပြု တီထွင်ဖန်တီးထုတ်လုပ်ဖြန့်ဝေခဲ့ပါသည်။ စွမ်းအားမြှင့်အေဝမ်းမီးဖိုများသည် သာမန်မီးဖိုများထက်ထင်းလောင်စာကုန်ကျမှု ၄၀ ရာခိုင်နှုန်း သက်သာပြီး ပတ်ဝန်းကျင်သန့်ရှင်းခြင်း၊ မီးဘေးအန္တရာယ်နည်းပါးခြင်း၊ မီးခိုးများနှင့် အမှုန်အမွှားများမှတစ်ဆင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ လျော့ပါးစေခြင်း၊ ငွေကြေးကုန်ကျမှုသက်သာခြင်းစသည့် အကျိုးကျေးဇူးများကြောင့် ယခုအခါ ကျေးလက်ပြည်သူများအကြားတွင် ကျယ်စွာအသုံးပြုလျက်ရှိသည်။ ကျေးလက်နေပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုတစ်နှစ်လျှင်ပျမ်းမျှထင်း ၂ ဒသမ ၅ တန် သုံးစွဲရသဖြင့် စွမ်းအားမြှင့်မီးဖိုသုံးစွဲပါက ထင်းတစ်နှစ်စာအတွက်တစ်တန် ချွေတာ နိုင်သည်။ စွမ်းအားမြှင့်မီးဖိုများကို အသုံးပြုခြင်းဖြင့် သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှုလျော့ချရေးလုပ်ငန်းစဉ်များကို အလွန်အထောက်အကူပြုနိုင်ပါသည်။

**သစ်တောများထာဝစဉ်တည်တံ့ရေး**

သစ်တောထိန်းသိမ်းရေးလုပ်ငန်းစဉ်များသည် သစ်နှင့်သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိစေရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး၊ ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှု များကို တိုးပွားစေရေး၊ ဆင်းရဲနွမ်းပါးမှု လျော့ချရေးအပါအဝင် ပစ္စုပ္ပန်နှင့်အနာဂတ် မျိုးဆက်များအတွက် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ ဖော်ဆောင်ရန်ဖြစ်သည်။

သစ်တောများ ထာဝစဉ်တည်တံ့ရေးအတွက်အရေးအကြီးဆုံး ဆောင်ရွက်ရမည့် လုပ်ငန်းမှာ လက်ရှိဖြစ်ပေါ်လျက်ရှိသည့် သစ်တောပြုန်းတီးမှုနှုန်းလျှော့ချရန်နှင့် ကျန်ရှိနေသည့် သဘာဝတောများကို ထိထိရောက်ရောက် စီမံအုပ်ချုပ်ထိန်းသိမ်းကာကွယ်ရန် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှုကို အားပေးထောက်ပံ့သည့် ကဏ္ဍအသီးသီးကို လွှမ်းခြုံနိုင်သောမူဝါဒများ၊ ဥပဒေများရေးဆွဲ အကောင်အထည်ဖော်ရန် အလွန်အရေးကြီးပါသည်။ သစ်တောများ၏ အစစ်အမှန်တန်ဖိုးကို နားလည်သဘောပေါက်လျက် သစ်တောထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် အရေးကြီးသော အစိတ်အပိုင်းအဖြစ်ထည့်သွင်းပေါင်းစပ် ဆောင်ရွက်ကြရန်လည်း လိုအပ်ပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောပြုန်းတီးမှုလျှော့ချရေးနှင့် သစ်တောများထာဝစဉ်တည်တံ့စေရေးတို့အတွက် သစ်တောကဏ္ဍပြုပြင်ပြောင်းလဲမှုများစွာကို ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့်

* ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သစ်ထုတ်လုပ်မှုလုံးဝရပ်ဆိုင်းခဲ့၍ သစ်တောကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြန်လည်ဆန်းစစ်ခြင်း၊
* ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်၍ ပဲခူးရိုးမဒေသတွင် သစ်ထုတ်လုပ်မှု ၁၀ နှစ်ရပ်ဆိုင်းခြင်းနှင့် သစ်တောများအရှိန်အဟုန်ဖြင့် စိုက်ပျိုး၊ ထိန်းသိမ်းပြုစုခြင်း၊
* မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇-၂၀၁၈ မှ ၂၀၂၇-၂၀၂၈) ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စတင်အကောင်အထည်ဖော်ခြင်း၊
* အမြဲတမ်းသစ်တောနယ်မြေများကို နိုင်ငံ့ရေိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို နိုင်ငံ့ရေိယာ၏ ၁၀ ရာခိုင်နှုန်းအထိတိုးချဲ့ ဖွဲ့စည်းနိုင်ရန် စနစ်တကျအစီအစဉ်ရေးဆွဲ ဆောင်ရွက်လျက်ရှိခြင်း၊
* သစ်တောနယ်မြေများ တိုးချဲ့ဖွဲ့စည်းသကဲ့သို့ သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်း တိုးတက်လာစေရေးနှင့် သစ်တောများ၏ အရည်အသွေးတိုးတက် ကောင်းမွန်လာစေရေးကိုလည်း ဆောင်ရွက်လျက်ရှိခြင်း၊
* ပြည်သူဗဟိုပြုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်းလျာထားချက်နှင့်အညီ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောရေိယာဧက ၂ ဒသမ ၂၇ သန်းကို စနစ်တကျတည်ထောင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိခြင်း၊
* သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းလုပ်ငန်း (Reducing Emissions from Deforestation and Forest Degradation and the role of Sustainable Management of Forests, Forest Conservation and the Enhancement of Forest Carbon Stock in the Developing Countries – REDD+) နိုင်ငံ့အဆင့်အစီအစဉ်များ အကောင်အထည်ဖော်လျက်ရှိခြင်း၊
* စီမံအုပ်ချုပ်မှုစနစ် ပိုမိုကောင်းမွန်စေရန်ဆောင်ရွက်မှုနှင့်အတူ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှု (Forest Law Enforcement, Governance and Trade – FLEGT) နှင့် ဥရောပသမဂ္ဂနှင့် ဆန္ဒအလျောက်မိတ်ဖက်အဖြစ်ဆောင်ရွက်ရန် သဘောတူညီချက် (European Voluntary Partnership Agreement-EU VPA) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊
* တပ်မတော်၊ ပြည်သူ့ရဲ၊ ဆက်စပ်ဌာနများ၊ ပြည်သူများနှင့် ပူးပေါင်း၍ တရားမဝင် သစ်ထုတ်ယူခြင်း၊ ရောင်းဝယ်ခြင်း လုပ်ငန်းများကို ထိရောက်စွာ တားဆီးကာကွယ်နှိမ်နင်းခြင်း၊
* ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှု ကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change – UNFCCC) သို့တင်သွင်းသည့် မိမိဆန္ဒအလျောက် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးလုပ်ငန်းအစီအစဉ် (Intended Nationally Determined Contributions – INDC) တွင် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ(နှင့် စွမ်းအင်ကဏ္ဍ)ကို အဓိကလုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ခြင်း၊

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ၊ ပြည်လည်းလှ**

သစ်တောထိန်းသိမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုသည် အဓိကကျသောအခန်းကဏ္ဍမှပါဝင်လျက်ရှိပါသည်။ကြိုးဝိုင်း ကြိုးပြင် ကာကွယ်တောများ၊ သဘာဝနယ်မြေများမှ သစ်တောသစ်ပင်များသည်သာ အရေးကြီးသည်မဟုတ်ဘဲ သစ်တောများပြင်ပမှသစ်ပင်များ၏ အခန်းကဏ္ဍကိုလည်း အထူးအလေးထား ကြရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် မိမိတို့၏လယ်ယာခြံမြေ၊ ကျေးရွာများတွင် ရနိုင်သမျှသော မြေနေရာပေါ်တွင် ဘက်စုံသုံးသစ်ပင်များ စိုက်ပျိုးခြင်း၊ မိမိ အိမ်ထောင်စုနှင့် မိမိကျေးရွာလိုအပ်ချက်အတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်သုံးစွဲခြင်း၊ ကျေးလက်ဒေသများတွင် သစ်ထင်းလိုအပ်ချက်ဖြည့်ဆည်းနိုင်ရေးအတွက် တစ်အုပ်တစ်မစိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောကျန်များထိန်းသိမ်းခြင်း၊ မြို့ပြများတွင် မျက်စိပသာဒဖြစ်စေရန်နှင့် အရိပ်ရစေရေးအတွက် သစ်ပင်ပန်းပင်များ စိုက်ပျိုးခြင်း၊ သစ်မျိုးစုံဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ခြင်း၊ အစိမ်းရောင်နယ်မြေများ (Green Zone) သတ်မှတ်၍ အရိပ်ရအပင်များ၊ မြို့ပြတောအုပ်ငယ်များ စိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

“တစ်သက်တာ စိတ်ချမ်းသာလိုလျှင် သစ်ပင်စိုက်ပါ” ဆိုသည့် စကားနှင့်အညီ စိတ်ချမ်းသာကိုယ်ကျန်းမာစေရေးအတွက် လူတိုင်းလူတိုင်း သစ်ပင်စိုက်ရန်လိုအပ်ပါသည်။ “ယခုအချိန်သည် သစ်ပင်စိုက်ရန် အကောင်းဆုံးအချိန်ဖြစ်သည်” ဆိုသည့် ဆိုရိုးနှင့်အညီ ကျွန်ုပ်တို့အတွက်၊ ကျွန်ုပ်တို့၏အနာဂတ်မျိုးဆက်သစ်များအတွက်၊ ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးအတွက် ကျွန်ုပ်တို့အားလုံး သစ်ပင်စိုက်ကြရပါမည်။ ရာသီဥတု ကောင်းမွန်သာယာမျှတစေရန်၊ အစားအစာဖူလုံစေရန်၊ သစ်ထင်းဝါးလောင်စာစွမ်းအင်လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်၊ ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများတိုးပွားစေရန် ကျွန်ုပ်တို့အားလုံး သစ်ပင်စိုက်ပျိုးကြရပါမည်။ သစ်တောများထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရပါမည်။ ရှင်သန်အောင်ပြုစုထိန်းသိမ်းကြရပါမည်။ “ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ၊ ပြည်လည်းလှ” ဆိုသကဲ့သို့ ထင်းလောင်စာစွမ်းအင် လိုအပ်ချက်ပြည့်မီရေး၊ စိမ်းလန်းစိုပြည် သာယာလှပစေရေးအတွက် သစ်ပင်စိုက်ကြပါစို့၊ သစ်တောများထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းရင်း ၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ကျရောက်သော “ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့” ကို ဂုဏ်ပြုလိုက်ပါသည်။




**အောင်ပြည့်စုံ**

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။

**09-250095114**
**09-421041338**
**09-73224763**

**ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

**တက်နေဝန်း**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။

**09-442076599**
**09-400448695**
**09-33100721**

**အများသိစေရန်ကြော်ငြာခြင်း**

ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာ၊ မြေကွက်အမှတ် ၁၇၆၊ မြေကွက်တည်နေရာအမှတ် ၁၇၆၊ မင်္ဂလာသိဒ္ဓိရပ်၊ ဇမ္ဗူသီရိမြို့ ဦးဝင်းကြိုင် ၉/ပသက(နိုင်)၀၁၃၃၆၅ အမည်ပေါက် နှစ် ၃၀ဂရန်မြေအား အမည်ပေါက် ဦးဝင်းကြိုင် ၉/ပသက(နိုင်)၀၁၃၃၆၅မှ မြေငှားစာချုပ်ဂရန်မူရင်းပျောက်ဆုံးကြောင်းတင်ပြ၍ မြေငှားစာချုပ်ဂရန်မိတ္တူမှန်လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူမှန်ထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် ဇမ္ဗူသီရိ/သစ-၁၄/၂၀၁၀-၂၀၁၁၊ ဦးဝင်းကြိုင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်ဂရန်(မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ချောင်းသာကမ်းခြေ ရောက်ပြီဆို ချောင်းသာယာကို စီးဖို့လို ...

**ချောင်းသာယာ အပျော်စီးသင်္ဘော**

**အထူးအစီအစဉ် – (ကြို/ပို့) ပါပြီး၊ တစ်ဦးလျှင် (5,000) ကျပ်**

**ခနေ** (2:00)နာရီ **ကြို**၊ (3:30)နာရီကမ်းခြေ **ပြန်ရောက်**/ **တနင်္ဂနွေ** (9:30)နာရီ **ကြို** (11:00)နာရီကမ်းခြေ **ပြန်ရောက်**

**လက်မှတ်များကို ဥတိုတံတား (ရုံး) နှင့် ချောင်းသာလမ်းမတစ်လျှောက်ရှိ အရောင်းဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။**

စုံတွဲများ၊ မိသားစုများနှင့် Group များအတွက် "Promotion Rate" ဖြင့် "ဟော်တော်အရွယ်စားစုံ" ငှားရမ်းနိုင်ပါသည်။
Tours Company များလည်းဆက်သွယ်နိုင်ပါသည်။ **ရန်ကုန်ဖုန်း – 09 49709415**

ချောင်းသာယာဆိပ်ကမ်း (ဥတိုတံတားထိပ်) ချောင်းသာကမ်းခြေ။
ဆက်သွယ်ရန် – 09 452 955 661 မှ (5) အထိ။




**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/9065, Suzuki, P/U ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၄ယ/၅၄၅၉ Yunde 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာနည်ထွန်း ၉/မဟမ(နိုင်)၀၅၇၁၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# ကြည်နူးရွှင်ပျ အနုပညာငွေကြယ်ပွင့်တို့ရဲ့ အကယ်ဒမီည

သတင်း- မောင်မောင်မြင့်ဆွေ၊ မြင့်စိုး၊ မောင်စိန်လွင်၊ ထင်ပေါ်ဝင်း
ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)၊ မင်းထက်



အနုပညာရှင်များ အကယ်ဒမီရွှေစင်ရုပ်တုနှင့်အတူ တွေ့ရစဉ်


**ရန်ကုန် မတ် ၁၈**

၂၀၁၆ ခုနှစ်အတွက် ရုပ်ရှင်အကယ်ဒမီညချမ်း။ ကြယ်ပုံသဏ္ဌာန်မုခ်ဦးဝင်ပေါက်နှင့် အကယ်ဒမီဆုချီးမြှင့်စင်က ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ တင့်တယ်စွာရှိနေသည်။ ရွှေတိဂုံစေတီ၊ ပြည်သူ့ရင်ပြင်နှင့် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲပုံရိပ်က ၁၉၅၂ ခုနှစ်မှ စတင်ခဲ့သော မြန်မာ့ရုပ်ရှင်ထူးချွန်ဆုသမိုင်းတွင် ပထမဆုံးဖြစ်ခဲ့သည်။ အခမ်းအနားကျင်းပသည့် မတ် ၁၈ ရက် ညနေ ၅ နာရီမှစတင်ကာ ရုပ်ရှင်သရုပ်ဆောင်များ၊ ဖိတ်ကြားထားသူများ တဖြည်းဖြည်းဝင်ရောက်ခဲ့ရာ အရောင်အသွေးစုံသော အနုပညာငွေကြယ်ပွင့်တို့၏ ရောင်စုံပန်းခင်းသဖွယ်။ မြန်မာတစ်နိုင်ငံလုံးမှ ပရိသတ်များ စိတ်ဝင်စားမှု မြင့်တက်ခဲ့ရသလို အနုပညာရှင်များလည်းရင်ခုန်ခဲ့ကြသည့် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် ထူးချွန်ဆုချီးမြှင့်ခံခဲ့ရသည့် ရုပ်ရှင်သရုပ်ဆောင်များ၊ အတတ်ပညာရှင်များ၏ အပျော်အပြုံး၊ ကြည်နူးဖွယ်ရာ မြင်ကွင်းများက မြန်မာနိုင်ငံတစ်ဝန်း ရုပ်ရှင်ပရိသတ်များအား ပီတိဝေဖြာစေခဲ့သည်။

၂၀၁၆ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုများ စတင်ဖွင့်ဖောက်ကြေညာခဲ့ရာ အကောင်းဆုံးဇာတ်ကားဆုကို အုတ်ကြားမြက်ပေါက်ဇာတ်ကားက ရရှိခဲ့သည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❖

ဆန်း ဒေး ကာ တွန်း



စာ » ၁၆၊၁၇

## ၂၀၁၆ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ထူးချွန်ဆု ရရှိသူများစာရင်း

| | | | | |
|---|---|---|---|---|
| ၁။ | အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု | အုတ်ကြားမြက်ပေါက် (ရွှေစင်ထုတ်လုပ်ရေး) | | |
| ၂။ | အကောင်းဆုံးရုပ်ရှင်အသံဆု | ကိုကြည်မင်းသိန်း(မော်ကျောက်စာ) | | |
| ၃။ | အကောင်းဆုံးရုပ်ရှင်တေးဂီတဆု | မီရာမိုရ်(လူ့ရတနာသိုက်) | | |
| ၄။ | အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု | ကိုညဏ်ဝင့် (ဒေါင်ရဲ့နတ်သမီး) | | |
| ၅။ | အကောင်းဆုံးရုပ်ရှင် ဓာတ်ပုံထူးချွန်ဆု | မောင်မြင့်၊အေးမင်း၊ အငယ်လေး (လူ့ရတနာသိုက်) | | |
| ၆။ | အကောင်းဆုံးအမျိုးသားရုပ်ရှင်ဇာတ်ပို့ဆု | လူမင်း(ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွား) | | |
| ၇။ | အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု | ညွှန့်မြန်မာညီညီအောင် (အုတ်ကြားမြက်ပေါက်) | | |
| ၈။ | အကောင်းဆုံးအမျိုးသမီးရုပ်ရှင် ဇာတ်ဆောင်ဆု | သက်မွန်မြင့် (ချစ်လှစွာသောအမုန်း) | | |
| ၉။ | အကောင်းဆုံးအမျိုးသားရုပ်ရှင်ဇာတ်ဆောင်ဆု | ထွန်းထွန်း (အုတ်ကြားမြက်ပေါက်) | | |
| ၁၀။ | အကောင်းဆုံးရုပ်ရှင်အထူးဆု | မနောမြေမှ ကျောက်စိမ်းကမ္ဘာ | | |






# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
တနင်္ဂနွေ၊ မတ် ၁၉၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုကို အရည်အသွေးပြည့်ဝပြီး စနစ်တကျဖြစ်ဖို့ ကြိုးစားနေ

● တွေ့ဆုံမေးမြန်း - ကျော်သူထက်



**အစိုးရသစ်လက်ထက်တွင် ပြည်သူများအတွက် လုံခြုံသော၊ ထိရောက်မြန်ဆန်သော၊ ဝန်ဆောင်မှုကောင်းသော ကျန်းမာရေး စနစ်တစ်ခု ပေါ်ပေါက်လာရန် မျှော်လင့်ထားကြသည်။**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ အားကစားကဏ္ဍ မြင့်မားရေး၊ ဆေးရုံ၊ ဆေးခန်းများ လုံလုံလောက်လောက် ဖွင့်လှစ်နိုင်ရေး၊ ကုသရေး၊ ရောဂါကာကွယ်ရေး၊ ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ရေး၊ ခေတ်မီဆေးဝါးနှင့် ပစ္စည်းများရရှိနိုင်ရေး၊ ဆေးပညာကဏ္ဍ မြှင့်တင်ရေး၊ အစားအသောက်နှင့် ဆေးဝါးလုံခြုံရေး၊ ပြည်သူလူထုသို့ ကျန်းမာရေးအသိပညာပေးရေး စသည့်လုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသည်။

ယခုအစိုးရသစ် လက်ထက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တစ်နှစ်တာ ကာလအတွင်း တိုးတက်ပြောင်းလဲမှု အားသိရှိနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး ။ လက်ရှိဝန်ထမ်းအင်အား အခြေအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကျန်းမာရေးဘတ်ဂျက် ဘယ်လောက် သုံးစွဲခဲ့သလဲဆိုတာ ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ ။ လက်ရှိမှာ ဆေးရုံပေါင်း ၁၁၂၃ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၇၇၈ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၉၂၄၃ ခုရှိပါတယ်။ ၂၀၁၆-၂၀၁၇မှာ ကျန်းမာရေးဘတ်ဂျက်ငွေကျပ် ၈၈၀ ဘီလီယံကိုသုံးစွဲပြီး အရာထမ်းပေါင်း ၁၅၂၆၉၊ အမှုထမ်းပေါင်း ၈၂၃၂၁ စုစုပေါင်း ၉၇၅၉၀ နဲ့ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတွေ၊ နိုင်ငံတကာနဲ့ ပြည်တွင်းအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ ပြည်သူ့အခြေပြုအဖွဲ့အစည်းတွေ၊ Global Fund, 3MDG, GAVI အစရှိတဲ့ အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ကျန်းမာရေးဝန်ဆောင်မှုပေးနေပါတယ်။

**မေး ။ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းတွေ တိုးချဲ့ခန့်ထားဖို့ လိုအပ်နေတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်နေသလဲဆိုတာ သိလိုပါတယ်။**

ဖြေ ။ ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှု၊ ကာကွယ်မှု၊ ကုသပေးမှုလုပ်ငန်းတွေ ပိုမိုဆောင်ရွက်နိုင်ဖို့ ယခုကာလအတွင်းမှာ ဆရာဝန် သစ်လွင်၁၇၀၇ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် ၂၈၁ ဦး၊ သူနာပြုဆရာမ ၁၅၅၁ ဦး၊ သားဖွားဆရာမ ၁၉၅၉ ဦး၊ အငယ်တန်း အင်ဂျင်နီယာ ၁၀၉ ဦး၊ ကျန်းမာရေးမှူး ၃၀၀၊ ကျန်းမာရေးကြီးကြပ် (၂) ၃၀၀၀၊ အမှုထမ်း (ကျွမ်းကျင်၊ စာရေး၊ လုပ်သား) ၂၂၈၁ ဦး စုစုပေါင်း အရာထမ်း ၁၉၈၈ ဦး၊ အမှုထမ်း ၁၁၁၈၈ ဦးတို့ကို အသစ်ခန့်အပ်ခဲ့ပါတယ်။

**မေး ။ တစ်နှစ်တာဆောင်ရွက်ခဲ့မှုတွေထဲက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ခဲ့တဲ့အခြေအနေ ဘယ်လိုရှိပါသလဲ။**



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး

ဖြေ ။ ခြင်ကတစ်ဆင့် ကူးစက်တတ်တဲ့ ဆင်ခြေထောက်ရောဂါကို ၂၀၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံက ကင်းဝေးဖို့အတွက် မြို့နယ်ပေါင်း ၁၉၃ မြို့နယ်က လူဦးရေ ၃၃ သန်းခန့်ကို ဆင်ခြေထောက်ရောဂါ ကာကွယ်သန်ချဆေးပေါင်း တိုက်ကျွေးခဲ့ပါတယ်။ ကုသဖို့ခက်ခဲပြီး လူနာရဲ့အသက်ကို အန္တရာယ်ရှိနိုင်တဲ့ ဆေးတစ်မျိုးထက်ပိုသော ဆေးယဉ်ပါးတီဘီရောဂါ (Multi-Drug Resistance–MDR TB) လူနာတွေအားလုံးကို လွှမ်းခြုံကုသနိုင်ဖို့ အခုနှစ် မြို့နယ်အားလုံးမှာ တိုးချဲ့ဆောင်ရွက်ခဲ့ပါတယ်။ တီဘီရောဂါရှာဖွေရာမှာ သိပ္ပံနည်းကျ တိကျစွာ ဖော်ထုတ်သတ်မှတ်နိုင်ဖို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းတန်ဖိုးရှိ ဇီဝလုံခြုံမှု အဆင့် (၃) (Biosafety III Laboratory) ဓာတ်ခွဲခန်းကို ရန်ကုန်မြို့၊ မန္တလေးမြို့နဲ့ တောင်ကြီးမြို့တွေမှာ တည်ဆောက်ပြီး လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။

> **ကုသဖို့ခက်ခဲပြီး လူနာရဲ့ အသက်ကို အန္တရာယ်ရှိနိုင်တဲ့ ဆေးတစ်မျိုးထက်ပိုသော ဆေးယဉ်ပါးတီဘီရောဂါ (Multi-Drug Resistance–MDR TB) လူနာတွေအားလုံးကို လွှမ်းခြုံကုသနိုင်ဖို့ အခုနှစ် မြို့နယ်အားလုံးမှာ တိုးချဲ့ဆောင်ရွက်ခဲ့ပါတယ်။**

၂၀၁၆ ခုနှစ်အတွင်းမှာပဲ ခုခံအားကျဆင်းမှုကူးစက်ရောဂါ လူနာ စုစုပေါင်း ၁၂၀၀၀၀ အထိ တိုးပြီး ကုသပေးခဲ့ပါတယ်။ မိခင်ကနေ ကလေးကို ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ ကူးစက်မှုကိုလည်း ကာကွယ်ဖို့ ၇၉၀၀၀၀ အထိ ဆောင်ရွက်ခဲ့ပါတယ်။ ခုခံအားကျဆင်းမှု ကူးစက်ရောဂါလူနာတွေကို ဆေးကုသပေးတဲ့ အေအာတီဆေးကုသ ဌာနကိုလည်း အခုနှစ်အတွင်း ၆၀ အထိ တိုးပြီး ဖွင့်လှစ်နိုင်ခဲ့လို့ စုစုပေါင်း အေအာတီဆေးကုသဌာန ၃၀၀အထိ ရှိနေပါပြီ။

**အချပ်ပို (ခ) သို့**






မြန်မာနိုင်ငံတီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း ငါးနှစ်စီမံချက်( ၂၀၁၆-၂၀၂၀)ခုနှစ်နှင့် တီဘီရောဂါကင်းဝေးရေးအသိပေးတင်ပြခြင်းအခမ်းအနားတွင် အမှတ်တရဓာတ်ပုံရိုက်စဉ်



အသည်းအစားထိုးခွဲစိတ်ကုသစဉ်

အချပ်ပို(က)မှ

ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး (Pneumococcal Vaccine)ကို ၂၀၁၆ ဇူလိုင်လကစပြီး စတင်ထိုးနှံပေးနိုင်ခဲ့ပါတယ်။ ပုံမှန် ကာကွယ်ဆေး ၁၀ မျိုး ထိုးနှံပေးတဲ့ အစီအစဉ်အပြင် ဆေးရုံ ၉၈ ရုံမှာ စတင်ထိုးပေးနိုင်ဖို့ သင်တန်းတွေပေးနေပါတယ်။ နိုင်ငံတော်အစိုးရက (၂၀၁၆-၂၀၁၇) ခုနှစ်မှာ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်း၊ GAVI နဲ့အစိုးရပူးပေါင်းပြီး အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၃ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၃ သန်း ပံ့ပိုးပေးခဲ့ပါတယ်။ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးထိုးတာကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေပါတယ်။

မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းတွေ ပိုမိုပီပြင်စွာဆောင်ရွက်နိုင်ဖို့လည်း ကမ္ဘာ့လူဦးရေရန်ပုံငွေ (UNFPA) အထောက်အပံ့နဲ့ ဆေးတွေစနစ်တကျဖြန့်ဝေပြီး လိုအပ်တဲ့နေရာတွေ ရရှိစေဖို့ စီမံခန့်ခွဲမှု အထောက်အကူပြု မျိုးဆက်ပွားကျန်းမာရေးသတင်းစနစ် (Reproductive Health Management Information System – RHMIS) ကို အသုံးပြုပြီး စုစုပေါင်း ၇၂ မြို့နယ်မှာ ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် အခြားမြို့နယ်တွေပါ ထပ်မံတိုးချဲ့ဆောင်ရွက်ဖို့ အစီအစဉ်ရေးဆွဲထားပြီးဖြစ်ပါတယ်။

**မေး ॥ ॥ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းနဲ့ ပတ်သက်ပြီး ဆောင်ရွက်ခဲ့တာတွေကိုလည်း သိလိုပါတယ်။**

ဖြေ ॥ ॥ ဖွင့်လှစ်ထားရှိပြီးတဲ့ ကျေးလက်ကျန်းမာရေးဌာန ၁၇၇၈ ခုရဲ့ ၇၀ ရာခိုင်နှုန်းဖြစ်တဲ့ ၁၂၄၅ ခုမှာ Community Health Clinic ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ရှေးဦးကုသရေးလုပ်ငန်းတွေ၊ မကူးစက်နိုင်တဲ့ရောဂါတွေ (ဆီးချို၊ သွေးချို၊ သွေးတိုး၊ သက်ကြီးရွယ်အိုနဲ့ ကျန်းမာရေးပညာပေးခြင်း) နဲ့ ပတ်သက်တဲ့ စောင့်ရှောက်ပေးမှုလုပ်ငန်းတွေကို ကျေးရွာတွေအထိ ပိုမိုအထူးပြုဆောင်ရွက်ပေးနေပါတယ်။

အခြေခံကျန်းမာရေးဝန်ထမ်းတွေဟာ ခက်ခဲတဲ့ဒေသတွေကို ၉၅၆၉ ကြိမ် ကွင်းဆင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပါတယ်။ အဲ့ဒီအတွက် ကိုယ်ဝန်ဆောင် ၃၆၀၀ ၊ မွေးပြီးမိခင်နဲ့ မွေးကင်းစကလေးတွေအပါအဝင် အထွေထွေလူနာပေါင်း ၂၁၉၀၀ အတွက် GAVI မှ ကျပ်သန်းပေါင်း ၂၁၉၀ ထောက်ပံ့ခဲ့ပါတယ်။ အဲ့ဒီအပြင် ပြည်သူလူထုကို အခြေခံကျန်းမာရေးဝန်ဆောင်မှုတွေ ပိုမိုပေးနိုင်ဖို့ ကျေးလက်ကျန်းမာရေးဌာန ၈၇ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၂၈ ခု တည်ဆောက်ပေးပြီး ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုတွေ ဆောင်ရွက်နေပါတယ်။

မြန်မာပြည်အရပ်ရပ်မှာ ကပ်ရောဂါအသွင်နဲ့ဖြစ်ပေါ်လာတဲ့ ဝက်သက်၊ ဆုံဆို့နာနဲ့ ဝမ်းလျှော ဝမ်းပျက်ရောဂါအပါအဝင် ကူးစက်ရောဂါတွေကို အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ဥပမာ - လဟယ်၊ နန်းယွန်း ဖြစ်စဉ်တွေလိုပေါ့။

**မေး ॥ ॥ ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ချက်ကိုလည်း သိလိုပါတယ်။**

ဖြေ ॥ ॥ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းကျန်းမာရေးစစ်တမ်း ၂၀၁၆ Myanmar Global School Health Survey (GSHS) ကို ၂၀၁၆ ခုနှစ် စက်တင်ဘာလမှာ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ထွက်ပေါ်လာတဲ့ သတင်းအချက်အလက်တွေအပေါ်မူတည်ပြီး ကျောင်းကျန်းမာရေးလုပ်ငန်းတွေကို ပိုမိုပီပြင်အောင် လုပ်ဆောင်နေပါတယ်။ ကျောင်းကျန်းမာရေးလုပ်ငန်းတွေကို ပိုမိုပီပြင်ထိရောက်အောင် ဆောင်ရွက်နိုင်ဖို့ ကျောင်းကျန်းမာရေး လက်စွဲစာအုပ်တွေကို ခေတ်နဲ့ လျော်ညီဖို့ လုပ်ဆောင်နေပါတယ်။ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်ပါတယ်။

**မေး ॥ ॥ ကုသရေးပိုင်းမှာ အဓိကအားထားရတဲ့ ပြည်သူ့ဆေးရုံကြီးတွေနဲ့ပတ်သက်လို့ ပညာရပ်ပိုင်းဆိုင်ရာ၊ စက်ကိရိယာပိုင်းဆိုင်ရာ၊ အရည်အသွေးပိုင်းဆိုင်ရာ၊ ဝန်ဆောင်မှုပိုင်းဆိုင်ရာတွေမှာ မြှင့်တင်ပေးမှု ရှိတယ်ဆိုရင်လည်း သိချင်ပါတယ်။**

ဖြေ ॥ ॥ ဧည့်ကြိုဌာန reception services တွေကို စုစုပေါင်းဆေးရုံ ၁၂၃ ရုံမှာ ၁-၆-၂၀၁၆ ရက်နေ့က စတင်ဖွင့်လှစ်ပြီး ဝန်ဆောင်မှုပေးနေပါတယ်။ Receptionist (ဧည့်ကြို)တွေဟာ ဆေးရုံလာပြတဲ့ လူနာတွေလိုအပ်တဲ့ သတင်းအချက်အလက်တွေကို ပေးနေပါတယ်။

ဆေးရုံတွေမှာ အရည်အသွေးပြည့်ကုသမှုပေးနိုင်ဖို့ SOP နဲ့ Guideline တွေ၊ Update လုပ်တာတွေ၊ အသစ်ထုတ်တာတွေ၊ မြန်မာနိုင်ငံဆရာဝန်အသင်းက ဆေးပညာဘာသာရပ်ကြီးလေးခုဖြစ်တဲ့ ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားနဲ့ မီးယပ်ပညာ၊ ကလေးကျန်းမာပညာ ကုသမှုလမ်းညွှန်မှုပြမ်းစာအုပ်တွေ ထုတ်ဝေပြီး ဖြန့်ဝေပေးနေပါတယ်။

အချပ်ပို(ဂ)သို့



စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ်တွင် ဝက်သက်ရောဂါဖြစ်ပွား၍ ကျန်းမာရေးဝန်ထမ်းများ ကုသစောင့်ရှောက်ပေးစဉ်



အမျိုးသားအဆင့်သူနာပြုနှင့် သားဖွားညီလာခံတွင် စုပေါင်းဓာတ်ပုံရိုက်စဉ်

**အချပ်ပို(ခ)မှ**

ဆေးရုံအညွှန်းကိန်း (Hospital Performance Indicators) တွေကိုလည်း တိကျပီပြင်စွာ ပြင်ဆင်သတ်မှတ်ပေးနိုင်ခဲ့ပါတယ်။ ဆေးရုံတွေမှာ ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်စေဖို့ Hospital Infection Control Guidelines တွေကို သတ်မှတ်ဖြန့်ဝေပေးခဲ့ပါတယ်။ နိုင်ငံတကာအဆင့်မီ နောက်ဆုံးပေါ် ကင်ဆာရောဂါရှာဖွေတဲ့ PET CT Scan ကို ဝယ်ယူခဲ့ပြီး ဝန်ဆောင်မှုပေးနေပါတယ်။ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ၂၇ ခုနဲ့ ရိုးတွင်းခြင်ဆီအစားထိုးမှု ကိုးခု၊ အသည်းအစားထိုးခွဲစိတ်မှု သုံးခုတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆရာဝန်တွေဆေးကုသရာမှာ ကျင့်ဝတ်နဲ့အညီ လူနာတွေအပေါ် ထားရှိစေဖို့အတွက် ဆေးတက္ကသိုလ်တွေမှာ ဆရာဝန်ကျင့်ဝတ်ကို ဆေးတက္ကသိုလ် ပထမနှစ်ကစပြီး နောက်ဆုံးနှစ်အထိ သင်ကြားပေးဖို့ စတင်ဆောင်ရွက်ခဲ့ပါတယ်။

ဆေးကျောင်းတွေမှာလည်း ဆရာဝန်တွေ အရည်အသွေးမြင့်လာစေဖို့အတွက် နိုင်ငံခြားတက္ကသိုလ် ၁၀၂ ခုနဲ့ ပူးပေါင်းပြီး ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းတွေ၊ ပူးပေါင်းခွဲစိတ်တဲ့ လုပ်ငန်းတွေကို အရှိန်မြှင့်ဆောင်ရွက်နေပါတယ်။ ပြည်တွင်းနဲ့ နိုင်ငံခြားကို သင်တန်းတွေစေလွှတ်တာ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ကျွမ်းကျင်မှုဆိုင်ရာ အစည်းအဝေးတွေတက်ရောက်စေတာ၊ နိုင်ငံခြားဆေးရုံ၊ တက္ကသိုလ်တွေနဲ့ ပူးပေါင်းပြီး ခွဲစိတ်ကုသတာ အစရှိတဲ့ ဆောင်ရွက်ချက်တွေဟာ ပြည်သူတွေကို အရည်အသွေးပြည့် ကုသမှုရစေဖို့ ရည်ရွယ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ပြည်သူတွေကို အရည်အသွေးပြည့် ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်ဖို့ သားဖွားနဲ့ သူနာပြုကျောင်းတွေ၊ သူနာပြုတက္ကသိုလ်တွေက ထွက်ပေါ်လာမယ့် မျိုးဆက်သစ်သူနာပြုဆရာမတွေရဲ့အရည်အသွေးမြင့်မားလာစေဖို့ သူနာပြု၊ သားဖွားကျောင်း ၅၀ ကျော်နဲ့ သူနာပြုတက္ကသိုလ်နှစ်ခုရဲ့သင်ရိုးညွှန်းတမ်းတွေကို ခေတ်နဲ့ လျော်ညီအောင် ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ သင်ကြားရေးနည်းစနစ်တွေ ပိုမိုထိရောက် စေဖို့ စတင်ဆောင်ရွက်တော့မှာဖြစ်ပါတယ်။ သူနာပြုကျင့်ဝတ်တွေကို ပိုမိုထည့်သွင်းသင်ကြားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုတွေကို အခုထက် ပိုမိုထိရောက်အောင် စီစဉ်ထားတာများ ရှိပါသလား။**

ဖြေ ။ ။ လာမယ့် ငါးနှစ်အတွင်းမှာ ကျန်းမာရေးဝန်ဆောင်မှုတွေကို ပီပြင်ထိရောက် အကျိုးရှိစွာ ဆောင်ရွက်နိုင်ဖို့အတွက် အမျိုးသားကျန်းမာရေးစီမံကိန်း (National Health Plan 2017-2021) ရေးဆွဲပြီးပါပြီ။ ငွေကုန်ကျမှု(costed plan)ပါဝင်တဲ့ အသေးစိတ်လုပ်ငန်း(operational plan) အခုရက်ပိုင်းအတွင်း ပြီးစီးမှာဖြစ်ပြီး ၁-၄-၂၀၁၇ ရက်နေ့မှာ စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ်အဖြစ် လူနေမှုဘဝနဲ့ ကျန်းမာရေးဆိုင်ရာ အချက်အလက်စစ်တမ်း (Myanmar Demographic and Health Survey)ကို USAID အထောက်အပံ့နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ မကြာခင်ထွက်လာမယ့် အစီရင်ခံစာတွေ့ရှိချက်တွေအပေါ်မူတည်ပြီး မြန်မာနိုင်ငံရဲ့ ကျန်းမာရေးမဟာဗျူဟာ၊ နည်းဗျူဟာတွေကို ပြင်ဆင်သင့်ရင် ပြင်ဆင်သွားမှာဖြစ်ပါတယ်။

**အချပ်ပို(ဃ)သို့**



ပြင်ဆင်ဖြည့်စွက်မည့် သူနာပြု၊ သားဖွားဝတ်စုံများအား မိတ်ဆက်ပြသခြင်းအခမ်းအနားကျင်းပစဉ်



ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုပုံရိပ်များ



အချပ်ပို(ဂ)မှ

အမျိုးသားအဆင့် အဏုအာဟာရချို့တဲ့မှု ရှိ၊ မရှိနဲ့ အစားအသောက်များ စားသုံးမှုပုံစံစစ်တမ်း (National Micronutrient & Food Consumption Survey)ကိုလည်း ရေးဆွဲပြီးဖြစ်ပါတယ်။ အာဟာရနဲ့ ပတ်သက်တဲ့ မဟာဗျူဟာနည်းဗျူဟာတွေကို တိကျစွာရေးဆွဲနိုင်တော့မှာလည်း ဖြစ်ပါတယ်။

ငှက်ဖျားရောဂါကင်းဝေးရေး၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး၊ အမျိုးသားခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးကို ဦးတည်တဲ့ အမျိုးသားမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၀)(၃)ခုကို ရေးဆွဲထားပြီး လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ Global Fund ကလည်း အဲဒီရောဂါတွေတိုက်ဖျက်ဖို့ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄၉၇ သန်း ပံ့ပိုးပေးမှာဖြစ်ပါတယ်။

ကျန်းမာရေးသတင်းစနစ် ပိုမိုပီပြင်ပြီး အချိန်နဲ့တစ်ပြေးညီ Real Time Situation သိရှိနိုင်ဖို့အတွက် District Health Information System-2 (DHIS-2) ကို မြို့နယ်ပေါင်း ၂၂၅ ခုမှာ သင်တန်းတွေပေးပြီး စတင်ဆောင်ရွက်နေပါပြီ။ ပြည်သူလူထုအတွင်းမှာ ကျန်းမာရေးဗဟုသုတ ပိုမိုမြင့်မားလာစေဖို့ ကျန်းမာရေးအသိအမြင် မြှင့်တင်ရေးဌာန (Health Literacy Promotion Unit)ကို အားဖြည့်ထားပါတယ်။ တစ်ပြည်လုံးမှာ ထုတ်ဝေခဲ့တဲ့ ပညာပေးစာစောင်၊ လက်ကမ်းစာစောင်တွေကို လွှမ်းခြုံဆန်းစစ် (holistic review) ပြီး အသစ်တွေ ပြန်လည်ထုတ်ဝေနေပါတယ်။



၂၀၁၆ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုတွင် စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲနေကြစဉ်



မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 20th Asian Petanque Championship 2016 ပြိုင်ပွဲတွင် ပြည်ထောင်စုဝန်ကြီး အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်

**မေး ။ ။ မြန်မာ့တိုင်းရင်းဆေးကဏ္ဍကိုရော မြှင့်တင်ဆောင်ရွက်မှုတွေ ရှိပါသလား။**

ဖြေ ။ ။ ပြည်သူတွေကို အရည်အသွေးပြည့်ဝတဲ့ တိုင်းရင်းဆေးဝန်ဆောင်မှုပေးနိုင်ဖို့ တိုင်းရင်းဆေးရုံတွေမှာ စဉ်ဆက်မပြတ် ပညာပေးသင်တန်းပေါင်းများစွာပို့ချဆွေးနွေးပေးခဲ့ပါတယ်။ တိုင်းရင်းဆေးဆရာ ၃၅၀၀ ခန့်ကို အကြောင်းအရာခေါင်းစဉ် ကိုးခုနဲ့ ကုထုံးကုနည်းတွေ၊ SOP တွေ ထွက်ရှိလာဖို့ သင်တန်းပေးဆွေးနွေးခဲ့ပါတယ်။ တိုင်းရင်းဆေးနဲ့ ပိုမိုအကျိုးရှိထိရောက်တဲ့ ဝန်ဆောင်မှုကိုပေးနိုင်ဖို့၊ ဆေးသုတေသနကို ပိုမိုလုပ်ကိုင်နိုင်ပြီး ပြည်သူတွေပိုမိုအကျိုးရှိတဲ့ ဝန်ဆောင်မှုရရှိစေဖို့အတွက် တိုင်းရင်းဆေးပညာဦးစီးဌာနနဲ့ နိုင်ငံခြားတက္ကသိုလ် ၃၀ က ပညာရှင်တွေ ပေါင်းစပ်လုပ်ကိုင်နေပါတယ်။

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ရုံးတွေနဲ့ မြို့နယ်တိုင်းရင်းဆေးကုဌာနတွေက ဆရာတွေ ၆၄၀၁ ကြိမ် နယ်မြေကွင်းဆင်းပြီး စုစုပေါင်းလူနာ ၃၀၆၅၀၆ ဦးကို ကုသပေးနိုင်ခဲ့ပါတယ်။ တိုင်းရင်းဆေးနဲ့ ပတ်သက်တဲ့ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းတွေကို ၅၁၁၁ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး ။ ။ ပြည်သူတွေ အသုံးပြုနေရတဲ့ အစားအသောက်တွေ၊ ဆေးဝါးတွေ၊ လူသုံးကုန် ပစ္စည်းတွေနဲ့ပတ်သက်ပြီး လုံခြုံမှုရှိဖို့ ဆောင်ရွက်နေတဲ့ အပိုင်းကိုလည်း သိပါရစေခင်ဗျာ။**

ဖြေ ။ ။ အစားအသောက်တွေ အန္တရာယ်ကင်းစေဖို့၊ အရည်အသွေးပြည့်မီဖို့အတွက် သွင်းကုန်၊ ပို့ကုန် လိုင်စင်ထောက်ခံချက်၊ သောက်ရေသန့်လုပ်ငန်း၊ အစားအသောက်လုပ်ငန်းသစ် ထောက်ခံချက်တွေ၊ သက်တမ်းတိုးတာတွေနဲ့ ဈေးကွက်နမူနာ သေချာစစ်ဆေးနေပါတယ်။

ဈေးကွက်အတွင်းက ဆေးဝါးတွေကိုစိစစ်ပြီး ပြစ်မှုကျူးလွန်တဲ့ ဆေးဆိုင်နဲ့ လုပ်ငန်း စုစုပေါင်း ၇၅ ခုကို တရားစွဲဆိုခဲ့ပါတယ်။ ပြည်သူတွေအတွက် အန္တရာယ်ရှိတဲ့ တရားမဝင်ဆေးဝါးနဲ့ သက်တမ်းလွန်ဆေးဝါးတွေကို ရှာဖွေဖော်ထုတ်ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ကျပ် သိန်း ၈၂၇၀ ကျော်၊ မန္တလေးတိုင်းဒေသကြီးမှာ ကျပ်သိန်း တစ်သောင်းကျော် တန်ဖိုးရှိတဲ့ ဆေးနဲ့ ဆေးပစ္စည်းတွေကို ဖျက်ဆီးခဲ့ပါတယ်။

အရည်အသွေးပြည့်မီတဲ့ စားသုံးဆီများ ထုတ်လုပ်ရောင်းချရေး၊ ပုလင်းသွင်းအမှတ်တံဆိပ်ကပ် ယမကာလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီရေး၊ အေးခဲအသား၊ ငါး၊ ပုစွန်တွေနဲ့ စိုက်ပျိုးထုတ်ကုန်တွေ ထိန်းသိမ်းကွပ်ကဲနိုင်ရေး၊ စားသောက်ဆိုင်တွေနဲ့ လမ်းဘေးစားသောက်ဆိုင်တွေကို ကြီးကြပ်ကွပ်ကဲရေး၊ အသင့်စား စားသောက်ကုန်တွေ နိုင်ငံတကာအဆင့်မီရေးအတွက် ပညာပေးအလုပ်ရုံဆွေးနွေးပွဲ ခြောက်ကြိမ်ကျင်းပခဲ့ပြီး စီမံချက်နဲ့ ကွင်းဆင်းစစ်ဆေးတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ တားမြစ်ဓာတုပစ္စည်းပါဝင်တဲ့ အလှကုန်ပစ္စည်း ၃၇ မျိုးကို ဖော်ထုတ်ဖမ်းဆီးပြီး ဖျက်ဆီးခဲ့ပါတယ်။

**မေး ။ ။ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုတွေကိုလည်းသိလိုပါတယ်။**

ဖြေ ။ ။ ပြည်သူတွေ အားကစားမှာ ဝါသနာပါပြီး ကျန်းမာစေဖို့အတွက် မြို့နယ် ၉၁ မြို့နယ်မှာ အိမ်ပြင်ပလေ့ကျင့်ခန်းလုပ်နိုင်တဲ့ အားကစားမြေစိုက်ကိရိယာ (outdoor fitness equipment)တွေကို လေးစုံနှုန်းနဲ့ ဖြန့်ဝေပေးခဲ့ပါတယ်။ ကျန် ၂၅၇ မြို့နယ်မှာလည်း ဆက်လက်တပ်ဆင်ဖို့ စီစဉ်ထားပါတယ်။ အဲဒီအပြင် ကျွန်တော်တို့ဝန်ကြီးဌာန အောက်ရှိ တက္ကသိုလ် ၁၅ ခုနဲ့ သူနာပြုနဲ့ သားဖွားကျောင်း ၅၀ မှာလည်း လူဦးရေအနည်းအများ အပေါ်မူတည်ပြီး အားကစားမြေစိုက်ကိရိယာ ၃ စုံကနေ ၅ စုံအထိ တပ်ဆင်နေပါတယ်။

မြန်မာနိုင်ငံက ပြည်သူတွေအားလုံး ကျန်းမာကြံ့ခိုင်စေဖို့အတွက် ပြည်တွင်းမှာ အားကစားနည်းမျိုးစုံနဲ့ အားကစားနှင့်ကာယပညာဦးစီးဌာနက အားကစားပြိုင်ပွဲ ၄၂ ပွဲ ကျင်းပပေးခဲ့ပါတယ်။ Township Sports Development Program (TSDP) အစီအစဉ်အရလည်း စုစုပေါင်း ၁၅၁ မြို့နယ်မှာ အားကစားနည်းမျိုးစုံပါဝင်တဲ့ အားကစားပြိုင်ပွဲတွေ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဝေးလံခေါင်ဖျားဒေသတွေက စာသင်ကျောင်းတွေကို အားကစားပစ္စည်း ၂၄ မျိုး ထောက်ပံ့ဖို့အတွက် ဆောင်ရွက်နေပါတယ်။ အခုလအတွင်း ဖြန့်ဝေမှာဖြစ်ပါတယ်။

**မေး ။ ။ အားကစားနဲ့ပတ်သက်ပြီး အောင်မြင်မှုအခြေအနေ ဘယ်လိုရှိပါသလဲ။**

ဖြေ ။ ။ ပြည်ပပြိုင်ပွဲတွေအနေနဲ့ပြောရရင် ပြည်ပ ရှစ်နိုင်ငံကို အားကစားနည်း ၁၂ မျိုးနဲ့ သွားရောက်ယှဉ်ပြိုင်ခဲ့တာ ရွှေ ၁၃ ခု၊ ငွေ ၁၂ ခု၊ ကြေး ၂၄ ခု ဆွတ်ခူးရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ အားကစားနည်းငါးနည်းက အားကစားပြိုင်ပွဲ ခြောက်ခုမှာ ရွှေ နှစ်ခု၊ ငွေ ခြောက်ခု၊ ကြေး ရှစ်ခု ဆွတ်ခူးရရှိခဲ့ပါတယ်။ နိုင်ငံ့ဂုဏ် ပိုမိုတက်စေဖို့ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲတွေဖြစ်တဲ့ 2016 Asian Men’s Club Volleyball Championship, 20th Asian Petanque Championship 2016, Leopalace 21 Myanmar Open 2017, Futsal etc စတဲ့ ပြိုင်ပွဲကျင်းပပြုလုပ်ခဲ့ပါတယ်။

**မေး ။ ။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ပီပြင်ထိရောက်မှုရှိဖို့ ဘာတွေ ပြုပြင်ပြောင်းလဲဖို့လိုပါသလဲ။ လိုအပ်တဲ့အရာတွေထဲမှာ ဘတ်ဂျက်၊ လူ့စွမ်းအားအရင်းအမြစ်အပြင် ဘာတွေရှိနိုင်သလဲခင်ဗျာ။**

ဖြေ ။ ။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ပီပြင်ထိရောက်ဖို့များစွာသော အချက်တွေအပေါ်မှာ မူတည်ပါတယ်။ ဥပမာ - ပြည်သူလူထုတွေရဲ့ ကျန်းမာရေးအသိပညာ ဘယ်လောက်ရှိသလဲ၊ အောက်ခြေမှာ MoHS နဲ့ လူထုအခြေပြုအဖွဲ့အစည်းတွေ၊ NGO တွေ၊ အခြားနီးနွှယ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု ဘယ်လောက်ရှိသလဲ၊ ဝန်ထမ်းတွေရဲ့ကျွမ်းကျင်မှု၊ ဝန်ထမ်းတွေရဲ့စိတ်ဝင်စားမှု၊ မိမိအလုပ်ကို နှစ်သက်မြတ်နိုးမှုအတိုင်းအတာ ဘယ်လောက်ရှိသလဲ၊ ဆရာဝန်ကျင့်ဝတ်၊ သူနာပြုကျင့်ဝတ်၊ ဝန်ထမ်းကျင့်ဝတ်၊ ပြည်သူလူထုနဲ့ ဆက်ဆံရေးကောင်းမွန်မှု ရှိ၊ မရှိ စတဲ့ အချက်တွေပေါ်မှာ မူတည်နေပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ စီမံချက်ပေါင်းမြောက်မြားစွာနဲ့ ပြည်သူတွေအတွက် ကျန်းမာရေးဝန်ဆောင်မှုကို အရည်အသွေးပြည့်ဝပြီး စနစ်တကျဖြစ်ဖို့ ကြိုးစားနေပါတယ်။ ကျေနပ်မှုမရှိတဲ့အခြေအနေ နည်းနည်းတော့ ရှိနေသေးပါတယ်။ ဒါတွေ အားလုံးကို ကျွန်တော်တို့အနေနဲ့ မိမိလုပ်ဖော်ကိုင်ဖက်အနေနဲ့ လက်တွဲခေါ်ဆောင်သွားပါမယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာငွေသုံးစွဲမှုကို အထူးကြီးကြပ်ပြီး အကျိုးရှိရှိ အလေအလွင့် အနည်းဆုံးဖြစ်အောင် လုပ်ဆောင်မှာဖြစ်တဲ့အကြောင်း ပြည်သူတွေကို တင်ပြလိုပါတယ်။ ပြည်သူတွေကို ဦးထိပ်ထားပြီး၊ ကျင့်ဝတ်တွေကို လိုက်နာစောင့်ထိန်းပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်လို့ ဖြည့်စွက်ပြောချင်ပါတယ်။



2016 Asian Men's Club Volleyball Championship ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေစဉ်

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်
ဒေါက်တာ ဇော်မြင့်မောင်

# တစ်နှစ်တာကာလအတွင်း မန္တလေးတိုင်းဒေသကြီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍ ပြုပြင်ပြောင်းလဲတိုးတက်မှုများ

● မောင်သက်



မန္တလေးမြို့မြင်ကွင်းအလှ





**အညာဒေသ၏မြို့တော်၊ မန္တလေးရတနာပုံ ရွှေမြို့တော်ကြီး သမိုင်းအစဉ်အလာကြီးမားသော မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့အပါအဝင် မန္တလေးတိုင်းဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က စိတ်အားထက်သန်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။**

ခေတ်စနစ်ပြောင်းလဲလာမှု၊ ပွင့်လင်းလာမှုတို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံခြားသားခရီးသွားများဖြင့် မန္တလေးတိုင်းဒေသကြီးသည် တစ်စတစ်စ စည်ကားလာသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်လွန်ကတ္တရာလမ်း ၁၀မိုင်ကျော်၊ ကတ္တရာလမ်း မိုင် ၅၀ ကျော်၊ ကျောက်ချောလမ်း ငါးမိုင်ကျော်၊ ကွန်ကရစ်လမ်း တစ်မိုင်ကျော်၊ တံတား ၂၃ စင်း တည်ဆောက်ဖောက်လုပ်ခြင်း၊ အဆင့်မြင့် မီးပွိုင့် ၁၀ ပွိုင့် တပ်ဆင်ခြင်း၊ ကျုံးပတ်လည်လျှောက်လမ်း၌ LED လမ်းမီး ၁၀၀၀ ကျော်တပ်ဆင်ခြင်း၊ အငှားအိမ်ရာ နှစ်လုံး အခန်းပေါင်း ၁၄၄ ခန်း ဆောက်လုပ်ခြင်း၊ ယောမင်းကြီးဈေး၊ ယာယီမင်္ဂလာဈေးတည်ဆောက်ခြင်း၊ ခေတ်မီသားသတ်ရုံ တည်ဆောက်ခြင်း၊ သခင်ဖိုးလှကြီး အားကစားကွင်း၊ အောင်ပင်လယ်အားကစားကွင်း၊ မြရည်နန္ဒာဘောလုံးကွင်း တည်ဆောက်ခြင်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### တောင်သူတစ်သန်းကျော်၏ မြေကော ၁ ဒသမ ၈ သန်းကျော်

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူ ၁၀၇၂၅၆၀ ၏ ဦးပိုင်မြေကေပေါင်း ၁၈၈၁၂၅ ကေကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ တောင်သူ ၁၀၂၉၄၃ ဦး၏ ဦးပိုင်မြေပေါင်း ၁၇၉၁၇၆ ဧကကို လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇)ထုတ်ပေးနိုင်ခဲ့သဖြင့် ၉၄ ဒသမ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း Digital စနစ်ဖြင့် မြေတိုင်းတာခြင်းလုပ်ငန်းများကို ပုသိမ်ကြီးမြို့နယ် စဉ့်ကိုင်မြို့နယ်နှင့်တံတားဦးမြို့နယ်ရှိ ကွင်းများတွင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

### စာချုပ်ပေါင်း ၅၂၁၇ စောင် မှတ်ပုံတင်ပေး

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၈ မြို့နယ်တွင် Digital Deeds Management System (DDMS) Software စနစ်အသုံးပြု၍ စာချုပ်စာတမ်းမှတ် ပုံတင်ခြင်းလုပ်ငန်းများအား (၁-၁၀-၂၀၁၆)ရက်နေ့မှစ၍ အသုံးပြုခဲ့ရာ အများပြည်သူ မှတ်ပုံတင်သွင်းလာသည့် စာချုပ်ပေါင်း ၅၂၁၇ စောင်ကို မှတ်ပုံတင်ပေးနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် တောင်သာနှင့် ညောင်ဦးမြို့နယ်များရှိ ကျေးရွာများမှ ရေဘေးလွတ်ရာသို့ပြောင်းရွှေ့လာသည့် ကျွဲ၊ နွားများအတွက် နေရပ်ပြန်ချိန်တွင် ငွေကျပ် ၂ ဒသမ ၅၈၇၄ သန်းတန်ဖိုးရှိ နွားစပ်စာပိသ္သာ ၅၄၀၀၊ ငွေကျပ် ၃ ဒသမ ၃၂၄ သန်းတန်ဖိုးရှိ ယူရီးယားသကာတုံး ၄၁၅၅ တုံးတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှ ဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဂရန်အင်း ၂၇၂ လုံးနှင့် တင်ဒါချက် ၂၀ လုံး နှစ်စဉ်လေလံတင်ရောင်းချလျက်ရှိသည်။ ငါးလုပ်ငန်းဦးစီးဌာန၏ နှစ်စဉ် အခွန်အရပ်ရပ်ကောက်ခံရရှိမှုလျာထားချက်မှာ ငွေကျပ် သိန်းပေါင်း ၃၉၉၀ ကျော်ဖြစ်ပြီး ရရှိမှုမှာ ငွေကျပ် သိန်းပေါင်း ၄၇၂၀ ကျော် ဖြစ်သဖြင့် ၁၁၈ ဒသမ ၃၇ ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်သည်။

### ငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၁၇၂၀ ကျော်

ငါးသားပေါက်စခန်းလေးခုမှ ငါးသားပေါက်ထုတ်လုပ်မှုမှာ ကောင်ရေသိန်းပေါင်း ၁၇၂၀ ကျော် လျာထားရာ ရာနှုန်းပြည့်နီးပါးထုတ်လုပ်နိုင်ခဲ့သည်။ မြို့နယ် ၁၉ မြို့နယ်တွင် ငါးမွေးတောင်သူ ၁၂၀၀ ကျော်၊ ငါးမွေးကန်ဧက ၇၉၀၀ ကျော် မွေးမြူလုပ်ကိုင်လျက်ရှိပြီး ငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် မြစိမ်းရောင်ကျေးရွာ ၃၄ ရွာတွင် လူဦးရေ ၅၈၀၀ အား ငွေကျပ်သန်းပေါင်း ၁၁၆၀ ကျော် ထုတ်ချေးနိုင်ခဲ့ကာ ကျေးရွာ ၁၆ ရွာတွင် သင်တန်းသားဦးရေ ၃၈၈ ဦးအား သင်တန်းပို့ချပေးနိုင်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၁၆ ခုနှစ် မိုးရာသီ ဘဏ်ချေးငွေကို မြို့နယ် ၂၃ မြို့နယ်ရှိ တောင်သူပေါင်း ၂၄၀၈၃၀ ကျော်အား ငွေကျပ် သန်းပေါင်း ၉၃၈၈၀ ကျော် ထုတ်ချေးနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် ဆောင်းရာသီဘဏ်ချေးငွေကို မြို့နယ် ၁၄ မြို့နယ်ရှိတောင်သူ ၃၃၈၉၀ ကျော်အား ငွေကျပ်သန်းပေါင်း ၇၈၂၀ ကျော် ထုတ်ချေးနိုင်ခဲ့သည်။ ၂၀၁၇ မိုးကြိုရာသီဘဏ်ချေးငွေကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်အထိ မြို့နယ်လေးမြို့နယ်ရှိ တောင်သူ ၄၅၀ ခန့်အား ငွေကျပ်သန်းပေါင်း ၂၆၀ နီးပါး ထုတ်ချေးနိုင်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် လမ်းများဖောက်လုပ်ခြင်း၊ တံတားများဆောက်လုပ်ခြင်း၊ ရေပေးဝေရေးလုပ်ငန်းများ၊ ကျေးလက်လမ်း၊ တံတားတည်ဆောက်မှုများကို တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မြို့နယ် ၂၀ တွင် သမဝါယမအသင်း ၄၇၆၃ သင်း တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး လယ်ယာကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ ငါးခုအတွက် အသင်း ၄၀၃၉ သင်း၊ အသင်းသား စုစုပေါင်း ၅၆၅၆၇၉ ကို ငွေ ၉၂၉၁၆ သန်းထုတ်ချေးခြင်း၊ စက်ပစ္စည်းအမျိုးအစား ၁၀ မျိုး၊ အစီးရေ ၄၉၃ စီး တန်ဖိုးငွေကျပ် ၁၂၂၄ သန်းကျော် အရစ်ကျရောင်းချခြင်း၊ အခြားကုမ္ပဏီများမှ ထုတ်လုပ်သော ယာဉ်မျိုးစုံ အစီးရေ ၅၀၅ စီး၊ တန်ဖိုးငွေကျပ် ၇၁၇၇ သန်းကျော် အရစ်ကျရောင်းချပေးနိုင်ခဲ့ခြင်း၊ ကျေးလက်ဒေသလျှပ်စစ်မီးလင်းရေးအတွက် မြို့နယ်ငါးမြို့နယ်၊ အသင်းပေါင်း ၃၁ သင်းရှိ အသင်းသား ၅၆၀၆ ဦးအား ငွေကျပ် ၉၉၇ သန်းကျော် ထုတ်ချေးပေးနိုင်ခဲ့သည်။

### မြေဧက ငါးသန်းခန့် စိုက်ပျိုး

မန္တလေးတိုင်းဒေသကြီးအတွင်း အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးရန် လျာထားဧက ၅၄၆၆၃၄၅ ဧကအနက် ၄၉၄၂၉၂၈ ဧက စိုက်ပျိုးခဲ့ပြီးဖြစ်၍ ၉၀ ဒသမ ၄၂ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ခုနစ်ခရိုင်ရှိ မြို့နယ် ၂၀ တွင် မျိုးကောင်းမျိုးသန့်ဧက ၉၀၀၊ ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်သူ/ကုမ္ပဏီ ၂၇ခုမှ စပါးမျိုး ခုနစ်မျိုး၊ ၁၅၂၉ ဧကတွင် ဌာနအနေဖြင့် ၅၇၅၂ တင်း ဝယ်ယူ၍ ၂၀၁၇-၂၀၁၈ ခုနှစ် ရာသီတွင် ဖြန့်ဖြူးသွားမည်ဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စဉ့်ကိုင်မြို့နယ်ရှိ ရွာသာယာမြစ်ရေတင်နှင့် ရွှေလုံဗိုလ်မြစ်ရေတင်တို့မှာ ၅၀ ရာခိုင်နှုန်းစီ၊ မြင်းခြံမြို့နယ် ဆီမီးခုံ-၂/ ငန်းမြှာမြစ်ရေတင်နှင့် ဆိတ်ညံ့မြစ်ရေတင်တို့မှာ ၇၅ရာခိုင်နှုန်း၊ **အချပ်ပို (၈) သို့**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် လမ်းများ ဖောက်လုပ်ခြင်း၊ တံတားများ ဆောက်လုပ်ခြင်း၊ ရေပေးဝေရေး လုပ်ငန်းများ၊ ကျေးလက်လမ်း၊ တံတားတည်ဆောက်မှုများကို တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။**



ရန်ကုန်-မန္တလေးရထားလမ်း (အစုန်လမ်း)ပိုင်း၌ မြစ်ငယ်မြစ်ကူးတံတားသစ်ပေါ်မှ ကုန်ရထားတစ်စင်း မောင်းနှင်လာစဉ်

အချပ်ပို(င)မှ

ညောင်ဦးမြို့နယ်ရှိ သူကောင်းတည်မြစ်ရေတင်မှာ ၇၅ ရာခိုင်နှုန်း၊ လောကနန္ဒာ မြစ်ရေတင် ၆၀ ရာခိုင်နှုန်းတို့ ဆောင်ရွက်လျက်ရှိပြီး ကျန်မြစ်ရေတင်လုပ်ငန်းများမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၆၈၈ သန်းကျော်ဖြင့် ဆောင်ရွက်သည့် မြစ်ရေတင်လုပ်ငန်း ၅၇ ခုမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၇၂၀ ဖြင့် စက်ရေတွင်း ၉၀၀ တူးဖော်ခြင်းလုပ်ငန်းအပေါ် ၁၅၂ တွင်း တူးဖော်ပေးခဲ့ပြီးဖြစ်၍ ၇၄၈ တွင်းအား ဆက်လက်တူးဖော်ဆောင်ရွက်လျက်ရှိသည်။

**ဂျပန်နိုင်ငံ SMBC တို့နဲ့ ပူးပေါင်း**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် SME လုပ်ငန်းရှင် ၆၇၉ ဦးကို SME Cluster အဖွဲ့ ၈၈ ဖွဲ့ ဖွဲ့စည်းပေးခြင်း၊ ငွေကြေးအရင်းအနှီးအတွက် CB Bank၊ မြန်မာ့အာမခံလုပ်ငန်း၊ ဂျပန်နိုင်ငံ SMBC တို့နဲ့ ပူးပေါင်းပြီး လုပ်ငန်းရှင် ၂၃ ဦးကို ထောက်ခံချက် ထုတ်ပေးနိုင်ခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်တွေမှာ အသက်မွေးပညာသင်တန်းတွေ ၆၄ ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသား စုစုပေါင်း ၈၀၀ ကို သင်တန်းပို့ချပေးနိုင်ခဲ့ပါတယ်"ဟု ပြောသည်။

အမှတ်(၂)စက်မှုသင်တန်းကျောင်းသည် သင်တန်းအမျိုးအစား ၁၃ မျိုး ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီး သင်တန်းသားဦးရေ ၆၁၉ ဦး တက်ရောက်ခဲ့သည်။ NSSA မှ Welding Testing Centre အဖြစ် (၁.၈.၂၀၁၆)ရက်နေ့တွင် အသိအမှတ်ပြုခဲ့ကြောင်း သိရသည်။

ကျေးရွာပေါင်း ၂၁၄ ရွာအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၉၅ မိုင် တည်ဆောက်ခြင်းနှင့် ၁၁/၀၄ ကေဗွီ ဓာတ်အားလိုင်း၊ ၂၀၀/၃၁၅ ကေဗွီအေ ထရန်စဖော်မာ ၁၃၅ လုံး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**လျှပ်စစ်ကဏ္ဍ၌ ငွေကျပ်သန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံ**

ပုဂ္ဂလိက ဓာတ်အားဖြန့်ဖြူးရေးရှစ်ခုတို့မှ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၇၂ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၈၇ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀/၃၁၅ ကေဗွီအေထရန်စဖော်မာ ၁၄၉ လုံး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။ လက်ရှိအစိုးရသစ်လက်ထက်တွင် လျှပ်စစ်ကဏ္ဍအနေဖြင့် ငွေကျပ်သန်းပေါင်း ၂၆၅၉၅ ဒသမ ၃၃၂ နှင့် အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၁၆ ဒေါ်လာသန်းပေါင်း ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အချပ်ပို(ဆ)သို့



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဒီးဒုတ်ရေပြာအိုင်သို့ လာရောက်အပန်းဖြေအနားယူသူများကို တွေ့ရစဉ်

**၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စဉ့်ကိုင်မြို့နယ်ရှိ ရွာသာယာမြစ်ရေတင်နှင့် ရွှေလုံဗိုလ်မြစ်ရေတင်တို့မှာ ၅၀ ရာခိုင်နှုန်းစီ၊ မြင်းခြံမြို့နယ် ဆီမီးခုံ-၂/ ငန်းမြှာမြစ်ရေတင်နှင့် ဆိတ်ညံမြစ်ရေတင်တို့မှာ ၇၅ ရာခိုင်နှုန်း၊ ညောင်ဦးမြို့နယ်ရှိ သူကောင်းတည်မြစ်ရေတင်မှာ ၇၅ ရာခိုင်နှုန်း၊ လောကနန္ဒာမြစ်ရေတင် ၆၀ ရာခိုင်နှုန်းတို့ ဆောင်ရွက်လျက်ရှိပြီး ကျန်မြစ်ရေတင်လုပ်ငန်းများမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်**



စိုက်ပျိုးရေးအတွက် လေးပေစိုက်ပျိုးရေ စက်ရေတွင်း တူးဖော်ပြီးစီးစဉ်



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် မသိုးသက်န်းရက်လုပ်နေမှုကို ကြည့်ရှုစဉ်

**ပုဂ္ဂလိက ဓာတ်အားဖြန့်ဖြူးရေး ရှစ်ခုတို့မှ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၇၂ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၈၇ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀/ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ ၁၄၉ လုံး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။ လက်ရှိ အစိုးရသစ်လက်ထက်တွင် လျှပ်စစ်ကဏ္ဍအနေဖြင့် ငွေကျပ်သန်းပေါင်း ၂၆၅၉၅ ဒသမ ၃၃၂ နှင့် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၁၆ ဒေါ်လာသန်းပေါင်း ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရ**

အချပ်ပို(စ)မှ

ရေရရှိရေးလုပ်ငန်းများအတွက် ကျောက်ပန်းတောင်းမြို့နယ် တွင် ပေ ၈၀၀ အနက်ရှိသော လေးလက်မ အဝီစိတွင်းနှင့် ဂါလန် ၃၀၀၀၀ဆံ့ ရေလှောင်ကန်တစ်ကန်၊ တောင်သာမြို့နယ်တွင် ပေ ၈၀၀ အနက်ရှိသော ခြောက်လက်မ အဝီစိတွင်းနှင့် ဂါလန် ၃၀၀၀၀ ဆံ့ ရေလှောင်ကန်တစ်ကန်၊ ချမ်းမြသာစည်မြို့နယ်တွင် ပေ ၅၀၀ အနက်ရှိသော လေးလက်မ အဝီစိတွင်းနှင့် ဂါလန် ၄၈၀၀ ဆံ့ ရေလှောင်ကန်တစ်ကန်တို့ကို တည်ဆောက်ပေးနိုင်ခဲ့သည်။

မန္တလေးမြို့ရှိ ဝန်ထမ်းအင်အားစုစုပေါင်း ၅၆၁၆၂ ဦး အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ဝန်ထမ်းအိမ်ရာ အိမ်ခန်းပေါင်း ၁၈၄၆ ခန်း ဆောက်လုပ်ပေးနိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ဆဲ အိမ်ခန်းပေါင်း ၄၈၀ စုစုပေါင်းအိမ်ခန်း ၂၃၂၆ ခန်း၊ ဝန်ထမ်းအိမ်ရာများတွင် လျှပ်စစ်မီးရရှိရေး လုပ်ငန်းများအတွက် မြို့နယ်ပေါင်း ငါးမြို့နယ်၌ 315 KVA Transformer ငါးလုံး တည်ဆောက်ပေးနိုင်ခဲ့သည်။

"၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးမှာ ဆောက်လုပ်ဆဲ အိမ်ခန်းပေါင်း ၄၈၀ ခန်းရှိပြီး ဆောက်လုပ်ပြီး အိမ်ခန်းပေါင်း ၈၀၀ ကို ဝင်ငွေနည်းပြည်သူနဲ့ ဝန်ထမ်းတွေကို မဲနှိုက်ရောင်းချပေးခဲ့ပါတယ်"ဟု ပြောသည်။

**မဲနှိုက်ရောင်းချ**

ပြည်ထောင်စုမှ အိမ်ခန်း ၂၄၀ နှင့် တိုင်းဒေသကြီးမှ အိမ်ခန်း ၅၆၀ အား နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ဝင်ငွေနည်းပြည်သူများသို့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပွင့်လင်းမြင်သာစွာ မဲနှိုက်ရောင်းချပေးခဲ့သည်။

ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်း ၂၇ လမ်းနှင့် တိုင်းဒေသကြီးလမ်း ၄၁ လမ်းရှိပြီး လမ်းအမျိုးအစားများမှာ ကွန်ကရစ်လမ်း ၁၅၄ မိုင် ၆ ဒသမ ၅ ဖာလုံ၊ ကတ္တရာလမ်း ၁၄၂၉ မိုင် ခြောက်ဖာလုံ၊ ကျောက်လမ်း ရှစ်မိုင် ၃ ဒသမ ၅ ဖာလုံ၊ အမာခံလမ်း ၁၇ မိုင် နှစ်ဖာလုံ၊ မြေလမ်း ၁၃ မိုင် ခုနစ်ဖာလုံ၊ စုစုပေါင်း လမ်းမိုင်အရှည် ၁၆၂၄ မိုင် တစ်ဖာလုံ ဖြစ်သည်။



စဉ့်ကိုင်မြို့နယ် ကျေးရွာပေါင်း ၁၄ ရွာအား လျှပ်စစ်ဓာတ်အားရရှိရေးအတွက် တည်ဆောက်ပြီးစီးသွားသည့် ၆၆/၁၁ ကေဗွီ ၃ အမ်ဗွီအေ ခွဲရုံတစ်ရုံကို တွေ့ရစဉ်



အထွေထွေရောဂါကုဆေးရုံကြီး(မန္တလေး)တွင် ကျောက်ကပ်အစားထိုးကုသမှုပြုလုပ်နေစဉ်

**ဖိုက်ဘာ စက်ကြောင်းသစ်**

မန္တလေး၊ စဉ့်ကူး၊ မိုးကုတ်၊ ပြင်ဦးလွင်(48+96) Cores (UG+OH) ဖိုက်ဘာကေဘယ်ဆက်ကြောင်းမှ ပြင်ဦးလွင်-မိုးကုတ် ၁၁၆ ဒသမ ၈ ကီလိုမီတာအား ဆောင်ရွက်နိုင်ခဲ့သည်။ မန္တလေး-အင်းတော်-ကသာ(DWDM) ဖိုက်ဘာဆက်ကြောင်းသစ်တည်ဆောက်ရန်အတွက် စဉ့်ကူးမြို့နှင့် တကောင်းမြို့ တို့တွင် စက်မှုအဆောက်အအုံအသစ်ဆောက်လုပ်ခြင်းနှင့် မတ္တရာအိတ်ချိန်း စက်မှုအဆောက်အအုံအား Renovation ပြုလုပ်ခြင်း၊ မန္တလေးမြို့တွင် အသုံးပြုလျက်ရှိသော အော်တိုအိတ်ချိန်းများအား MSAN (Multi Service Access Node) ခေတ်မီအိတ်ချိန်းများဖြင့် ပြောင်းလဲဝန်ဆောင်မှုပေးနိုင်ခြင်း၊ GSM စခန်းသစ် ၈၆ ခန်း၊ စခန်း တိုးချဲ့ခြင်း ၅၅ စခန်း၊ အဆင့်မြှင့်တင်ခြင်း နှစ်စခန်း၊ 4G (LTE)စက်များ ၁၇၃ စခန်း တပ်ဆင်နိုင်ခဲ့ခြင်း၊ အော်တိုတယ်လီဖုန်းလိုင်းပေါင်း ၄၆၆ လိုင်း၊ မိုဘိုင်းတယ်လီဖုန်း ၆၀၀၆၀၀၊ မြန်နှုန်းမြင့် ADSL အင်တာနက် ၇၆၇ လိုင်း နှင့် ဖိုက်ဘာအင်တာနက် ၁၁၃ လိုင်း တပ်ဆင်နိုင်ခဲ့သည်။

**စက်ခေါင်းသစ်များ အသုံးပြုပြေးဆွဲ**

အမှတ်(၅၃)အဆန်၊ အမှတ်(၅၄)အစုန် (မန္တလေး - ကောလင်း - မန္တလေး ) RBE ရထားအား (၁-၇-၂၀၁၆ ) ရက်နေ့တွင် ခရီးစဉ်အသစ်အဖြစ် ပြေးဆွဲနိုင်ခဲ့သည်။ ခရီးတိုရထားကို LRBE ကားရထားများဖြင့် (မြို့ဟောင်း-ရွှေဘို) ပြေးဆွဲရာမှ (၂၇.၉.၂၀၁၆ ) ရက်နေ့မှစ၍ မန္တလေးမှ ရွှေဘိုသို့တိုးချဲ့ပြေးဆွဲနိုင်ခဲ့သည်။ မန္တလေး-လားရှိုးလမ်းပိုင်းတွင် (၁၃၁ အဆန်/၁၃၂ အစုန်) ရထား၌ လက်ရှိပြေးဆွဲနေသော စက်ခေါင်းများအစား ပိုမိုကောင်းမွန်သော စက်ခေါင်းသစ်နှစ်လုံးဖြင့် အစားထိုးပြေးဆွဲနိုင်ခဲ့သည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ မြစ်ငယ်ဒွေးလမ်း တံတားသစ်အား ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ မြစ်ငယ်စက်ရုံတွင် လူစီးတွဲနှင့် ကုန်တွဲသစ်ပြုပြင်သော စက်ရုံအသစ်တည်ဆောက်ခြင်း လုပ်ငန်းကို (၁.၆.၂၀၁၅) ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိ တည်ဆောက်ဆဲဖြစ်ကာ ခန့်မှန်းပြီးစီးမည့်ရက်မှာ (၃၀.၁၁.၂၀၁၇) ရက်နေ့ ဖြစ်သည်။

အချပ်ပို(ဇ)သို့



ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်မှုပုံရိပ်များ



ပြင်ဦးလွင်မြို့ ဂါလန် ၃၀၀၀၀၀ ဆံ့ ရေစစ်ကန်နှင့် ဂါလန် ၁၅၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်နေစဉ်



မြေပေါ်မြေအောက် မြို့ပြဖိုက်ဘာကွန်ရက်ဆက်ကြောင်းများ ဆောင်ရွက်စဉ်

အချပ်ပို(ဆ)မှ

**သစ်တောများ မျိုးစပ်ဆောင်ရွက်**

သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ဓမ္မတာမျိုးစပ်ဆောင်ရွက်ခြင်း ၅၀၅ ဧက၊ ပေါင်းသင်ရှင်းလင်းခြင်းဧက ၅၀၀၀၊ နွယ်ဖြတ်ညှောင်ပတ်လှဲခြင်း ၁၇၁၄ ဧက၊ သစ်တောလမ်းပြင်ဆင်ခြင်း ၁၆၅ မိုင်၊ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း ၄၆ မိုင်၊ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း ၃၆ မိုင်၊ စိုက်ခင်းမီးကာကွယ်ခြင်း ဧက ၂၀၅၀ တို့ကို ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုအနေဖြင့် ကျွန်း၊ ပိတောက်နှင့် အခြားအပင်စုစုပေါင်း အပင် ၄၇၅၇၃၀၀ ကျော်ကို စိုက်ပျိုးနိုင်ခဲ့သည်။ တရားမဝင်သစ်ဖမ်းဆီးမှုအကြိမ် ၉၀၀ တွင် စုစုပေါင်းသစ်တန် ၂၄၆၀ ကျော် ဖမ်းဆီးရမိခဲ့သည်။

**လေဘေး၊ ရေဘေးနှင့်ငလျင်ဘေးများ ခံစားခဲ့ရ**

၂၀၁၆ ခုနှစ် ဧပြီလမှမေလအတွင်း ဖြစ်ပွားခဲ့သောလေဘေးအန္တရာယ်ကြောင့် မြို့နယ် ၂၈ မြို့နယ်တွင် ဌာန ၁၃၂ ဌာန၊ စာသင်ကျောင်း ၃၈၆ ကျောင်း၊ လူနေအိမ် ၁၅၈၉၉ အိမ်၊ ဘုန်းကြီးကျောင်း ၄၁၅ ကျောင်း၊ ဘုရားစေတီ ၁၇၈ ဆူ ထိခိုက်ပျက်စီးခဲ့ပြီး လူပေါင်း ၂၀ ဦး၊ တိရစ္ဆာန် ၁၄၂၀ ကောင်သေဆုံးကာ လူ ၂၈ ဦး၊ တိရစ္ဆာန် ၁၂၀ ကောင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး စုစုပေါင်းတန်ဖိုး သန်း ၃၃၈၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရာ မန္တလေးတိုင်းဒေသကြီးအနေဖြင့် သန်း ၁၃၉၀ ကျော် ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် ဇူလိုင်လမှဩဂုတ်လထိ ဖြစ်ပွားခဲ့သောရေဘေးအန္တရာယ်ကြောင့် မြို့နယ် ၁၇ မြို့နယ်ရှိ ရပ်ကွက် ၁၉ ရပ်ကွက်၊ ကျေးရွာ ၃၇၀ တို့တွင် လူနေအိမ် ၇၂ လုံး၊ စာသင်ကျောင်းတစ်ကျောင်း၊ ဘုန်းကြီးကျောင်း ငါးကျောင်း၊ အခြားအဆောက်အအုံသုံးခုနှင့် လမ်း ၂၄ လမ်း၊ တံတား ၃၅ စင်း၊ လယ်ယာသီးနှံဧက ၁၅၄၁ ဧက၊ စုစုပေါင်းတန်ဖိုး ၇၆၈ သန်းကျော် ပျက်စီးဆုံးရှုံးခဲ့ရာ တိုင်းဒေသကြီးအနေဖြင့် ၈၇၇ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့သည်။

( ၂၄.၈.၂၀၁၆ ) ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် ဖြစ်ပွားခဲ့သည့် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဘုရားစေတီပေါင်း ၆၂၈ ဆူ၊ ဘုန်းကြီးကျောင်း ရှစ်ကျောင်း၊ ဓမ္မာရုံလေးခု၊ သိမ်တစ်ခု၊ စာသင်ကျောင်း ၂၀ ကျောင်း၊ လူနေအိမ် ၁၆ လုံး ပြိုကျပျက်စီးခဲ့မှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ချိတ်ဆက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ခဲ့သည်။

(၂၄.၈.၂၀၁၆) ရက်နေ့ ညနေ ၅ နာရီ ၅ မိနစ်တွင် ရစ်ချ်စတာစကေးအင်အား ၆ ဒသမ ၈ ရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် ပုဂံဒေသအတွင်း ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီ ၄၂၅ ဆူ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မှတ်တမ်းတင်ခြင်း (စာရင်း၊ ဒရုန်း၊ ဓာတ်ပုံ)များ၊ Detail Assessment ကောက်ယူခြင်း၊ အက်ကြောင်းယာယီပိတ်ခြင်း၊ နံရံဆေးရေးပန်းချီများ မှတ်တမ်းကောက်ယူခြင်း၊ ခါးပတ်ပတ်ခြင်းတို့ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က "မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအုပ်စု အနာကြီးရောဂါဆေးရုံမှ ပြန်လည်စွန့်လွှတ်တဲ့ မြေဧရိယာ ၂၀၈ ဒသမ ၃၅ ဧကကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူဦးစီးပြီး တောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပါတယ်"ဟု တိုင်းဒေသကြီးအတွင်း သိမ်းဆည်းမြေများ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့မှုနှင့်ပတ်သက်၍ ပြောသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရှေ့ဆက်လက်၍ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချထားသည်ဟု သိရှိရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မန္တလေးမြို့ရှိ ဝန်ထမ်းအင်အားစုစုပေါင်း ၅၆၁၆၂ ဦး အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ဝန်ထမ်းအိမ်ရာ အိမ်ခန်းပေါင်း ၁၈၄၆ ခန်း ဆောက်လုပ်ပေးနိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ဆဲ အိမ်ခန်းပေါင်း ၄၈၀ စုစုပေါင်း အိမ်ခန်း ၂၃၂၆ ခန်း၊ ဝန်ထမ်းအိမ်ရာများတွင် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများအတွက် မြို့နယ်ပေါင်း ငါးမြို့နယ်၌ 315 KVA Transformer ငါးလုံး တည်ဆောက်ပေးနိုင်ခဲ့**



မန္တလေးမြို့ရှိ တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပြီးစီးမှုမြင်ကွင်း